ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဒီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ချမ်းသာခြင်းအကြောင်းတရား

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနိုပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနိုပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၇၉ ခုနှစ် သီတင်းကျွတ်လဆန်း ၂ ရက်၊ သောကြာနေ့။ Friday, 22 September 2017 (၉၀၅၅)

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲကျင်းပမည်

စာမျက်နှာ » ၂

(၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြား

စာမျက်နှာ » ၈

မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ သတင်းရယူနိုင်ရန် တရုတ်နိုင်ငံမှ မီဒီယာအဖွဲ့ စစ်တွေမြို့သို့ ရောက်ရှိ

စာမျက်နှာ » ၅

အကြမ်းဖက်မှုကို ပြစ်တင်ရှုတ်ချရာမှာ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့နိုင်ငံများအားလုံးနဲ့အတူ တစ်သားတည်းရပ်တည်လျက်ရှိသကဲ့သို့ ရခိုင်ပြည်နယ်ရဲ့ ရှုပ်ထွေးတဲ့စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ဖို့ အကြမ်းဖက်လှုပ်ရှားမှုများက ဟန့်တားနှောင့်ယှက်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိ

၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၀ ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်ရှိ အထွေထွေညီလာခံခန်းမ၌ ကျင်းပသည့် (၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာဆွေးနွေးပွဲ ဒုတိယနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်၍ ပြောကြားခဲ့သည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

(၇၂)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အထွေထွေမူဝါဒရေးရာမိန့်ခွန်း ပြောကြားစဉ်။ (ဓာတ်ပုံ-ရိုက်တာ)

သဘာပတိကြီးခင်ဗျား၊

အဆွေတော်အား (၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးရဲ့ သဘာပတိအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် မိမိအနေနဲ့ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။ အဆွေတော်ရဲ့ ဦးဆောင်နိုင်မှုအောက်မှာ ယခုညီလာခံကြီးဟာ အကျိုးရလဒ်ကောင်းတွေ ဖော်ဆောင်ပေးနိုင်မယ်လို့ မိမိတို့အနေနဲ့ ယုံကြည်ပါတယ်။

> “နိုင်ငံတော်ရဲ့ အရေးပါတဲ့ အနေအထားကိုရောက်နေတဲ့ အချိန်မှာ နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနဲ့ ဒီမိုကရေစီရရှိရေး ကြိုးပမ်း ဆောင်ရွက်မှုတွေကို ဆက်လက် ထောက်ခံကြဖို့ ပန်ကြားလို…”

သဘာပတိကြီးနဲ့ ကိုယ်စားလှယ်တော်များ ခင်ဗျား၊

မိမိအနေနဲ့ ဘာသာရပ်ပိုင်းဆိုင်ရာကိစ္စတွေ မပြောကြားမီ မက္ကဆီကိုနိုင်ငံမှာ မနေ့က အင်အားပြင်းထန်တဲ့ ငလျင်လှုပ်ခတ်မှုကြောင့် ပြည်သူများ အသက်ဆုံးရှုံးမှုများနဲ့ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့တဲ့အတွက် မက္ကဆီကိုနိုင်ငံ ပြည်သူများနဲ့ အစိုးရအားများစွာဝမ်းနည်းရပါကြောင်း အခွင့်ကြုံခိုက် ပြောကြားလိုပါတယ်။

အလားတူ အမေရိကန်နိုင်ငံမှာလည်း ရက်သတ္တပတ် နှစ်ပတ်ကာလတိုအတွင်းမှာ ဟာရီကိန်းမုန်တိုင်းဒဏ်ကြောင့် ပြင်းထန်တဲ့ အကျိုးဆက်များ ခံစားခဲ့ရတဲ့အတွက်လည်း အမေရိကန်နိုင်ငံ ပြည်သူများနဲ့ အစိုးရအား များစွာဝမ်းနည်းရပါကြောင်းကိုလည်း ပြောကြားလိုပါတယ်။ ယခုအချိန်မှာ မာရီယာ ဟာရီကိန်းမုန်တိုင်းဒဏ်ကို ကြုံတွေ့ခံစားနေကြရတဲ့ ပွာတိုရီကို ပြည်သူများကိုလည်း များစွာဝမ်းနည်းရပါကြောင်း ပြောကြားလိုပါတယ်။

ယခုလိုအင်အားပြင်းထန်လှတဲ့ ဆိုက်ကလုန်းမုန်တိုင်းများ မကြာခဏ

စာမျက်နှာ ၈ ကော်လံ ၁ သို့

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

ကြေးမုံ

ပြည်သူများအသက်ရှည်ကျန်းမာရေး ဝိုင်းဝန်းဆောင်ကြဉ်းပေး

ယခုနှစ်အစောပိုင်းက ဈေးကွက်အတွင်းရောင်းချနေသည့် အချိုရည် ၁၁ မျိုးတွင် အဏုဇီဝသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိခြင်းနှင့် ခွင့်မပြုဆိုးဆေးများပါဝင်သည့်အတွက် စားသုံးရန်မသင့်ကြောင်း မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အသိပေးထုတ်ပြန်ခဲ့သည်။ ပြီးခဲ့သည့်လကလည်း နေပြည်တော် ရှစ်မြို့နယ်ရှိ ဈေးများသို့သွားရောက်စစ်ဆေးခဲ့ပြီး ပြည်တွင်းရှိလုပ်ငန်းငယ်များမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ ထုပ်ပိုးမှုမကောင်းခြင်း၊ အမှတ်တံဆိပ်ကပ်နှိပ်မှုမရှိခြင်းတို့ကို စစ်ဆေးခဲ့ပြီး ပိုးမွှားကင်းစင်မှု ရှိ၊ မရှိတို့ကိုပါ ဆောင်ရွက်နေကြောင်း သိရသည်။

ထို့အပြင် ယခုလတွင်လည်း မကွေးတိုင်းဒေသကြီး အောင်လံမြို့မဈေးကြီးအတွင်း ရွှေ့လျားဓာတ်ခွဲခန်းယာဉ်ငယ်ဖြင့် သွားရောက်စစ်ဆေးခဲ့ရာ ရောင်းချနေသည့်ငါးပိတွင် ဆိုးဆေးများပါဝင်နေပြီး ပဲပြားများတွင် ဖော်မလင်များပါဝင်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။ အလားတူ အခြားအရပ်ဒေသများ၊ မြို့ကြီးများရှိ ဈေးဆိုင်များအား စစ်ဆေးခဲ့ရာ အချို့အစားအသောက်များတွင် လူတို့၏ကျန်းမာရေးကို ထိခိုက်နိုင်သော ဓာတ်ပစ္စည်းများပါဝင်နေကြောင်း မကြာခဏကြားသိနေရပါသည်။

ပြည်သူများအနေဖြင့် အစားအသောက်များကို ဝယ်ယူစားသုံးကြရာတွင် အလွယ်တကူဝယ်ယူနိုင်မှုနှင့် ဈေးသက်သာမှုအပေါ်တွင်သာ ကြည့်ပြီး စားသုံးကြရာ ဖော်ပြပါလူတို့၏ကျန်းမာရေးကို ထိခိုက်နိုင်သော အစားအစာများဟုတ်၊ မဟုတ် ဆန်းစစ်နိုင်ခြင်းမရှိကြချေ။ ကျန်းမာရေးနှင့် ညီညွတ်ခြင်းမရှိသည့် အစားအစာများကို ကြာရှည်စားသုံးလာသောအခါ လူတို့တွင် ရောဂါအမျိုးမျိုးစွဲကပ်လာပြီး ဆေးဝါးကုသခြင်းနှင့် အသက်သေဆုံးခြင်းအထိ ဖြစ်လာကြရပါသည်။

ရောင်းဝယ်ဖောက်ကားသူများအနေဖြင့် ရောင်းချသော အစားအသောက်များအပေါ်တွင် လူအများ ကျန်းမာရေးမထိခိုက်အောင် အလေးထားစိစစ်ရောင်းချသူများရှိသလို မိမိတို့၏ကိုယ်ကျိုးစီးပွားတစ်ခုတည်းကိုကြည့်ကာ အများအကျိုးကိုမကြည့်ဘဲ ရောင်းချခြင်းများရှိနေသည်ကို ယခုစစ်ဆေးတွေ့ရှိမှုများက သက်သေပြနေပေသည်။ ထိုအခါ လူအများ ကျန်းမာရေးနှင့် ညီညွတ်သောအစားအသောက်များကို စိတ်ချယုံကြည်စွာဖြင့် ဝယ်ယူစားသောက်နိုင်ရန်အတွက် ဆောင်ရွက်ပေးရမည့်သူများမှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးလုပ်ငန်း ဖြစ်လာပေသည်။

လက်တွေ့တွင် ယခင်နှင့်မတူ အလေးထားဆောင်ရွက်ပေးနေသည်ကိုတွေ့ရပြီး မြို့ကြီးများတွင်သာမက အခြားမြို့များတွင်လည်း လိုက်လံစစ်ဆေးကြပ်မတ်ပေးနေသည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက်မိပါသည်။ အမှန်တကယ်တွင် အဆိုပါလုပ်ငန်းကို လက်ရှိဌာနအင်အားနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရန်မှာ လွယ်ကူသော အလုပ်မဟုတ်သဖြင့် ရံဖန်ရံခါ အလျဉ်းသင့်သလို ဆောင်ရွက်ပေးနိုင်ပေလိမ့်မည်။ သို့သော် ထိုအရေးမှာ တစ်မျိုးသားလုံးအရေးဖြစ်သဖြင့် အစားအသောက်နှင့် ဆေးဝါးစစ်ဆေးရေးအလုပ်ကို ပိုမိုထိရောက်ကောင်းမွန်အောင် တိုးချဲ့ဆောင်ရွက်ကြရပေတော့မည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနသည် အမျိုးသားဆေးဝါးဥပဒေနှင့် အမျိုးသားအစားအသောက် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံအတွင်း ထုတ်လုပ်တင်သွင်းရောင်းချလျက်ရှိသော အစားအသောက်နှင့်ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းမှု၊ အရည်အသွေးပြည့်မီမှု၊ စစ်မှန်မှုနှင့်ပတ်သက်သည့် လုပ်ငန်းများကို ဆောင်ရွက်ကြရသည်ဖြစ်ရာ အခြားအရေးကြီးသောလုပ်ငန်းများနည်းတူ အဆိုပါလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရေးအတွက် ဦးစားပေးဖော်ဆောင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများအသက်ရှည်ကျန်းမာစွာဖြင့် လူ့ဘောင်လောကတွင် ရှင်သန်ရပ်တည်နိုင်ရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများရောင်းချခြင်းရှိ၊ မရှိ ဒေသအလိုက် ပုံမှန်စစ်ဆေးဆောင်ရွက်ပေးနိုင်ရေးကို တိုးချဲ့ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပမည်

နေပြည်တော် စက်တင်ဘာ၂၁

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ ရက်၊ ၁၄ ရက်နှင့် ပြာသိုလဆန်း ၁ ရက် (၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၆၊ ၁၇၊ ၁၈ ရက်)တို့တွင် ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက် ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)နှင့် အဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာမေးပွဲများကို အစိုးရပထမငယ်တန်း(သို့မဟုတ်) ၎င်းနှင့် အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိပါသည်။ အဘိဓမ္မာ (ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ (ဂုဏ်ထူးဆောင်)စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာပေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်လုံးဖြစ်စေ နှစ်ချင်းပေါက်ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက်ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဝင်ခွင့် တောင်းခံလွှာများကို သက်ဆိုင်ရာ စာဖြေဌာနများတည်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ ပေးပို့ထားပြီးဖြစ်၍ ယင်းရုံးများတွင် ဖြေဆိုလိုသည့် ပုံစံများကို တောင်းယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းအုပ်စုများအလိုက် အကြံပြုဆွေးနွေးပွဲ ကျင်းပ

သာစည် စက်တင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ အခြေခံပညာမူလတန်းကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးတွင် ပိုမိုထိရောက်စွာ သင်ကြားပို့ချနိုင်ရေးအတွက် ကျောင်းအုပ်စုများအလိုက် အကြံပြု ဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက မြို့ပေါ်အုပ်စု ဆွေးနွေးပွဲကို အမှတ်(၅)ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း အောင်သုခခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျောင်းအုပ်စုမှူး အမှတ်(၂) ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ကြီး ဦးခင်မောင်ဝင်းက အုပ်စုတွင်းအားကစားဖွံ့ဖြိုးတိုးတက်ရေး၊ အောင်ချက်မြင့်မားရေးနှင့် သင်ကြားရေးတို့ကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် ပြောကြားသည်။ ဆရာမ ဒေါ်သီတာအေးက မြို့မကျောင်းမှ စတုတ္ထတန်းကျောင်းသားကျောင်းသူများအား လက်တွေ့ သင်ကြားပြသပြီး သင်ကြားပေးမှုနှင့်ပတ်သက်၍ တက်ရောက်လာသော မြို့ပေါ်အုပ်စု ကျောင်းရှစ်ကျောင်းမှ ဆရာဆရာမများက အကြံပြုဆွေးနွေးကြသည်။

သာစည်မြို့နယ်တွင် ကျောင်းအုပ်စုပေါင်း ၂၇ အုပ်စုရှိပြီး သင်ကြားကြီးကြပ်ဆရာများ၏ ကြီးကြပ်မှုဖြင့် လစဉ်ဆွေးနွေးပွဲများကို အုပ်စုတွင်းကျောင်းများ၌ အလှည့်ကျလက်ခံကျင်းပလျက်ရှိကြောင်း သိရသည်။

ထွန်းထွန်း(သာစည်)

■

မြစ်ရေကြီးမှု အခြေအနေ

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ မြစ်သာမြစ်ရေသည် ပြင်သာ(ကလေးမြို့)တွင် ခုနစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း သုံးပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့ပြင် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် အဆိုပါ မြစ်ကမ်းများအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**

မြန်မာနိုင်ငံအမျိုးသားအဆင့် သွားနှင့် ခံတွင်းဆိုင်ရာ စစ်တမ်းအပေါ် သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၁

မြန်မာနိုင်ငံ အမျိုးသားအဆင့် သွားနှင့်ခံတွင်းဆိုင်ရာ စစ်တမ်းကောက်ယူ၍ ရရှိလာသော အချက်အလက်များအပေါ် ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုစစ်တမ်းကောက်ယူရာမှ ရရှိလာသော အချက်အလက်များသည် မြန်မာနိုင်ငံတွင် သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာရေးအတွက် ကောင်းမွန်တောင့်တင်းခိုင်မာသော အုတ်မြစ်တစ်ခုဖြစ်ကြောင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးတက်စေရန် ဆောင်ရွက်ရာတွင် ယခုကဲ့သို့ သုတေသနများစွာပြုလုပ်ရန် လိုအပ်ကြောင်းနှင့် ယခုစစ်တမ်းမှရရှိလာသော အချက်အလက်များကို လက်တွေ့မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ထည့်သွင်းအသုံးပြုရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသားအဆင့် သွားနှင့်ခံတွင်းဆိုင်ရာ စစ်တမ်းကောက်ယူ၍ ရရှိလာသော အချက်အလက်များအပေါ် သုံးသပ်၍ စစ်တမ်းရလဒ်များထွက်ပေါ်လာစေရန် ပညာရှင်များက ဆွေးနွေးခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပခဲ့သည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်(ရွှေဈေး) ၉၄၂၀၀၀ - ၉၄၄၀၀၀ မန္တလေး(ရွှေဈေး) ၉၄၂၀၀၀ - ၉၄၃၅၀၀

စက်သုံးဆီဈေးနှုန်း

စက်သုံးဆီဈေးနှုန်း		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၆၉၀/၇၂၀ ကျပ်၊	၇၃၀ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၇၄၅/၇၇၀ ကျပ်၊	၈၆၀ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၇၀၀/၇၃၀ ကျပ်၊	၇၆၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၇၁၀/၇၄၀ ကျပ်၊	၇၅၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၆၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၅/၆၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၅/၆၈၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၁၃၅၉. ၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၆၁၄. ၄
(ဂ)	တရုတ်	တစ်ယွမ်	=	၂၀၆. ၇၀
(ဃ)	ထိုင်း	တစ်ဘတ်	=	၄၁. ၀၂၀
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၂၃. ၈၀
(စ)	အိန္ဒိယ	တစ်ရူပီး	=	၂၁. ၁၃၈
(ဆ)	ဂျပန်	တစ်ရာယန်း	=	၁၂၀၇. ၄
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၂၀. ၀၄
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၀၈၈. ၉
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၀၆. ၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ
themirror.npt@gmail.com
www.facebook.com/themirrordaily

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၁

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် အာဆီယံပါလီမန်များညီလာခံ (ASEAN Inter-Parliamentary Assembly-AIPA) ဥက္ကဋ္ဌ H.E. PANTALEON D. ALVAREZ ၏ ဖိတ်ကြားချက်အရ (၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ (38th AIPA General Assembly) သို့ တက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ NINOY AQUINO အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စက်တင်ဘာ ၁၄ ရက် ညပိုင်းတွင် ရောက်ရှိရာ ဖိလစ်ပိုင်အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Hon. RANEO E. ABU၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

(၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံကို "AIPA and ASEAN: Partnering for Inclusive Change" ခေါင်းစဉ်ဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ပြီး ညီလာခံသို့ AIPA အဖွဲ့ဝင်ပါလီမန်များနှင့် ကိုယ်စားလှယ်အဖွဲ့များဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပါလီမန်ခေါင်းဆောင်များ၊ လေ့လာသူအဖွဲ့ဝင်များဖြစ်ကြသည့် ဩစတြေးလျ၊ ဘီလာရုစ်၊ ကနေဒါ၊ တရုတ်၊ ဥရောပပါလီမန်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့သည်။

ညီလာခံ ပထမဆုံးရက်ဖြစ်သည့် စက်တင်ဘာ ၁၅ ရက်တွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် AIPA အမှုဆောင်ကော်မတီအစည်းအဝေး (AIPA Executive Committee Meeting) နှင့် အာဆီယံအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး (WAIPA) သို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ညီလာခံဒုတိယရက်ဖြစ်သည့် စက်တင်ဘာ ၁၆ ရက်တွင် AIPA ဥက္ကဋ္ဌနှင့် ဖိလစ်ပိုင်အောက်လွှတ်တော်ဥက္ကဋ္ဌအား တွေ့ဆုံခြင်း၊ အထွေထွေညီလာခံဖွင့်ပွဲအခမ်းအနားနှင့် ပထမစုံညီအစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက မိန့်ခွန်းပြောကြားခြင်းများ ဆောင်ရွက်ခဲ့သည်။

ညီလာခံ တတိယရက်ဖြစ်သည့် စက်တင်ဘာ ၁၇ ရက်တွင် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကော်မတီအစည်းအဝေးသုံးခုနှင့် လေ့လာသူနိုင်ငံများနှင့် ဆွေးနွေးပွဲများသို့ အသီးသီးတက်ရောက်ဆွေးနွေးခဲ့ကြသည်။

ညီလာခံစတုတ္ထရက်ဖြစ်သည့် စက်တင်ဘာ ၁၈ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Tagaytay City မြို့သို့ လေ့လာရေးခရီးသွားရောက်ခြင်းနှင့် ညနေပိုင်းတွင် ပူးတွဲထုတ်ပြန်ချက် ကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ညီလာခံ ပဉ္စမရက်ဖြစ်သည့် စက်တင်ဘာ ၁၉ ရက်တွင် ဒုတိယစုံညီအစည်းအဝေးသို့ တက်ရောက်၍ ကော်မတီအလိုက် အစီရင်ခံစာများ အတည်ပြုဖတ်ကြားခြင်း၊ ညနေပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံသမ္မတ H.E. Rodrigo R. Duterte က (ASEAN Inter-Parliamentary Assembly- AIPA) ဥက္ကဋ္ဌနှင့် AIPA အဖွဲ့ဝင်လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များအား လက်ခံတွေ့ဆုံသည့် အခမ်းအနားသို့ တက်ရောက်ခြင်းနှင့် (၃၈) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ညီလာခံသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့များအား စက်တင်ဘာ ၁၆ ရက်တွင် အိမ်ရှင်ဖိလစ်ပိုင်အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Auilino Pementel III နှင့် စက်တင်ဘာ ၁၉ ရက်တွင် အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. PANTALEON D. ALVAREZ တို့က ဂုဏ်ပြုညစာစားပွဲများဖြင့် အသီးသီးတည်ခင်းဧည့်ခံကြသည်။

(၃၈) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံက အာဆီယံဒေသ၏ စီးပွားရေး၊ လူမှုရေးနှင့် အမျိုးသမီးရေးရာကဏ္ဍများအတွက် ဆုံးဖြတ်ချက် (Resolution) ၂၁ ခုကို အတည်ပြုနိုင်ခဲ့သည်။ (၃၉) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို စင်ကာပူသမ္မတနိုင်ငံ၌ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ကျင်းပသွားမည်ဖြစ်သည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှ ရန်ကုန်မြို့သို့ ယမန်နေ့ညနေပိုင်းက ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Parliamentary Vice-Minister H.E. Mr. Iwao HORLL နှင့် Christian Aid Myanmar အဖွဲ့တို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Parliamentary Vice-Minister H.E. Mr. Iwao HORLL နှင့် Christian Aid Myanmar အဖွဲ့တို့က အဆိုပါဝန်ကြီးရုံး မေခလာခန်းမတွင် ယနေ့ မွန်းလွဲပိုင်းက သီးခြားစီ လာရောက်တွေ့ဆုံသည်။



တွေ့ဆုံရာတွင် H.E. Mr. Iwao HORLL က ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား ဘက်ပေါင်းစုံမှ ကူညီရန် မူဝါဒမှာ မပြောင်းမလဲရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စကို အခက်အခဲများစွာကြားမှ ဖြေရှင်းဆောင်ရွက်နေသည်ကို သိရှိပါကြောင်း၊ ရခိုင်ပြည်နယ်တွင် လုံခြုံရေးစခန်းများ တိုက်ခိုက်ခံရမှုအပေါ် ဂျပန်နိုင်ငံကပြင်းထန်စွာ ရှုတ်ချပါကြောင်း၊ ယခုအခါ ဒုက္ခသည် ၄၀၀၀၀၀ ခန့် ထွက်ပြေးနေရသည်ဟူသော သတင်းများအပေါ် စိုးရိမ်မကင်းဖြစ်မိပါကြောင်းနှင့် ယင်းကိစ္စရပ်များအပေါ် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုပါကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ဒီမိုကရေစီအစိုးရသစ်သက်တမ်း ၁၈ လသာရှိသေးပြီး ဒီမိုကရေစီပြန့်ပွားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်နေကြောင်း၊ အမျိုးသားရင်ကြားစေ့ရေးကို တစိုက်မတ်မတ် ဆောင်ရွက်နေပါကြောင်း ပြောကြားသည်။ အစိုးရသစ်အနေဖြင့် ဖွံ့ဖြိုးမှုနောက်ကျသည့် ပြည်နယ်များကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ(၄)ရပ်ဖွဲ့စည်း၍ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မတီဖွဲ့စည်းမှု၊ ယင်းကော်မတီဖွဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ရဲစခန်းများ တိုက်ခိုက်ခံရမှု၊ ယင်းအတွက် နယ်မြေရှင်းလင်းရေးဆောင်ရွက်ရာတွင် စွပ်စွဲမှုများရှိလာ၍ ဒုတိယသမ္မတ ဦးဆောင်သော မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်မှု၊ အဆိုပါကော်မရှင်(၂)ရပ်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရန် မိမိအား ဥက္ကဋ္ဌ တာဝန်ပေးအပ်၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဖွဲ့စည်းမှု၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ တင်သွင်းပြီးနောက် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ရဲကင်းစခန်း ၃၀ အား အကြမ်းဖက်တိုက်ခိုက်ခံရမှု၊ အကြမ်းဖက်သမားများက လူနည်းစုတိုင်းရင်းသားများဖြစ်သည့် မြိုနှင့် ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် ၎င်းတို့၏ ဩဇာမခံသော မူဆလင်ခေါင်းဆောင်များအား သတ်ဖြတ်မှုအခြေအနေများ၊ ဝန်ကြီးဌာန၏ မူရင်းတာဝန်ဖြစ်သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအပြင် အထူးတာဝန်အဖြစ် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးတာဝန်ပေးအပ်မှု၊ လူသားချင်းစာနာမှုလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement) အသွင်ဖြင့် ချက်ချင်းအရေးယူဆောင်ရွက်ထားမှု၊ ပြန်လည်ထူထောင်ရေးအတွက် မြေပြင်လေ့လာဆန်းစစ်မှုများ ပြုလုပ်နေပြီး မကြာခင် အကောင်အထည်ဖော်မည့် အခြေအနေများ၊ မြေပြင်လူဦးရေစာရင်းဇယားအရ ၄၄ ရာခိုင်နှုန်း ထွက်ပြေးပြီး ၅၆ ရာခိုင်နှုန်း ကျန်ရှိပါကြောင်း၊ စုစုပေါင်းလူဦးရေ ခုနစ်သိန်းအနက်မှ ၄၄ ရာခိုင်နှုန်း ထွက်ပြေးခြင်းဖြစ်ရာ ၄၀၀၀၀၀ ကျော် မရှိနိုင်ပါကြောင်း၊ ပြန်လည်လက်ခံရေးကို နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ၁၉၉၃ ခုနှစ် ဘင်္ဂလားဒေ့ရှ်-မြန်မာ သဘောတူညီချက်ပါ မူများအရ ပြန်လည်လက်ခံမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များတွင် ချက်ချင်းဆောင်ရွက်ရန်လိုအပ်ပြီး ချက်ချင်းအကျိုးရှိမည့် လုပ်ငန်းများပါသလို ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများလည်း ရှိပါကြောင်း၊ အစီရင်ခံစာပါအခြေအနေနှင့် ယခုလက်ရှိအခြေအနေ မတူကွဲပြားသွားခြင်းမျိုးလည်း ရှိပါကြောင်း၊ လက်ရှိအခြေအနေကို ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီတွင်ပါဝင်သည့်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များက မြေပြင်ကွင်းဆင်းလေ့လာပြီး ဖြစ်ကြောင်း၊ ၎င်းတို့သုံးသပ်ချက်များကို အခြေခံ၍ပြည်သူကို လက်ငင်းအကျိုးပြုနိုင်မည့် အကြံပြုချက်များကို ဦးစားပေးအကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ဂျပန်နိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီးကလည်း နယူးယောက်ကုလသမဂ္ဂအစည်းအဝေးတွင် ရခိုင်ပြည်နယ်ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတကာ၏အမြင်မှာ အင်မတန်ပြင်းထန်သည်ဟု သိရပါကြောင်း၊ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံအဖြစ် မိတ်ဆွေအခက်အခဲဖြစ်ချိန်တွင် မြန်မာနိုင်ငံနှင့်အတူ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အရေးပေါ်အကူအညီအတွက် အမေရိကန်ဒေါ်လာတစ်သန်း ကူညီရန်ရှိပါကြောင်း၊ တစ်ဖက်နိုင်ငံသို့ ရောက်သွားသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းတွင်လည်း ကူညီရန်ရှိပါကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းစဉ်တွင်လည်း ကူညီမည်ဖြစ်ပါကြောင်း၊ ဦးစားပေးလုပ်ငန်းစဉ်များနှင့် လိုအပ်သည့် အကူအညီများကို သိရှိလိုပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းတွင် လုံခြုံရေးကအရေးကြီးသဖြင့် နယ်စပ်ခြံစည်းရိုးကာရံရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းအား လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်၊ လျှပ်စစ်မီးအသုံးပြုနိုင်စေရန်၊ လမ်းနှင့် လျှပ်စစ်ကောင်းပါက လူမှုစီးပွားဘဝဖွံ့ဖြိုးစေရန်အတွက် အထည်ချုပ်စက်ရုံထူထောင်ရေးနှင့် မူရင်းရှိပြီးသား စက်မှုဇုန်စီမံကိန်းများ အကောင်အထည်ဖော်ရန် ဖြစ်ပါကြောင်း၊ ယခုလို ခက်ခဲသည့်အခြေအနေတွင် နိုင်ငံတကာမှ မှန်ကန်စွာရပ်တည်မှုသည် အရေးကြီးပါကြောင်း၊ ရခိုင်ပြည်နယ်သည် ဘေးအန္တရာယ်ကျရောက်လွယ်သောဒေသဖြစ်၍ ဘေးဒဏ်ခုခံနိုင်ရေးလိုအပ်ပြီး ပြန်လည်ထူထောင်ရေးတွင် နည်းပညာ၊ ငွေကြေးများ လိုအပ်ပါကြောင်းနှင့် ယခုလို အကျပ်အတည်းဖြစ်ချိန်တွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးပါသော ဂျပန်နိုင်ငံအစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ Christian Aid Myanmar အဖွဲ့ကို လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများနှင့် ပတ်သက်၍ ခေတ္တနေရပ်စွန့်ခွာလာသော ဒေသခံတိုင်းရင်းသားများအား စိတ်၊ လူမှုရေးဆိုင်ရာပံ့ပိုးမှုပေးနိုင်ရန် အဖွဲ့သုံးဖွဲ့ခွဲ၍ လူမှုရေးဆိုင်ရာအခြေခံစစ်တမ်းကောက်ယူနိုင်ရေးအတွက် သတင်းအချက်အလက်များကောက်ယူစုစည်းလျက်ရှိပြီး လိုအပ်သော စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှုများအား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတကာနှင့် စေတနာရှင်များက ပေးပို့လှူဒါန်းလာသည့် အလှူငွေနှင့် အလှူပစ္စည်းများကို လိုအပ်သော ကူညီထောက်ပံ့မှုများတွင် စနစ်တကျ ထိရောက်စွာ အသုံးပြုလျက်ရှိပါကြောင်းနှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားခေါင်းဆောင်များ ပြုံယမ်းအရေးဆွေးနွေးမည်

ကျိုတို စက်တင်ဘာ ၂၁

အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားခေါင်းဆောင်များက မြောက်ကိုရီးယား၏ နျူကလီးယားအရေးနှင့်ပတ်သက်ပြီး သုံးနိုင်ငံပူးပေါင်းကာ တုံ့ပြန်မှုများပြုလုပ်ရန် ဆွေးနွေးကြမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၊ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တောင်ကိုရီးယား သမ္မတ မွန်းဂျေအန်တို့သည် စက်တင်ဘာ ၂၂ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်တွေ့ဆုံကာ အထက်ပါကိစ္စရပ်နှင့် ပတ်သက်ပြီး ဆွေးနွေးကြမည်ဖြစ်သည်။

ယခုတွေ့ဆုံမည့် သုံးပွင့်ဆိုင်အစည်းအဝေးသည် ဇူလိုင်လက ဂျာမနီနိုင်ငံတွင်ကျင်းပခဲ့သည့် ဂျီ-၂၀ အစည်းအဝေးပြင်ပ သီးခြားဆွေးနွေးပွဲများပြီးနောက် ပထမဆုံးအကြိမ် တွေ့ဆုံသည့် ထိပ်သီးအစည်းအဝေးဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ နောက်ဆုံးအကြိမ် နျူကလီးယားဒုံးကျည် ပစ်လွှတ်စမ်းသပ်မှုအပါအဝင် ဂျပန်နိုင်ငံအား အသိပေးခြင်းမရှိဘဲ ဂျပန်နိုင်ငံမြောက်ပိုင်းကောင်းကင်ယံမှ တိုက်ချင်းပစ်ဒုံးကျည်နှစ်စင်း ပစ်လွှတ်စမ်းသပ်ခဲ့ပြီးနောက် အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် ယခင်ကထက်ပိုမို စည်းလုံးမှုရှိစေရန် လိုအပ်သည်ဟု ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက မျှော်လင့်ထားသည်။

ပြုံယမ်း၏ ရန်လိုသည့်အပြုအမူများကို မည်သို့ပြန်လည်တုံ့ပြန်မလဲဆိုသည့် နည်းလမ်းကောင်းများကို ဆွေးနွေးဖလှယ်ရန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက သမ္မတထရန့်နှင့် သီးခြားတွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်-ဂျပန်ထိပ်သီးဆွေးနွေးပွဲသည် ယခုနှစ်အတွင်း လေးကြိမ်မြောက်ဖြစ်ပြီး ပထမဆုံးအကြိမ်သည် ဇူလိုင်လတွင် ကျင်းပခဲ့သည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးဖြစ်သည်။

နိုဝင်ဘာလတွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် နိုင်ငံတကာအစည်းအဝေးပွဲသို့ အမေရိကန်သမ္မတထရန့်၏ သမီးဖြစ်သူ သမ္မတအကြံပေး အီဗန်ကာထရန့် တက်ရောက်ရန် ဂျပန်နှင့် အမေရိကန်တာဝန်ရှိသူများက စီမံခန့်ခွဲမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ။

အီရန်နှင့် ရရှိခဲ့သော နျူကလီးယား သဘောတူညီချက်ကို ပြန်လည်သုံးသပ်ရန် ဆုံးဖြတ်လိုက်သည်ဟု သမ္မတထရန့်ပြော

နယူးယောက် စက်တင်ဘာ ၂၁

အီရန်နိုင်ငံနှင့် ၂၀၁၅ ခုနှစ်တွင် ရရှိခဲ့သော နိုင်ငံတကာနျူကလီးယား သဘောတူညီချက်အတိုင်း အမေရိကန်အနေဖြင့် မည်ကဲ့သို့ ဆက်လက်လုပ်ဆောင်သင့်သည်ကို သုံးသပ်လေ့လာသွားရန် မိမိဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရန့်က စက်တင်ဘာ ၂၀ ရက်တွင် ပြောကြားလိုက်သည်။

သမ္မတထရန့်သည် ယခင် အိုဘားမားအစိုးရအဖွဲ့လက်ထက်က ရရှိခဲ့သော အီရန် နျူကလီးယား သဘောတူညီချက်ကို နှစ်သက်လိုလားခြင်းမရှိဘဲ ပြက်ရယ်ပြုခဲ့သူဖြစ်သည်။

၂၀၁၅ ခုနှစ် သဘောတူညီချက်အတိုင်း အီရန်နိုင်ငံက လိုက်နာဆောင်ရွက်ခြင်းမရှိဟု မိမိက ထုတ်ပြန်ကြေညာရန် သင့်၊ မသင့် သုံးသပ်သွားမည်ဟု မိမိဆုံးဖြတ်ခဲ့ကြောင်း သမ္မတ ထရန့်က ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် တွေ့ဆုံဆွေးနွေးခြင်းမရှိမီ သတင်းထောက်များအား ပြောကြားသည်။ နယူးယောက်မြို့၌ ကုလသမဂ္ဂ အထွေထွေညီလာခံကျင်းပနေချိန်ကာလအတွင်း သမ္မတထရန့်က အဘတ်စ်နှင့် သီးခြားတွေ့ဆုံဆွေးနွေးခဲ့သည်။

သမ္မတ ထရန့်သည် ၎င်း၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ သတင်းထောက်များအား အသေးစိတ် ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

အီရန်နှင့် ကမ္ဘာ့နိုင်ငံကြီးများရရှိခဲ့သော ၂၀၁၅ ခုနှစ် သဘောတူညီချက်တွင် အမေရိကန် ဆက်လက်ပါဝင်မည် ဟုတ်၊ မဟုတ် အတိအကျပြောရန် သမ္မတထရန့်က ငြင်းဆိုခဲ့သည်။

အဆိုပါ သဘောတူညီချက်ပါ စည်းမျဉ်းများအတိုင်း အီရန်က တစိုက်မတ်မတ် လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ အမေရိကန်အစိုးရက ကွန်ဂရက်လွှတ်တော် ရှေ့မှောက်တွင် သက်သေခံထွက်ဆိုရန် သမ္မတ ထရန့်အနေဖြင့် အောက်တိုဘာ ၁၅ ရက်အထိ အချိန်ရရှိမည်ဖြစ်သည်။

အဆိုပါသဘောတူညီချက်တွင် ပါဝင်သည့်နိုင်ငံများမှာ အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်၊ တရုတ်၊ ဂျာမနီနှင့် ရုရှားတို့ဖြစ်ကြသည်။ အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ အဆုံးသတ်ပေးခြင်းအတွက် အပြန်အလှန်အားဖြင့် ယင်းနိုင်ငံက နျူကလီးယား ဗုံးထုတ်လုပ်မှုမရှိစေရန် ယင်း၏ နျူကလီးယားအစီအစဉ်တွင် ကန့်သတ်ချက်များ ချမှတ်ခြင်းကို လက်ခံခဲ့သည်။

ထိုစဉ်အတွင်း သမ္မတ ဟာဆန်ရူဟာနီက အီရန်နိုင်ငံအား ဆန့်ကျင်သည့် သမ္မတထရန့်၏ ကုလသမဂ္ဂအထွေထွေညီလာခံ မိန့်ခွန်းကို ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချခဲ့သည်။

၂၀၁၅ ခုနှစ် နျူကလီးယား သဘောတူညီချက်နှင့်ပတ်သက်၍ အမေရိကန်နိုင်ငံက အချိန်ဖြုန်းနေသည်ဟု အီရန်နိုင်ငံခေါင်းဆောင်က ပြောကြားသည်။

သမ္မတ ထရန့်အစိုးရသည် ၂၀၁၅ ခုနှစ် နျူကလီးယား သဘောတူညီချက်အပေါ် ပြန်လည်သုံးသပ်ကာ ယင်းသဘောတူညီချက်မှ နုတ်ထွက်မည်ဆိုပါက အီရန်နိုင်ငံအနေဖြင့် အခြားရွေးချယ်စရာ နည်းလမ်းများစွာရှိကြောင်း သမ္မတ ရူဟာနီက ပြောကြားသည်။

အီရန်သည် နျူကလီးယားလက်နက် ပြုလုပ်နိုင်ရေးအတွက် လုပ်ကိုင်မည်မဟုတ်ကြောင်း၊ ယူရေနီယံ သတ္တုသန့်စင်ခြင်းမှာ အရပ်ဘက်တွင် အသုံးပြုရန်အတွက်သာဖြစ်ကြောင်း အီရန်က ပြောကြားထားသော်လည်း အစ္စရေးဦးဆောင်သော နိုင်ငံများက နျူကလီးယားလက်နက်များ ပြုလုပ်ရန် အီရန်ရည်ရွယ်ချက်ရှိကြောင်း စွပ်စွဲခဲ့ကြသည်။

ရိုက်တာ၊ ဆင်ဟွာ။

❑

ဘင်္ဂလားဒေ့ရှ်ရှိ အထည်ချုပ်စက်ရုံ၌ မီးလောင်မှုဖြစ်ပွား၊ ခြောက်ဦးသေဆုံး

ဒါကာ စက်တင်ဘာ ၂၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အလယ်ပိုင်း ခရိုင်တစ်ခု၌ အထပ်ပေါင်းများစွာရှိ အထည်ချုပ်စက်ရုံတစ်ရုံတွင် မီးလောင်မှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

မြို့တော် ဒါကာ အရှေ့တောင်ဘက် ၂၇ ကီလိုမီတာအကွာ မန်ရှီဂန်းမြို့တွင် စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီ ၅၇ မိနစ်က အိုင်ဒီယယ်အမည်ရှိ လေးထပ်တိုက် အထည်ချုပ်စက်ရုံတွင် မီးစတင်လောင်ကျွမ်းခဲ့ပြီး မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းကို မသိရသေးပေ။

အထည်ချုပ်စက်ရုံ ပထမထပ်ရှိ ဓာတုပစ္စည်းသိုလှောင်ရုံမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး အခြားနေရာများသို့ ကူးစက်ပျံ့နှံ့သွားခဲ့သည်။ မီးသတ်ယာဉ်စုစုပေါင်း ငါးစီးက ငြှိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီတွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် အလုပ်သမားများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ **ဆင်ဟွာ။**

မြို့တော်ပေကျင်းနှင့် ရှန်ဟိုင်းမြို့အကြား ကျည်ဆန်ရထား အမြန်နှုန်းပြန်လည်မြှင့်တင်

ပေကျင်း စက်တင်ဘာ ၂၁

တရုတ်နိုင်ငံ၏ မြို့တော်ပေကျင်းနှင့် ရှန်ဟိုင်းမြို့အကြား ကျည်ဆန်ရထားများ၏ ခုတ်မောင်းမှုအမြန်နှုန်းကို တစ်နာရီလျှင် ကီလိုမီတာ ၃၀၀ နှုန်းအထိ လျှော့ချခဲ့ပြီးနောက် ခြောက်နှစ်အကြာ စက်တင်ဘာ ၂၁ ရက်တွင် တစ်နာရီလျှင် ကီလိုမီတာ ၃၅၀ အထိ ပြန်လည်တိုးမြှင့်လိုက်ကြောင်း ယနေ့ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

တစ်နာရီလျှင် ကီလိုမီတာ ၃၅၀ နှုန်း အမြန်နှုန်းသစ်ဖြင့် မောင်းနှင်မည့် ဖူရှင်း (ပြန်လည်အားသစ်လောင်းခြင်း)အမည်ရှိ ကျည်ဆန်ရထားသည် မြို့တော်ပေကျင်းတောင်ပိုင်း ဘူတာမှ စက်တင်ဘာ ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ရှန်ဟိုင်းမြို့သို့ စတင်ထွက်ခွာခဲ့သည်။

ကျည်ဆန်ရထား ဖူရှင်းသည် ပေကျင်းနှင့် ရှန်ဟိုင်းမြို့တို့အကြား တစ်နာရီလျှင် ကီလိုမီတာ ၃၅၀ နှုန်းဖြင့် ခုတ်မောင်းမည်ဖြစ်ပြီး ယင်းခရီးစဉ်ကို ၄ နာရီ ၂၈ မိနစ်ဖြင့် ခုတ်မောင်းမည်ဖြစ်သည်။

မြန်နှုန်းအမြင့်ဆုံး ကျည်ဆန်ရထားဖူရှင်း၏ ကျော်ကြားမှုကြောင့် ယနေ့မှစ၍ ရက်သတ္တပတ်ကုန်အထိ ရထားလက်မှတ်များ ရောင်းကုန်ခဲ့ပြီဖြစ်ကြောင်း တရုတ်ရထားကော်ပိုရေးရှင်းမှ တာဝန်ရှိသူဟွန်ဆင်က ပြောကြားသည်။

တရုတ်နိုင်ငံတွင် မြို့တော်ပေကျင်းနှင့် ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေး မြို့တော်ရှန်ဟိုင်းတို့အကြား ဆက်သွယ်ထားသည့် အမြန်ရထားလမ်းပိုင်းမှာ တရုတ်နိုင်ငံတွင် ခရီးသွားအများဆုံး ရထားလမ်းပိုင်းဖြစ်ပြီး တစ်နှစ်တွင် ခရီးသွားဦးရေ သန်း ၁၀၀ ကျော်ကို သယ်ယူပို့ဆောင်ပေးနေသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် မြန်နှုန်းမြင့် ရထားလမ်းကွန်ရက် အရှည်လျားဆုံးရှိပြီး လက်ရှိတွင် ရထားလမ်းအရှည်ကီလိုမီတာ ၂၀၀၀၀ ခန့်ရှိသည်။ **ဆင်ဟွာ။**

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၁
ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကို ကော်မတီဥက္ကဋ္ဌဦးဆောင်၍ ညနေ ၃ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ပထမအကြိမ် အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် ဆွေးနွေးချက်များအတိုင်း နှစ်ပတ်အတွင်း ဝန်ကြီးဌာနအလိုက် ဦးစားပေးစီမံချက်များ ပေါ်ပေါက်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကော်မတီစတင်ဖွဲ့စည်းခဲ့သည့် စက်တင်ဘာ ၁၂ ရက်မှစ၍ လေးလကာလဖြစ်မည့် ဇန်နဝါရီ ၁၂ ရက်တွင် ပထမအကြိမ် လေးလပတ်အစီရင်ခံစာကို ထုတ်ပြန်ပေးရမည်ဖြစ်သည့်အတွက် စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အမှန်တကယ် ပြည်သူအကျိုးရှိမည့်လုပ်ငန်းများ၊ တည်ငြိမ်အေးချမ်းမှုကို ဦးတည်မည့် လုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် အခက်အခဲများရှိသော်လည်း ပြည်သူများကို အတတ်နိုင်ဆုံး ပါဝင်လာအောင် စည်းရုံးဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့၏ ဆောင်ရွက်ချက်များကို ပွင့်လင်းမြင်သာစွာ ပြည်သူကို ရှင်းပြရန်လိုကြောင်း၊ မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် အကြမ်းဖက်မှုများ ထပ်မံမဖြစ်ပွားစေရေး အချက်တစ်ချက်အနေဖြင့် ပါဝင်သည့်အတွက် သတိပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ကော်မတီတွင်း မိမိတို့အချင်းချင်း သတင်းအချက်အလက် မပြတ်ဖလှယ်ရန် ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခု ညှိနှိုင်းကူညီဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ကော်မတီတွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ရခိုင်ပြည်နယ် မောင်တောဒေသသို့ ကော်မတီအဖွဲ့ဝင်များ သွားရောက်လေ့လာတွေ့ရှိချက်များကို တင်ပြရာ လုံခြုံရေးလိုအပ်ချက်၊ ဒေသခံတိုင်းရင်းသားများအတွက် အလုပ်အကိုင် ဖော်ဆောင်ပေးရန်အတွက် စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ပေးရန် လိုအပ်မှုအခြေအနေ၊ တိုင်းရင်းသားကျေးရွာများကို စုစည်းတည်ထောင်ရန် အခြေအနေ၊ လယ်ယာလုပ်ငန်းများတွင် လက်ရှိအနေအထားအရ ထွန်ယက်စိုက်ပျိုးရိတ်သိမ်းရန်အတွက် ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များ ထောက်ပံ့ပေးရန် လိုအပ်မှုအခြေအနေ၊ NVCကတ်ထုတ်ပေးရန်အခြေအနေများကို တင်ပြသည်။

ကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက မိမိတို့ကော်မတီအနေဖြင့် မြေပြင်ကွင်းဆင်းလေ့လာ သုံးသပ်ချက်များအရ ချက်ချင်းဆောင်ရွက်ပေးရန်လိုအပ်ချက်များ၊ လတ်တလောဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းများ၊ ရေတို၊ ရေရှည်ဆောင်ရွက်မည့်လုပ်ငန်းများကို ခွဲခြားဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် လုံခြုံရေးအတွက်ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများ၊ အိုးအိမ်များ ပြန်လည်တည်ဆောက်ပေးမည့်အခြေအနေများကို ဆွေးနွေးသည်။

ထို့နောက် ကော်မတီအဖွဲ့ဝင်များက မြေပြင်ကွင်းဆင်းလေ့လာတွေ့ရှိချက်များအရ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်သွားရန်လိုအပ်သည့် လုပ်ငန်းများ၊ ဦးစားပေးအလိုက် ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းများ၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက်များနှင့် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များအပေါ် မြေပြင်အခြေအနေ လိုအပ်ချက်များနှင့်အညီ ပြည်သူအမှန်တကယ်အကျိုးရှိပြီး ချက်ချင်းဆောင်ရွက်ပေးရမည့်လုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများစသည်ဖြင့် ဦးစားပေးအလိုက် လျင်မြန်စွာအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက်လည်း မျက်ခြည်မပြတ် သတိပြုဆောင်ရွက်ရမည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ သတင်းရယူနိုင်ရန် တရုတ်နိုင်ငံမှ မီဒီယာအဖွဲ့ စစ်တွေမြို့သို့ရောက်ရှိ

စစ်တွေ စက်တင်ဘာ ၂၁
ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ သတင်းရယူနိုင်ရန် တရုတ်မီဒီယာအဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ ဦးဆောင်သော တရုတ်မီဒီယာအဖွဲ့သည် စက်တင်ဘာ ၂၂ ရက်မှ ၂၃ ရက် အထိ မောင်တောဒေသသို့ သွားရောက်သတင်းရယူကြမည်ဖြစ်သည်။

အဆိုပါအဖွဲ့တွင် People´s Daily၊ China Radio International နှင့် Phoenix TV(ဟောင်ကောင်) တို့မှ သတင်းထောက်ခြောက်ဦး ပါဝင်သည်။

ပြည်တွင်း၊ ပြည်ပ သတင်းထောက်များပါဝင်သည့် သတင်းအဖွဲ့သည် ရခိုင်ပြည်နယ် မြောက်ပိုင်းသို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်ထိ ပထမအကြိမ်၊ ၂၀၁၇ ခုနှစ် မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ ဒုတိယအကြိမ်၊ ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ တတိယအကြိမ်၊ ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၁ ရက်အထိ စတုတ္ထအကြိမ်၊ စက်တင်ဘာ ၆ ရက်မှ ၈ ရက် အထိ ပဉ္စမအကြိမ်မြောက် သတင်းရယူခဲ့ကြပြီး ယခုအကြိမ်သည် ဆဋ္ဌမအကြိမ်မြောက်ဖြစ်ကာ တရုတ်မီဒီယာအဖွဲ့သည် ဩဂုတ် ၂၅ ရက် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုအပြီး တတိယအကြိမ် နယ်မြေကွင်းဆင်း သတင်းရယူသည့်အဖွဲ့လည်း ဖြစ်သည်။

(သတင်းအဖွဲ့)

မောင်တောမြို့နယ်ရှိ ယာယီခိုလှုံနေထိုင်သူတချို့ နေရပ်များသို့ ပြန်လည်ထွက်ခွာလျက်ရှိ

မောင်တော စက်တင်ဘာ ၂၁
အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာပြီး မောင်တောမြို့ပေါ်ရှိ စုရပ်များတွင် ယာယီခိုလှုံနေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားများသည် နယ်မြေတည်ငြိမ်လာသဖြင့် စုရပ်များမှနေ၍ မိမိတို့၏ မူလနေရပ်များသို့ ပြန်လည်ထွက်ခွာလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့ပေါ်ရှိ အလိုတော်ပြည့်ကျောင်းတွင် ယာယီခိုလှုံနေကြသည့် ဒေသခံတိုင်းရင်းသားများကို တွေ့ရစဉ်။ (မောင်မွှေး)

အဆိုပါ မောင်တောမြို့ပေါ်ရှိ စုရပ်အသီးသီးတွင် ရောက်ရှိခိုလှုံနေကြသည့် ဒေသခံတိုင်းရင်းသား ဦးရေသည် စက်တင်ဘာ ၁၃ ရက်က ၆၄၂၀ ဦးရှိခဲ့ရာမှ စက်တင်ဘာ ၂၀ ရက်တွင် ၄၇၃၆ ဦးသာ ကျန်ရှိကြောင်းနှင့် ၁၆၈၅ ဦးမှာ မိမိတို့၏ နေရပ်များသို့ ပြန်လည်ထွက်ခွာသွားကြောင်း မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ စာရင်းများအရ သိရသည်။

"အခုချိန်မှာ နယ်မြေဒေသ အခြေအနေ ပြန်လည်တည်ငြိမ်လာတဲ့အတွက် မြို့ပေါ်မှာ ယာယီလာရောက်ခိုလှုံနေကြတဲ့ အနီးဝန်းကျင်ကျေးရွာတွေက ဒေသခံတိုင်းရင်းသားတချို့ဟာ နေ့စဉ်ပြန်သွားနေကြပါတယ်။ ဒီမှာကျန်ရှိ ခိုလှုံနေကြတဲ့သူတွေကိုလည်း ကျွန်တော်တို့အနေနဲ့ ပုံမှန်အတိုင်း ဆက်လက်ကူညီထောက်ပံ့ပေးလျက်ရှိပါတယ်"ဟု မောင်တောခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူးက ပြောသည်။

အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မောင်တောမြို့နယ်အတွင်း နေရပ်စွန့်ခွာလာသည့် ဒေသခံတိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များအား မောင်တောမြို့ပေါ်ရှိ သာသနာ့ဗိမာန်၊ အလိုတော်ပြည့်၊ မောင်တော အထက (၁)၊ မြို့မကျောင်းတိုက်၊ (၃)မိုင်ပရဟိတ၊ (၄)မိုင်၊ မင်းကြီးစာသင်ကျောင်း၊ တရိန်း စာသင်ကျောင်း၊ တမန်းသား၊ သုပဏ္ဏက၊ အောင်ဇံဘုန်းကြီးကျောင်း၊ ခမောင်းဆိပ် (နခခ)၊ အောင်သပြေ၊ တောင်ပြို (အထက)နှင့် လောင်းဒုံ စသည့် စုရပ် ၁၅ ခုတွင် နေရာချပေးထားကြောင်း သိရသည်။

မင်းထက်အောင်၊ တင်မောင်လွင်

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထံသို့ မိတ္ထီလာမြို့မှ စေတနာရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

မိတ္ထီလာ စက်တင်ဘာ ၂၁
ရခိုင်ပြည်နယ်တွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ထွက်ပြေးတိမ်းရှောင်နေရသူများအား ကူညီထောက်ပံ့ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထံသို့ မိတ္ထီလာမြို့ရှိ ရဟန်းရှင်လူများ စုပေါင်းလှူဒါန်းငွေကျပ် ၆၀၀၇၅၀၀၀ ကို ဦးဆောင်စေတနာရှင်အဖွဲ့ဝင်များက စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ပေးအပ်လှူဒါန်းကြောင်း သိရသည်။

မိတ္ထီလာမြို့ရှိ ရဟန်းရှင်လူများ၏ ပါဝင်လှူဒါန်းငွေအားလုံးကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထံသို့ပေးအပ်နိုင်ရန်အတွက် ဦးဆောင်စေတနာရှင်အဖွဲ့ဝင်များဖြစ်သည့် ဦးကျော်ဆွေ၊ ဦးမောင်သောင်း၊ ဦးကျော်ဝင်း၊ ဦးငွေအောင်၊ ဦးညီညီမောင်နှင့် ဦးကျော်သူရတို့သည် မိတ္ထီလာမှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ စက်တင်ဘာ ၁၉ ရက်က ထွက်ခွာသွားခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် အဆိုပါလှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၆၀၀၇၅၀၀၀ ကို ဦးဆောင်စေတနာရှင်အဖွဲ့ဝင်များက ပေးအပ်လှူဒါန်းရာ ပြည်နယ်လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးတင်လတ်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က စက်တင်ဘာ ၁၈ ရက်မှာ နျူကလီးယားလက်နက်အရေးကိစ္စနဲ့ပတ်သက်ပြီး မြောက်ကိုရီးယားနိုင်ငံနဲ့ ထိပ်တိုက်ရင်ဆိုင်မှုကို အရှိန်အဟုန်မြှင့်တင်လိုက်ပါတယ်။ လူဦးရေ ၂၆ သန်းရှိတဲ့ မြောက်ကိုရီးယားနိုင်ငံကို တစ်စစီဖြစ်အောင် ဖျက်ဆီးပစ်မယ်ဆိုတဲ့ ခြိမ်းခြောက်မှုနဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ထိပ်တိုက်ရင်ဆိုင်တိုးမှုကို အရှိန်မြှင့်တင်လိုက်တာပါ။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကိုလည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က "ဒုံးပျံလူသား"ဆိုပြီး လှောင်ပြောင်သရော်သွားပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှာ ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်းပြောခဲ့တဲ့ သမ္မတဒေါ်နယ်ထရန့်က သူ့ရဲ့မိန့်ခွန်းမှာ ကမ္ဘာကြီးဟာ အန္တရာယ်တွေနဲ့ ရင်ဆိုင်နေရတယ်ဆိုတဲ့ပုံစံမျိုး အဆိုးမြင်ရှုထောင့်က ပြောဆိုသွားပါတယ်။ အီရန်နိုင်ငံကနေ ဗင်နီဇွဲလားအထိ အမျိုးမျိုးသော ကမ္ဘာ့ပြဿနာပေါင်းစုံကို ကိုင်တွယ်ဖြေရှင်းရာမှာ ထိပ်တိုက် ရင်ဆိုင်ရမယ်ဆိုတဲ့သဘောမျိုးကို သမ္မတ ဒေါ်နယ်ထရန့်က တင်ပြသွားသလို အမေရိကန်နိုင်ငံရဲ့ အချုပ်အခြာအာဏာကာကွယ်ရေးကိုလည်း မရှက်မကြောက်ရဲရဲတင်းတင်းပဲ ပြောသွားပါတယ်။ အဖွဲ့ဝင် ၁၉၃ နိုင်ငံရှိတဲ့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှာ သမ္မတဒေါ်နယ်ထရန့်က "အမေရိကန်နိုင်ငံဟာ သူမတူတဲ့အင်အားနဲ့ စိတ်ရှည်သည်းခံမှုတွေ ပိုင်ဆိုင်ထားပါတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ပဲဖြစ်ဖြစ်၊ မဟာမိတ်နိုင်ငံတွေကို ကာကွယ်ဖို့ပဲဖြစ်ဖြစ် ကြုံလာခဲ့ရင်တော့ ကျွန်တော်တို့အနေနဲ့ မြောက်ကိုရီးယားနိုင်ငံကို တစ်စစီ ဖြစ်အောင် ချေမှုန်းရုံကလွဲလို့ တခြား ရွေးချယ်စရာနည်းလမ်းမရှိတော့ပါဘူး"လို့ ပြောကြားခဲ့တာပါ။ သမ္မတဒေါ်နယ်ထရန့်က "ဒီဒုံးပျံလူသားကတော့ သူ့ကိုယ်သူရော၊ သူ့အစိုးရအဖွဲ့ကိုပါ အသေခံတိုက်ပွဲတွေလုပ်နေပါပြီ"လို့ ခနဲ့တဲ့တဲ့ ပြောလိုက်တဲ့အချိန်မှာ "အိုး . . အား" ဆိုပြီး လန့်ဖျပ်ထွက်လာတဲ့အသံတွေဟာ ခန်းမကြီးတစ်ခုလုံးကို ကျယ်ကျယ်လောင်လောင်ပဲ ဖုံးလွှမ်းသွားခဲ့တာပါ။ အစိမ်းရောင်ကြွေပြားတွေကပ်ထားတဲ့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ ခန်းမကြီးမှာ စုစည်းရောက်ရှိနေတဲ့ ကမ္ဘာ့ခေါင်းဆောင်တွေဟာ သမ္မတဒေါ်နယ်ထရန့်ရဲ့ မှတ်ချက်စကားကြောင့် ကယောက်ကယက်ဖြစ်သွားခဲ့ကြတာပါ။ သမ္မတ ဒေါ်နယ်ထရန့်ပြောအပြီး မိနစ်ပိုင်းအကြာမှာပဲ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က အမြော်အမြင်ရှိတဲ့ နိုင်ငံ့ခေါင်းဆောင်တွေအဖြစ် ပီပီသသကျင့်သုံးကြဖို့ ပန်ကြားသွားပါတယ်။ ဂူတာရက်စ်က "ကျွန်တော်တို့ ဘုမသိဘမသိ စစ်ပွဲဆင်နွှဲမိသွားတာမျိုး အဖြစ်ခံလို့မရပါဘူး"လို့ ပြောဆိုခဲ့တာပါ။

ပြောရရင် ဒါဟာ သမ္မတဒေါ်နယ်ထရန့်အဖို့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှာ ပထမဆုံးအကြိမ် မိန့်ခွန်းပြောရတာပါ။ သမ္မတဒေါ်နယ်ထရန့်က မြောက်ကိုရီးယားနိုင်ငံအပေါ် စစ်ရေးအရ အရေးယူမယ်လို့ ပြောင်ခြိမ်းခြောက်ပြောဆိုခဲ့တာဟာ မြောက်ကိုရီးယားနိုင်ငံအပေါ် သူ့စိုးရိမ်ပူပန်မှုကို ဖော်ပြလိုက်တာပါ။ မြောက်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံအပေါ်ကျော်ပြီး ဒုံးပျံတွေကို ဆက်တိုက်ဆိုသလို ပစ်လွှတ်နေခဲ့သလို မြေအောက်နျူကလီးယားဗုံးစမ်းသပ်ဖောက်ခွဲမှုတွေကိုလည်း ပြုလုပ်နေခဲ့တာပါ။ သမ္မတဒေါ်နယ်ထရန့်ရဲ့ အကြံပေးပုဂ္ဂိုလ်တွေက သမ္မတဟာ မြောက်ကိုရီးယားနိုင်ငံရဲ့ ဒုံးပျံနည်းပညာပိုင်းဆိုင်ရာ တိုးတက်လာမှုတွေ အပေါ်မှာရော တရုတ်နိုင်ငံကသာ မကူညီခဲ့ရင် ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းနိုင်တဲ့နည်းလမ်း မဆိုစလောက်ဘဲ ရှိတဲ့အပေါ်မှာပါ စိုးရိမ်နေတာကို ထောက်ပြကြပါတယ်။ ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး မားဂေါ့ဝေါစတွမ်းက "ပရိသတ်ကို မပြောသင့်မပြောထိုက်တဲ့အချိန်မှာ မပြောသင့်မပြောထိုက်တဲ့ မိန့်ခွန်းမျိုးကို ပြောလိုက်တာပါ"လို့ မှတ်ချက်ပြုခဲ့တာပါ။ ဒီလိုတွေဖြစ်နေလို့လည်း သမ္မတဒေါ်နယ်ထရန့်က နောက်ဆုတ်သွားတာ မဟုတ်ပါဘူး။ လိုအပ်ခဲ့ရင် မြောက်ကိုရီးယားနိုင်ငံကို တစ်စစီဖြစ်အောင် ချေမှုန်းပစ်မယ်ဆိုတာကို သမ္မတဒေါ်နယ်ထရန့်က တွစ်တာမှာ စာရိုက်တွတ်ထိုးခဲ့သေးတာပါ။

ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့က "သမ္မတဒေါ်နယ်ထရန့်ရဲ့မိန့်ခွန်းအပေါ် အလျင်စလို မှတ်ချက်ပေးတာမျိုးကို မလုပ်ခဲ့ပါဘူး။ သမ္မတဒေါ်နယ်ထရန့်က ပြီးခဲ့တဲ့ သမ္မတရွေးကောက်ပွဲမှာ အနိုင်ရအောင် သူကျင့်သုံးခဲ့တဲ့ မငဲ့မညှာစတိုင်ကို လက်ကိုင်ပြုပြီး ရန်လိုတဲ့ အသုံးအနှုန်းတွေသုံး မိန့်ခွန်းပြောဆိုခဲ့တာဟာ "သံတမန်ရေးနည်းလမ်းသုံး အဖြေရှာပါ့မယ်"ဆိုတဲ့ သူ့အစိုးရအဖွဲ့ဝင်ဝန်ကြီးတွေ ပြောဆိုခဲ့တာတွေနဲ့ ကွဲလွဲနေပါတယ်။ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ်ဆိုရင် ဒီလအစောပိုင်းက "လိုအပ်ခဲ့ရင် စစ်ရေးအရ အကြီးအကျယ် တုံ့ပြန်မယ်"လို့ ပြောခဲ့ပေမယ့် စက်တင်ဘာ ၁၉ ရက်မှာတော့ ပင်တဂွန်သတင်းထောက်တွေကို "နိုင်ငံခြားရေးဝန်ကြီး ရက်(ခ်)တေလာဆင်က မြောက်ကိုရီးယား အကျပ်အတည်းကို သံတမန်ရေးအရ ဖြေရှင်းနိုင်ဖို့ ကြိုးစားနေပါတယ်"လို့ ပြောဆိုခဲ့တာပါ။

အမေရိကန်နိုင်ငံအတွင်းမှာ သမ္မတဒေါ်နယ်ထရန့်ရဲ့ မိန့်ခွန်းအပေါ် တုံ့ပြန်ချက်တွေက အမျိုးမျိုးအဖုံဖုံပါပဲ။ ၂၀၁၂ ခုနှစ်မှာ ရီပတ်ဘလီကန်ပါတီရဲ့ သမ္မတလောင်းအဖြစ် ရွေးချယ်ခံခဲ့ရတဲ့ မစ်ထ်ရွမ်နီက "သမ္မတဒေါ်နယ်ထရန့်ဟာ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေကို တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေတဲ့ စိန်ခေါ်မှုအပေါ် တုံ့ပြန်ရင်ဆိုင်ကြဖို့ ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား သတိပေးလိုက်တာပဲ"ဆိုပြီး တွစ်တာမှာ သူ့သဘောထားကို ဖော်ပြခဲ့ပါတယ်။ ဒါပေမယ့် အမေရိကန်အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဝင် ဒီမိုကရက်တစ်အမတ် အက်ဒ်မာကီကတော့ CNN သတင်းဌာနကို "သမ္မတဟာ မြောက်ကိုရီးယားနိုင်ငံကို ဆွေးနွေးပွဲစားပွဲဝိုင်းပေါ် ရောက်လာအောင် သူကျင့်သုံးဆောင်ရွက်နိုင်တဲ့ နည်းလမ်းအားလုံးကို မကြိုးပမ်း၊ မဆောင်ရွက်ရသေးပါဘူး"လို့ ပြောဆိုပြီး သမ္မတ ဒေါ်နယ်ထရန့်ရဲ့ မိန့်ခွန်းကို ဝေဖန်ရှုတ်ချခဲ့ပါတယ်။ ဒေါ်သတကြီး ခြိမ်းခြောက်ပြောဆိုခဲ့တဲ့ ၄၁ မိနစ်ကြာ မိန့်ခွန်းမှာ သမ္မတဒေါ်နယ်ထရန့်က အီရန်နိုင်ငံရဲ့ နျူကလီးယားလက်နက် ရည်မှန်းချက်တွေနဲ့ ဒေသတွင်း ဩဇာလွှမ်းမိုးရေးကြိုးပမ်းမှုတွေကို ပြောဆိုခဲ့သလို ဗင်နီဇွဲလားနိုင်ငံရဲ့ ဒီမိုကရေစီစနစ် ပြိုလဲသွားတာကိုလည်း ဝေဖန်ခဲ့ပါတယ်။ အစွန်းရောက်အစ္စလာမ္မစ် အကြမ်းဖက်သမားတွေရဲ့ အန္တရာယ်ကိုလည်း ထောက်ပြခဲ့ပါတယ်။ သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ မိန့်ခွန်းကို နားထောင်ကြည့်လိုက်ရင် ဇန်နဝါရီ ၂၀ ရက်ကပြောခဲ့တဲ့ သူ့ရဲ့ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲမိန့်ခွန်းကို ပြေးမြင်ယောင်မှာပါ။ သမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲမိန့်ခွန်းမှာ သမ္မတဒေါ်နယ်ထရန့်က "ဟောင်းနွမ်းဆွေးမြည့်နေတဲ့ စက်ရုံတွေနဲ့ ရာဇဝတ်မှုတွေကြောင့် အမေရိကန်ပြည်သူတွေ အကြီးအကျယ် ဒုက္ခရောက်သေကျေနေရတဲ့ ဖြစ်ရပ်တွေကို ရပ်ဆိုင်းပစ်မယ်"လို့ ပြောဆိုခဲ့တာပါ။

သမ္မတဒေါ်နယ်ထရန့်က ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအနေနဲ့ မြောက်ကိုရီးယားနိုင်ငံကို ရန်လိုတဲ့အပြုအမူတွေ ရပ်ဆိုင်းသွားတဲ့အထိ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြဖို့ တိုက်တွန်းခဲ့တာပါ။ သမ္မတ ဒေါ်နယ်ထရန့်က တရုတ်နိုင်ငံကို သွယ်ဝိုက်ရည်ညွှန်းပြီး ဒီလိုအစိုးရ (မြောက်ကိုရီးယား)မျိုးနဲ့ ကုန်သွယ်ရုံသာမက လက်နက်တွေရောင်း၊ ငွေကြေးတွေ ထောက်ပံ့နေတာကတော့ ခံပြင်းနာကြည်းစရာပါ။ ဒီအစိုးရ ကမ္ဘာကြီးကို နျူကလီးယားစစ်ပွဲတွေဖြစ်အောင် ဒုက္ခပေးပြီး တွန်းပို့နေတာပါ" လို့ ပြောဆိုခဲ့တာပါ။ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီဟာ မြောက်ကိုရီးယားနိုင်ငံအပေါ် ပိတ်ဆို့ဒဏ်ခတ်မှုတွေကို ၂၀၀၆ ခုနှစ်မှစပြီး ကိုးကြိမ်တိတိ တညီတညွတ်တည်း ချမှတ်ခဲ့တာပါ။ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဂူတာရက်စ်က လုံခြုံရေးကောင်စီရဲ့ ညီညွတ်မှုကို ဆက်ထိန်းဖို့ တောင်းဆိုခဲ့ပါတယ်။

အီရန်နိုင်ငံအရေးမှာ သမ္မတဒေါ်နယ်ထရန့်က "သမ္မတ အိုဘားမားလက်ထက်က လက်မှတ်ရေးထိုးခဲ့တဲ့ နျူကလီးယား သဘောတူညီချက်ဟာ စိတ်ကသိကအောက် ဖြစ်စရာပါ"လို့ ပြောဆိုခဲ့ပြီး ဒီစာချုပ်သက်တမ်းကုန်မယ့် အောက်တိုဘာလလယ်မှာ သူသက်တမ်းထပ်တိုးပေးမှာ မဟုတ်ဘူးဆိုတဲ့ သဘောမျိုး ပြောဆိုခဲ့ပါတယ်။ သမ္မတဒေါ်နယ်ထရန့်က "အဆုံးသတ်မှာ နျူကလီးယားလက်နက် ထုတ်လုပ်ပေးမယ့်အစီအစဉ်ကို ကာကွယ်ပေးတဲ့ စာချုပ်မျိုးဆိုရင် ကျွန်တော်တို့က ဘာလို့လိုက်နာရမှာလဲ။ အီရန်အစိုးရဆိုတာ ဒီမိုကရေစီ မျက်နှာဖုံးစွပ်ထားတဲ့ အကျင့်ပျက်အာဏာရှင်အစိုးရပါ"လို့ ပြောဆိုခဲ့တာပါ။ အီရန်နိုင်ငံခြားရေးဝန်ကြီးကတော့ "ဒေါ်နယ်ထရန့်ရဲ့ အဆင့်အတန်းမရှိတဲ့ အမုန်းစကား မိန့်ခွန်းဟာ အလယ်ခေတ်အဆင့်အတန်းလောက်ပဲ ရှိတာပါ။ ၂၁ ရာစုခေတ် ကမ္ဘာ့ကုလသမဂ္ဂနဲ့ နည်းနည်းမှ မထိုက်တန်တဲ့မိန့်ခွန်းပါ။ တုံ့ပြန်ဖို့တောင် မထိုက်တန်ပါဘူး။ အီရန်လူမျိုးတွေကို စာနာနားလည်ပါတယ်ဆိုတဲ့ ဒေါ်နယ်ထရန့်ရဲ့စကားကို ဘယ်သူမှ ယုံကြည်မှာ မဟုတ်ပါဘူး"လို့ ခါးခါးသီးသီး ပြောဆိုခဲ့တာပါ။

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ကတော့ သူ့ရဲ့ ကမ္ဘာ့ကုလသမဂ္ဂမိန့်ခွန်းမှာ မြောက်ကိုရီးယားအရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးပွဲတံခါးကို ဘယ်တော့မှ ပိတ်မှာ မဟုတ်ဘူးလို့ ပြောကြားခဲ့သလို ၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူညီချက်ကိုလည်း အခိုင်အမာ ကာကွယ်ခဲ့ပါတယ်။ သမ္မတမက်ခရွန်က "အီရန်နျူကလီးယားသဘောတူညီချက်ကို စွန့်လွှတ်လိုက်ရင် အကြီးအကျယ်မှားတော့မှာပါ"လို့ ပြောဆိုခဲ့တာပါ။ ဗင်နီဇွဲလားနိုင်ငံရဲ့ ကသောင်းကနင်း အခြေအနေတွေနဲ့ ပတ်သက်ပြီး သမ္မတဒေါ်နယ်ထရန့်က "ဒီအခြေအနေဟာ ဘယ်လိုမှ လက်ခံလို့ရတဲ့

> အစိမ်းရောင်ကြွေပြားတွေကပ်ထားတဲ့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ ခန်းမကြီးမှာ စုစည်းရောက်ရှိနေတဲ့ ကမ္ဘာ့ခေါင်းဆောင်တွေဟာ သမ္မတဒေါ်နယ်ထရန့်ရဲ့ မှတ်ချက်စကားကြောင့် ကယောက်ကယက် ဖြစ်သွားခဲ့ကြတာပါ။ သမ္မတဒေါ်နယ်ထရန့်ပြောအပြီး မိနစ်ပိုင်းအကြာမှာပဲ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အမြော်အမြင်ရှိတဲ့ နိုင်ငံ့ခေါင်းဆောင်တွေအဖြစ် ပီပီသသ ကျင့်သုံးကြဖို့ ပန်ကြားသွားပါတယ်။ ဂူတာရက်စ်က "ကျွန်တော်တို့ ဘုမသိဘမသိ စစ်ပွဲဆင်နွှဲမိသွားတာမျိုး အဖြစ်ခံလို့ မရပါဘူး" လို့ ပြောဆိုခဲ့တာပါ။

အခြေအနေမဟုတ်ပါဘူး။ ကျွန်တော်တို့က လက်ပိုက်ကြည့်နေမှာမဟုတ်ပါဘူး"လို့ ပြောကြားခဲ့ပြီး အမေရိကန်နိုင်ငံအနေနဲ့ ရှေ့ဆက်လုပ်ရမယ့်ကိစ္စတွေအပေါ် သုံးသပ်နေတဲ့ အကြောင်းကိုပါ ပြောဆိုခဲ့ပါတယ်။ ဗင်နီဇွဲလားနိုင်ငံကတော့ "အမေရိကန်နိုင်ငံက စစ်ရေးအရ ကျူးကျော်ခဲ့ရင်တောင် တုံ့ပြန်ဖို့ အဆင်သင့်ပဲ"လို့ တုံ့ပြန်ပြောဆိုခဲ့တာက အံ့ဩစရာမရှိပါဘူး။ သမ္မတဒေါ်နယ်ထရန့်က ဗင်နီဇွဲလားသမ္မတနီကိုးလပ်စ်မာဒူရိုကို "ခေတ်သစ်ဟစ်တလာ" လို့ ပြောဆိုခဲ့တာပါ။ အမေရိကန်နိုင်ငံလို ကမ္ဘာ့အင်အားကြီးနိုင်ငံရဲ့ သမ္မတက အခုလို ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ပြောခဲ့တာကတော့ မယုံရင်ပုံပြင်မှတ်လို့ပဲ ပြောရမလို ဖြစ်နေတာပါ။ ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား သွားရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့ အောင်မြေဗောဓိသာသနာ့ရိပ်သာ၌ နေရပ်စွန့်ခွာ ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ငါးရဲချောင်းရွာ၊ အင်းဒင်ရွာ၊ ပြားသားရွာ၊ တောင်ပြိုလက်ဝဲရွာများမှ တိမ်းရှောင်လာသည့် ရွာသူရွာသားများ၊ ကျောင်းဆရာများ၊ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းတွင် ပရဟိတလုပ်ငန်းများ လာရောက်လုပ်ဆောင်ပေးနေသူများက အကြမ်းဖက်မှုဖြစ်စဉ်အတွင်း တွေ့ကြုံခဲ့ရသည့်အခြေအနေများ၊ ပတ်ဝန်းကျင်ဘင်္ဂါလီရွာများမှာ အင်အားများပြားမှုကြောင့် လုံခြုံရေးလိုအပ်မှုအခြေအနေများ၊နယ်မြေဒေသအတွင်း ကြွင်းကျန်သည့် အစွန်းရောက်အကြမ်းဖက်သမားများကို ရှင်းလင်းပေးရေးကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်ရေး၊ သွားလာရေးခက်ခဲမှုနှင့် လုပ်ကိုင်စားသောက်ရေးအခက်အခဲများ၊ နယ်စပ်ခြံစည်းရိုးခိုင်ခံ့လုံခြုံမှုရှိရေးကိစ္စရပ်များအား တင်ပြကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် မောင်တောမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ဟိန္ဒူဘာသာဝင်များနှင့် အခြေခံပညာမူလတန်းကျောင်း (မြို့မကညင်တန်း) ခန်းမတွင် နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ဘင်္ဂါလီများအား သီးခြားစီသွားရောက်တွေ့ဆုံခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်စပ်အမှတ် (၁) ဝင်ထွက်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၂) အခြေခံပညာကျောင်းခွဲ(၄ မိုင်)ရှိ ပတ်ဝန်းကျင်ကျေးရွာများမှ နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ဒေသခံ ဒိုင်းနက်၊ မြို၊ သက် တိုင်းရင်းသားများအား တွေ့ဆုံအားပေးစကားပြောကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများနှင့် နယ်စပ်ခြံစည်းရိုးကာရံရန်အတွက် တတိယအကြိမ် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ဧရာဝတီဖောင်ဒေးရှင်းက နယ်စပ်ခြံစည်းရိုး နှစ်မိုင် ကာရံခြင်းအတွက် ငွေကျပ်၁၂၆၇၆ သိန်း၊ အမျိုးဘာသာသာသနာစောင့်ရှောက်ရေး ဗုဒ္ဓဓမ္မပရဟိတ ဖောင်ဒေးရှင်း(ဗဟို) မှ လှူဒါန်းငွေကျပ်သိန်း ၂၀၀၀၊ ကွန်းခိုရာဖောင်ဒေးရှင်းမှ လှူဒါန်းငွေကျပ်သိန်း ၃၀၀၀၊ ရွှေသံလွင် Sky Net ကုမ္ပဏီမှ ငွေကျပ်သိန်း ၁၀၀၀၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး မိသားစုက ငွေကျပ် ၂၅ သိန်း အပါအဝင် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယနေ့ကျင်းပသည့် တတိယအကြိမ် အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ်သိန်းပေါင်း ၂၂၇၇၈ သိန်း၊ ပဲစင်းငုံအိတ် ၇၅၀၊ ဆန်အိတ် ၁၀၀၊ စားသုံးဆီ ပိဿာ ၁၀၀ နှင့် ငွေကျပ် ၂၅ သိန်းတန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများဖြစ်ကြောင်း သိရသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့လေဆိပ်သို့ရောက်ရှိကြပြီး လေဆိပ်ဧည့်ခန်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များအားတွေ့ဆုံ၍ နယ်မြေဒေသအတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နေရပ်စွန့်ခွာသွားကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများ မိမိနေရပ်ဒေသတွင်ပြန်လည်နေထိုင်ရေး၊ မီးလောင်ပျက်စီးသွားသည့် ကျေးရွာများအား ပြန်လည်နေရာချထားရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် နယ်စပ်ဒေသခြံစည်းရိုးကာရံရေးကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပါလီမန်ဆိုင်ရာဒုတိယဝန်ကြီး Mr. Iwao HOR II အား ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **ကျောဖုံးမှ**

အဆိုပါ ပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှား သံအမတ်ကြီး H.E. Dr. Ito Sumardi က လွှဲပြောင်းပေးအပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လက်ခံသည်။

ထိုသို့ ကူညီမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှား သံအမတ်ကြီး H.E. Dr. Ito Sumardi က "အင်ဒိုနီးရှားအစိုးရနဲ့ ပြည်သူတွေဟာ မြန်မာနိုင်ငံကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးဖို့ သဘောတူပါတယ်။ အင်ဒိုနီးရှား အစိုးရအနေနဲ့လည်း အခုလိုအကူအညီပေးတဲ့အခါမှာ အကုန်လုံး ပါဝင်နိုင်အောင် လုပ်ဆောင်နေပါတယ်။ တကယ်လိုအပ်နေတဲ့ပြည်သူတွေဆီကို မြန်မြန်ဆန်ဆန်ရောက်သွားမယ်လို့လည်း ယုံကြည်ပါတယ်။ နောက်ပိုင်းမှာလည်း ဆက်လက်ကူညီပေးသွားဖို့ရှိပါတယ်။ အခုလိုလုပ်ဆောင်ပေးခြင်းအားဖြင့် အင်ဒိုနီးရှားနိုင်ငံဟာ အာဆီယံ စိတ်ဓာတ်မျိုးရှိတယ်ဆိုတာကိုပြနိုင်ခဲ့သလို အင်ဒိုနီးရှားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံအပေါ်မှာထားတဲ့ သဘောထားကိုလည်း ပြသနိုင်ခဲ့ပါတယ်။ ရခိုင်မှာ ဖြစ်ပွားနေတဲ့ ပြဿနာတွေကိုလည်း အမြန်ဆုံးရပ်တန့်သွားစေချင်ပါတယ်" ဟု ပြောသည်။

ယနေ့ ရောက်ရှိလာသော ပစ္စည်းများမှာ အမေရိကန်ဒေါ်လာ ၂၈၆၀၄၉ တန်ဖိုးရှိ လူသုံးကုန်၊ ဆေးဝါး၊ စားသောက်ကုန်၊ ယာယီမိုးကာတဲတို့ ပါဝင်ပြီး အဆိုပါ ပစ္စည်းများကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်သို့ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ကာ သက်ဆိုင်ရာ အစိုးရအဖွဲ့နှင့် ချိတ်ဆက်၍ အခက်အခဲကြုံတွေ့နေသည့် ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

"ရခိုင်ပြည်နယ်ဖြစ်စဉ်မှာ ဒေသခံတွေ ဒုက္ခရောက်နေတဲ့အတွက် အင်ဒိုနီးရှားနိုင်ငံက လူသားချင်းစာနာမှု အကူအညီပေးတာပါ။ ဒီကနေ့ရောက်ရှိလာတဲ့ ပစ္စည်းတွေထဲမှာဆိုရင် ဆေးဝါးတွေနဲ့ အသင့်စားသောက်နိုင်တဲ့ အစားအသောက်တွေအပြင် ကိုယ်ဝန်ဆောင်အမျိုးသမီးတွေနဲ့ ကလေးငယ်တွေအတွက် အာဟာရတွေလည်းပါပါတယ်။ ဒီပစ္စည်းတွေကို ကျွန်တော်တို့အနေနဲ့ ချက်ချင်းပဲ ရခိုင်ပြည်နယ်ကိုပို့မှာပါ။ အဲဒီကိုရောက်ရင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့ပေါင်းစပ်ပြီး တကယ်လိုအပ်နေတဲ့ ပြည်သူတွေဆီကိုရောက်အောင် ကူညီပေးသွားမှာဖြစ်ပါတယ်"ဟု ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ အခက်အခဲကြုံတွေ့နေသော ဒေသခံပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဆက်လက်ပေးသွားနိုင်ရန် ထိုကဲ့သို့ တပ်မတော် ပစ္စည်းသယ်လေယာဉ် ခြောက်စင်းစာ အစားအသောက်၊ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်းများကို စီစဉ်ထားကြောင်းသိရသည်။

အလားတူ ရခိုင်ပြည်နယ်အတွင်းရှိ အခက်အခဲကြုံတွေ့နေသော ဒေသခံပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုများအနေဖြင့် တရုတ်နိုင်ငံမှ ငွေကြေးလှူဒါန်းမှုများရှိသကဲ့သို့ ပြည်ပနိုင်ငံတချို့ကလည်း ကမ်းလှမ်းမှုများ ပြုလုပ်ထားကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး

ကချင်ပြည်နယ်အစိုးရအဖွဲ့က ဟိုပင်မြို့ မြေနုကျေးရွာ ကြိုးတံတားအတွက် ကျပ်သိန်း ၆၀ ကူညီ

ဟိုပင် စက်တင်ဘာ ၂၁

ကချင်ပြည်နယ်အစိုးရအဖွဲ့က မိုးညှင်းမြို့နယ် မြို့သစ်ကလေးကျေးရွာအုပ်စု မြေနုကျေးရွာ ကြိုးတံတားတည်ဆောက်ခြင်းလုပ်ငန်းအတွက် ငွေကျပ်သိန်း ၆၀ ထောက်ပံ့လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခန့်က ဟိုပင်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ကချင်ပြည်နယ်အစိုးရအနေဖြင့် ယခုကဲ့သို့ မြန်မြန်ဆန်ဆန် လုပ်ဆောင်ပေးနိုင်သည့်အတွက် ကျေးဇူးတင်ကြောင်း လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းအိက အခမ်းအနားသို့တက်ရောက်လာသူများအား ပြောကြားခဲ့သည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းလျက်ရှိကြောင်းနှင့် ပြည်သူများက ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း မိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်က ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်အစိုးရအဖွဲ့က မြေနုကျေးရွာ ကြိုးတံတားတည်ဆောက်ခြင်းလုပ်ငန်းအတွက် ထောက်ပံ့ပေးသော ငွေကျပ်သိန်း ၆၀ ကို ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူးက မြေနုကျေးရွာ တာဝန်ရှိသူထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မိုးညှင်းမြို့နယ်မှ တာဝန်ရှိသူများ၊ ဟိုပင်မြို့ ဌာနဆိုင်ရာအသီးသီးမှ အရာရှိများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ အရပ်ဘက်လူမှုအဖွဲ့များ စုစုပေါင်း ၉၇ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

(မင်းမင်းဦး)

● **ရတနာပုံအသင်းမှ**

အခွင့်အရေးများ ထပ်မံရရှိခဲ့သည်။ မိနစ် ၆၀ တွင် ရတနာပုံအသင်း စတုတ္ထဂိုးရခဲ့ပြီး အောင်သူက ပြစ်ဒဏ်ဘောကို တိုက်ရိုက်သွင်းယူခဲ့သည်။ Southern အသင်းမှာမူ ယခုပွဲတွင် ရတနာပုံကို ယှဉ်ကစားနိုင်ခြင်းမရှိသောကြောင့် ချေပဂိုးပင် မရခဲ့ပေ။

အောင်ဆန်းကွင်း၌ယှဉ်ပြိုင်သောပွဲတွင် ဧရာဝတီအသင်းက ရခိုင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံဟောင်း ဧရာဝတီအသင်းသည် ဆီမီးဖိုင်နယ်အဆင့်သို့ တစ်ကျော့ပြန်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ရခိုင်အသင်းမှာလည်း အမှတ်ပေးပြိုင်ပွဲတွင် ပြသနေသည့်ခြေစွမ်းမျိုး ပြသနိုင်ခြင်းမရှိခဲ့ပေ။ ရတနာပုံအတွက် အနိုင်ဂိုးများကို ၂၈ မိနစ်တွင် နိုင်လင်းဦး၊ ၉၀+၃ မိနစ်တွင် မာတူနာတို့က သွင်းယူခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်း၊ ရန်ကုန်အသင်းနှင့် ရတနာပုံအသင်းတို့တွေ့ဆုံနေပြီး ပထမအကျော့ကို စက်တင်ဘာ ၂၉၊ ၃၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-စိုးညွန့်

◆ **YBS မှ**

အဓိက လမ်းမကြီးများပေါ်ရှိ ယာဉ်လိုင်းများတွင် စတင်စမ်းသပ်အသုံးပြုသွားမည်ဖြစ်ပြီး တစ်လအတွင်း Pilot project အနေဖြင့် စတင်ဆောင်ရွက်ခြင်း၊ သုံးလအတွင်း ယာဉ်လိုင်းများ အားလုံးတွင် တပ်ဆင်အသုံးပြု ဆောင်ရွက်နိုင်ရန် သတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါ တင်ဒါခေါ်ယူမှုကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) နှင့် Yangon Payment Services(YPS) ၏ ကတ်စနစ်ဖြင့် ငွေပေးချေမှုလုပ်ငန်း ဝန်ဆောင်မှုအတွက် (၁) Cards Issuing လုပ်ငန်း၊ (၂) Cards Acquiring လုပ်ငန်းနှင့် (၃) Cards Top up Agent လုပ်ငန်းများကို ဆောင်ရွက်ရန် လုပ်ကိုင်လိုသော မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများ(သို့မဟုတ်) မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများ တင်ဒါတင်သွင်းနိုင်ကြောင်း သိရသည်။

(ဝဝ၁)

(၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြား

နယူးယောက် စက်တင်ဘာ ၂၁

(၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲ ဒုတိယနေ့ကို စက်တင်ဘာ ၂၀ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်ရှိ အထွေထွေညီလာခံခန်းမ (General Assembly Hall)၌ ကျင်းပရာ ဒေသစံတော်ချိန် ည ၈နာရီတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်၍ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ် ပါဝင်ပြောကြားခဲ့သည်။

ရှင်းလင်းပြောကြား

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပါရီသဘောတူညီချက်တွင် အတည်ပြုပါဝင်ခဲ့သည့် ကိစ္စရပ်၊ နိုင်ငံအတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်တွင် ရေရှည်တည်တံ့သော အဖြေရရှိရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်အခြေအနေများကို အလေးပေးရှင်းလင်းပြောကြားသည်။

(ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူပြောကြားသည့် မိန့်ခွန်းအပြည့်အစုံကို သီးခြားဖော်ပြထားပါသည်)။

(သတင်းစဉ်)

(၇၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲ ဒုတိယနေ့တွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

○ ရှေ့ဖုံးမှ

ဖြစ်ပွားနေရခြင်းဟာ ရာသီဥတုပြောင်းလဲမှု ဖြစ်ပွားနေတယ်ဆိုတာကို သက်သေပြသလျက်ရှိပါတယ်။ အခုဆိုရင် ရာသီဥတုပြောင်းလဲမှုဟာ မိမိတို့နေထိုင်တဲ့ကမ္ဘာကြီးကို အမှန်တကယ်အလေးအနက် ခြိမ်းခြောက်မှုပြုလာနေပြီဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုရဲ့ဒဏ်ဟာ တစ်ကမ္ဘာလုံးအပေါ် ထိခိုက်မှုရှိနေပြီး သက်ရောက်မှုပမာဏဟာလည်း မကြုံစဖူးကြီးမားလှပါတယ်။ မြန်မာနိုင်ငံဟာလည်း ရာသီဥတုပြောင်းလဲမှုရဲ့ ဆိုးကျိုးဒဏ်တွေကို ထိခိုက်ခံစားနေရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မုန်တိုင်းများ၊ ရေကြီးမှုများ၊ မိုးခေါင်မှုများဒဏ်ကို မကြာခဏခံစားနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် မြန်မာနိုင်ငံဟာ ပါရီသဘောတူညီချက်ကို ကြိုဆိုခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပါရီသဘောတူညီချက်မှာ အတည်ပြုပါဝင်ကြောင်း စာချွန်လွှာနဲ့ ကျိုတိုနောက်ဆက်တွဲစာချုပ်ရဲ့ ဒိုဟာပြင်ဆင်ချက်အား လက်ခံကြောင်း စာချွန်လွှာတွေကို မနေ့ကပဲ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းကို ယခုညီလာခံကြီးမှာ ဝမ်းမြောက်စွာ အသိပေးပြောကြားလိုပါတယ်။

သဘာပတိကြီးနဲ့ ကိုယ်စားလှယ်တော်များခင်ဗျား၊

မြန်မာနိုင်ငံအနေနဲ့ "ရေရှည်တည်တံ့ခိုင်မြဲတဲ့ ကမ္ဘာကြီးပေါ်ရှိ လူသားများအားလုံးအတွက် ငြိမ်းချမ်းမှုနဲ့သင့်လျော်တဲ့လူနေမှုဘဝရရှိရေး ပြည်သူများကိုအလေးပေး"ဆိုတဲ့ ယခုနှစ်ညီလာခံဆောင်ပုဒ်ကို ကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံမှာလည်း ပြည်တွင်းလက်နက်ကိုင်တိုက်ခိုက်မှုတွေကို နှစ်ပေါင်း ၇၀ နီးပါးခံစားခဲ့ကြရပြီးနောက် ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုရရှိရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။

ပြီးခဲ့တဲ့နှစ်က ဒီစင်မြင့်ပေါ်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့ရာမှာ မြန်မာနိုင်ငံမှာ ပြည်တွင်းလက်နက်ကိုင်တိုက်ခိုက်မှုတွေ အဆုံးသတ်သွားစေဖို့နဲ့ ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်နေတဲ့ရှုပ်ထွေးလှတဲ့အခြေအနေတွေကနေ အဓိပ္ပာယ်ပြည့်ဝပြီး ရေရှည်တည်တံ့တဲ့အဖြေရှာဖွေသွားနိုင်ရေးအတွက် အစိုးရရဲ့ မျှော်မှန်းဆောင်ရွက်နေမှု အခြေအနေတွေကို ချပြခဲ့ပါတယ်။

ယခုတစ်နှစ်ပြည့်မြောက်တဲ့အချိန်မှာ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမှာ ဖော်ဆောင်ပေးနိုင်ခဲ့တဲ့ တိုးတက်အောင်မြင်မှုများနဲ့ ကျန်ရှိနေသေးတဲ့ စိန်ခေါ်မှုများကို ရှင်းလင်းတင်ပြသွားပါမယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်များအတွင်း ရခိုင်ပြည်နယ်မှာဖြစ်ပွားခဲ့တဲ့ အခြေအနေများဟာ ကမ္ဘာကြီးက အထူးအာရုံစိုက်လျက်ရှိနေတဲ့ ကိစ္စဖြစ်တဲ့အားလျော်စွာ ကျွန်တော့်အနေနဲ့ ဒီကိစ္စရပ်အပေါ်မှာ ဦးစွာ ဆွေးနွေးပြောကြားလိုပါတယ်။

သဘာပတိကြီးနဲ့ ကိုယ်စားလှယ်တော်များခင်ဗျား၊

မနေ့ကပဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ နိုင်ငံတွင်းမှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးရရှိရေးအတွက် မြန်မာအစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို နိုင်ငံခြားသံတမန်များအား ဖိတ်ခေါ်ပြောကြားခဲ့ပါတယ်။ ဒီလိုပြောကြားခဲ့ရာမှာ အစိုးရသက်တမ်း ၁၈ လကာလအတွင်း မြန်မာနိုင်ငံရရှိခဲ့တဲ့ စွမ်းဆောင်အောင်မြင်မှုများနဲ့ ရင်ဆိုင်ကြုံတွေ့နေရဆဲ အခက်အခဲများကိုလည်း မီးမောင်းထိုးဖော်ပြခဲ့ပါတယ်။ ရခိုင်ပြည်နယ်မှာ မကြာသေးမီက အကြမ်းဖက်သမားများရဲ့ တိုက်ခိုက်မှုတွေကြောင့် လူမှုအသိုက်အဝန်းအားလုံးမှပြည်သူများ နေရပ်ပြောင်းရွှေ့တိမ်းရှောင်ခဲ့ရမှုများနဲ့ ဒုက္ခခံစားခဲ့ကြရမှုများအတွက် နိုင်ငံတကာအသိုက်အဝန်းနည်းတူ မြန်မာအစိုးရအနေနဲ့လည်း စိုးရိမ်ပူပန်မှုများ မျှဝေခံစားရပါကြောင်းကို ပြောကြားခဲ့ပါတယ်။ အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "မိမိတို့အနေနဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုမှန်သမျှနဲ့ ဥပဒေနဲ့မညီတဲ့ တိုက်ခိုက်မှုမှန်သမျှကို ရှုတ်ချကြောင်း၊ တစ်နိုင်ငံလုံးမှာ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနဲ့ တရားဥပဒေစိုးမိုးမှု ပြန်လည်ရရှိရေးအတွက် ကြိုးပမ်းသွားမှာဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကိုလည်း စစ်ဆင်ရေးဆောင်ရွက်ရာမှာ စစ်ဥပဒေစည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာကြရန်၊ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ကြရန်၊ အပြစ်မဲ့ပြည်သူများ မထိခိုက်စေရေးနဲ့ မလိုလားအပ်တဲ့ ထိခိုက်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး အပြည့်အဝ ကြိုးပမ်းဆောင်ရွက်ကြရန် ညွှန်ကြားထားရှိပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ တိုင်းပြည်တည်ငြိမ်ရေးနဲ့ သဟဇာတမျှတမှုရှိရေးတို့အပေါ် ထိခိုက်စေမယ့်လုပ်ရပ်မှန်သမျှကို တင်းကျပ်တဲ့ ဥပဒေစံနှုန်းများနဲ့အညီ ကိုင်တွယ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေကြားမှာ ထိခိုက်ခံစားခဲ့ကြရတဲ့ ပြည်သူများအတွက် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း" ပြောကြားခဲ့ပါတယ်။

သဘာပတိကြီးနဲ့ ကိုယ်စားလှယ်တော်များခင်ဗျား၊

ရခိုင်ပြည်နယ်အရေးကိစ္စဟာ လက်ရှိမြန်မာအစိုးရ နိုင်ငံ့တာဝန်များကို စတင်ထမ်းဆောင်ခဲ့တဲ့အချိန်ကစပြီး အစိုးရရဲ့ ထိပ်တန်းဦးစားပေးကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်မှုပြန်လည်ဖော်ဆောင်ရေးနဲ့ ဒေသတွင်းနေထိုင်ကြတဲ့ လူမှုအသိုက်အဝန်းများအကြား သဟဇာတမျှတမှုမြှင့်တင်နိုင်ရေးအတွက် အစိုးရဟာ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။

ရခိုင်ပြည်နယ်ရဲ့ အဓိကလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ရခိုင်ပြည်နယ် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုရရှိရေး အကောင်အထည်ဖော်မှုဆိုင်ရာ ဗဟိုကော်မတီကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ၂၀၁၆ ခုနှစ် မေလ ၃၀ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။

ထို့ပြင် ရှုပ်ထွေးလှတဲ့ ရခိုင်ပြည်နယ် အခြေအနေများနဲ့ပတ်သက်ပြီး ရေရှည်တည်တံ့တဲ့ ဖြေရှင်းမှုဆိုင်ရာအကြံဉာဏ်များ အစိုးရကိုပေးအပ်နိုင်ဖို့ ဒေါက်တာကိုဖီအာနန်ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တစ်ရပ်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းမှာ ဖွဲ့စည်းပေးခဲ့ပါတယ်။

ရခိုင်ပြည်နယ်မှာ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနဲ့ လူမှုရေးအရ သဟဇာတရှိမှုရရှိရေး ကြိုးပမ်းနေချိန်နဲ့ တစ်ဆက်တည်း ဒေသဖွံ့ဖြိုးတိုးတက်မှုရရှိစေဖို့အတွက် မိမိတို့ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းတွေဟာ လွယ်ကူတဲ့လုပ်ငန်းတာဝန်တွေမဟုတ်ပါ။ ဒေသတွင်းမှာနေထိုင်ကြတဲ့ အသိုက်အဝန်းများအကြား နားလည်ယုံကြည်မှု၊ သဟဇာတရှိမှုတွေ ပြန်လည်ရရှိလာစေမယ့် ပတ်ဝန်းကျင်တစ်ရပ် ဖော်ဆောင်နိုင်ရေးအတွက် ဆယ်စုနှစ်ပေါင်းများစွာ အမြစ်တွယ်လာခဲ့တဲ့ အပြန်အလှန်မယုံကြည်မှုတွေ တဖြည်းဖြည်းပပျောက်သွားအောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့က မစ္စတာကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အပြီးသတ်အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီအစီရင်ခံစာထုတ်ပြန်ခဲ့တာကို မြန်မာနိုင်ငံက မဆိုင်းမတွ ကြိုဆိုခဲ့ပါတယ်။

ဒီနေ့ညီလာခံကြီးဟာ အကြံပေးကော်မရှင်ရဲ့ အရေးကြီးတဲ့ သုံးသပ်ချက်များကို အကောင်အထည်ဖော်ရာမှာ ကျွန်တော်တို့ရရှိခဲ့တဲ့ တိုးတက်မှုတွေကို ကမ္ဘာကသိအောင် ပြောကြားဖို့ အခွင့်အလမ်းတစ်ရပ်ဖြစ်မယ်လို့ မူလက မျှော်လင့်ထားခဲ့ပါတယ်။

သို့သော်လည်း ပြီးခဲ့တဲ့လအတွင်းက ရခိုင်ပြည်နယ်မှာ ARSA လို့ခေါ်တဲ့ အကြမ်းဖက်အုပ်စုရဲ့တိုက်ခိုက်မှုတွေ စတင်ပြုလုပ်ခဲ့ပြီးနောက်ပိုင်း ရခိုင်ပြည်နယ်မှာဖြစ်ပေါ်နေတဲ့ လက်ရှိအခြေအနေတွေကိုသာ အလေးထားပြောကြားရမယ့် အနေအထားဖြစ်လာခဲ့ပါတယ်။

သဘာပတိကြီးနဲ့ ကိုယ်စားလှယ်တော်များခင်ဗျား၊

အဆွေတော်သိပြီးဖြစ်တဲ့အတိုင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အပြီးသတ်အစီရင်ခံစာ ထွက်ရှိလာပြီး နာရီပိုင်းအတွင်းမှာပဲ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရဲကင်းစခန်းပေါင်း(၃၀)ကို တစ်ပြိုင်တည်းအကွက်ကျကျ ညှိနှိုင်းပြီးမှ ဝင်ရောက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြပါတယ်။ ဒီတိုက်ခိုက်မှုတွေဟာ ၎င်းတို့လုပ်ဆောင်ခဲ့တာဖြစ်ကြောင်း ARSA အဖွဲ့က ကြေညာခဲ့ပါတယ်။

ဒီတိုက်ခိုက်မှုတွေကြောင့် ဒေသတွင်းမှာ အကြမ်းဖက်မှုတွေကို အသစ်တစ်ဖန်ဖြစ်ပွားစေပြီး အသက်ဆုံးရှုံးမှုအချို့၊ ထိခိုက်နစ်နာမှုတွေနဲ့ ဒေသတွင်းရှိ အသိုက်အဝန်းအားလုံး အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာမှုတွေ ဖြစ်ပေါ်လာစေခဲ့ပါတယ်။

ယခုလို မိမိတို့ရဲ့နေအိမ်တွေကို စွန့်ခွာထွက်ပြေးမှုတွေဟာ မူဆလင်များနဲ့ ရခိုင်တိုင်းရင်းသားတွေသာမကဘဲ လူနည်းစုတိုင်းရင်းသားတွေဖြစ်တဲ့ ဒိုင်းနက်၊ မြို၊ သက်၊ မရမာကြီးနဲ့ ဟိန္ဒူဘာသာဝင်တွေလည်း အပါအဝင်ဖြစ်ပါတယ်။ အခုတိုင်းရင်းသားလူနည်းစုတွေ ရှိနေတာရယ်၊ သူတို့လည်း ထိခိုက်ခံစားခဲ့ကြရတယ်ဆိုတာတွေကို ကမ္ဘာ့နိုင်ငံအတော်များများဟာ မသိရှိကြပါဘူး။

မြန်မာနိုင်ငံအစိုးရက ရခိုင်ပြည်နယ်ရဲ့ လက်ရှိအခြေအနေအပေါ် လွန်စွာစိုးရိမ်လျက်ရှိတယ်ဆိုတာကို ရှင်းလင်းစွာ သိစေလိုပါတယ်။ အသက်ဆုံးရှုံးခဲ့ရတဲ့ ရဲနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ အပြစ်မဲ့ပြည်သူတွေရဲ့ မိသားစုဝင်နဲ့ မိတ်ဆွေတွေအတွက် များစွာဝမ်းနည်းမိပါတယ်။ ဒါဟာ အလွန်ကြီးမားတဲ့ သက်ရောက်မှုရှိတဲ့ ပြဿနာတစ်ရပ်ဆိုတာ အငြင်းပွားစရာမရှိပါဘူး။

အခုအချိန်မှာတော့ အခြေအနေတွေဟာ တိုးတက်ကောင်းမွန်လာပြီဆိုတာကို ဝမ်းမြောက်စွာ အသိပေးပြောကြားလိုပါတယ်။ စက်တင်ဘာလ ၅ ရက်နေ့ကစတင်ပြီး လက်နက်ကိုင်တိုက်ခိုက်မှုတွေ မရှိတော့ဘူးလို့ သိရှိရပါတယ်။

ဒီလိုအခြေအနေမှာ မူဆလင်အများအပြားဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ဆက်လက်ထွက်ပြေးနေကြဆဲဖြစ်တယ်ဆိုတဲ့ သတင်းတွေအပေါ်မှာတော့ စိုးရိမ်မှုဖြစ်ပေါ်မိပါတယ်။

အခုလို လူအများအပြား ရွှေ့ပြောင်းတိမ်းရှောင်ကြရခြင်းရဲ့ အကြောင်းရင်းကို မိမိတို့ ရှာဖွေကြဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ လူသိနည်းတဲ့အချက်ကတော့ မူဆလင်အများအပြားဟာ ၎င်းတို့ရဲ့နေအိမ်များမှာ ဆက်လက်နေထိုင်ကြဖို့ ဆုံးဖြတ်ခဲ့ကြတယ်ဆိုတာပဲ ဖြစ်ပါတယ်။

ယခုအချိန်မှာ အကူအညီ လိုအပ်နေသူတွေအတွက် အရေးကြီးတဲ့ လူသားချင်းစာနာထောက်ထားမှုအကူအညီတွေ ပေးအပ်ဖို့လိုတယ်ဆိုတဲ့အချက်ကိုလည်း မိမိတို့အနေနဲ့ သဘောထားထပ်တူထပ်မျှရှိပါတယ်။

ဒ့ါအပြင် ရခိုင်ပြည်နယ်မှာဖြစ်ပေါ်နေတဲ့ စိန်ခေါ်မှုတွေကို ကိုင်တွယ်ဆောင်ရွက်ပေးဖို့ဟာ မြန်မာနိုင်ငံအစိုးရရဲ့ ပဏာမလုပ်ငန်းတာဝန်ဖြစ်တယ်ဆိုတာ အသိအမှတ်ပြုပါတယ်။ ရခိုင်ပြည်နယ်အခြေအနေဟာ ရှုပ်ထွေးလှပါတယ်။ ကျွန်တော်တို့ကြုံတွေ့ရတဲ့ စိန်ခေါ်မှုများဟာလည်း ကြီးမားလှပါတယ်။ သို့သော်လည်း ဒီစိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ ဘက်စုံအမျိုးသားမဟာဗျူဟာတစ်ရပ်ကို ချမှတ်ထားပြီးဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်များကို အကောင်အထည်ဖော်ဖို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ ကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ဝမ်းမြောက်စွာနဲ့ အသိပေးကြေညာလိုပါတယ်။ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ခံမှုရှိစေရေးအတွက် ကော်မတီအနေနဲ့ တိုးတက်မှုအစီရင်ခံစာကို လေးလတစ်ကြိမ် ပြည်သူများထံထုတ်ပြန်အသိပေးဖို့ တာဝန်သတ်မှတ်ပေးထားပါတယ်။ ဒီကော်မတီအပြင် ပြည်တွင်းနဲ့ နိုင်ငံတကာက ထင်ရှားတဲ့ပုဂ္ဂိုလ်များပါဝင်တဲ့ အကြံပေးဘုတ်အဖွဲ့ ဖွဲ့စည်းသွားဖို့လည်းရှိပါတယ်။

အခုအချိန်မှာ ရခိုင်ပြည်နယ်မှာ လူသားချင်းစာနာမှု အကူအညီပေးအပ်ရေးဟာ မိမိတို့ရဲ့ပထမဦးစားပေးလုပ်ငန်း ဖြစ်ပါတယ်။ အကူအညီလိုအပ်နေကြတဲ့ ပြည်သူများအားလုံး ခွဲခြားဆက်ဆံမှုမရှိဘဲ လူသားချင်းစာနာမှု အကူအညီများအား လက်ခံရရှိစေရေးအတွက် ဆောင်ရွက်သွားဖို့ ဆုံးဖြတ်ချက်ခိုင်မာစွာ ချမှတ်ထားပါတယ်။

စာမျက်နှာ ၉ သို့ ☆

☆ စာမျက်နှာ ၈ မှ

လူသားချင်းစာနာထောက်ထားရေးလုပ်ငန်းများအတွက် နိုင်ငံတော်က ရန်ပုံငွေနဲ့ အရင်းအမြစ်အများအပြားကို ခွဲဝေချမှတ်ထားပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံအစိုးရ ဦးဆောင်တဲ့ အကူအညီပေးရေး ယန္တရားသစ်တစ်ရပ်ကို ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့ရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ထူထောင်ထားပြီး လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးအပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းကိုလည်း ဝမ်းမြောက်စွာအသိပေးလိုပါတယ်။

ယခုအကူအညီပေးရေး လုပ်ငန်းအစီအစဉ်မှာ ပါဝင်ကူညီပံ့ပိုးရန်အတွက် ကမ်းလှမ်းလာတဲ့နိုင်ငံများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မြန်မာနိုင်ငံအစိုးရကိုယ်စား ပြောကြားလိုပါတယ်။ အထူးသဖြင့် ကမ္ဘာတစ်ဝန်းရှိ မိတ်ဆွေနိုင်ငံများထံမှ မကြာမီက ကူညီထောက်ပံ့ရန် ကမ်းလှမ်းမှုများအတွက် လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

တစ်ချိန်တည်းမှာပဲ မြန်မာနိုင်ငံအနေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ဆက်ဆံရေး တိုးမြှင့်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံက နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့ဟာ ဒီနှစ် ဇန်နဝါရီလနဲ့ ဇူလိုင်လအတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အသီးသီးသွားရောက်ခဲ့ကြပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပြည်ထဲရေးဝန်ကြီး မြန်မာနိုင်ငံကို ဩဂုတ်လအတွင်းက လာရောက်ဖို့စီစဉ်ခဲ့ပေမယ့် ၎င်းတို့ဝန်ကြီးဘက်က အဆင်မပြေမှုကြောင့် ခရီးစဉ်ကိုရွှေ့ဆိုင်းခဲ့ရပါတယ်။ ဝန်ကြီးအနေနဲ့ မြန်မာနိုင်ငံကို အဆင်ပြေတဲ့အချိန်လာရောက်ရေးကို လက်ကမ်းကြိုဆိုလျက်ရှိပြီး နယ်စပ်လုံခြုံရေးကိစ္စရပ်များနဲ့ ပတ်သက်ပြီး နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မယ်လို့ မိမိတို့မျှော်လင့်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ်မြောက်ပိုင်းကနေ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို မကြာမီက ပြောင်းရွှေ့သွားကြတဲ့သူတွေကို ပြန်လည်ခေါ်ယူဖို့ ပြောကြားမှုတွေ ရှိနေပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ လိုအပ်တဲ့ စိစစ်ရေးလုပ်ငန်းစဉ်တွေကို စတင်သွားဖို့ ပြင်ဆင်ထားရှိကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မနေ့က မိန့်ခွန်းထဲမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ မိမိတို့အိမ်နီးချင်း နှစ်နိုင်ငံအကြား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွေကို ပူးတွဲလုပ်ငန်းအဖွဲ့ တည်ထောင်ဖွဲ့စည်းပြီး လက်ခံခဲ့တဲ့အစဉ်အလာ ၁၉၉၃ ခုနှစ်ကတည်းက ရှိခဲ့ပါတယ်။ မိမိတို့အနေနဲ့ ၁၉၉၃ ခုနှစ်က ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းအတွေ့အကြုံတွေကို အခြေပြုပြီး လုပ်ငန်းစဉ်တစ်ရပ် ချမှတ်ဖော်ဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။

သဘာပတိကြီးနဲ့ ကိုယ်စားလှယ်တော်များခင်ဗျား၊

မည်သည့်ပုံစံနှင့် အသွင်သဏ္ဌာန်ဖြင့်ကျူးလွန်သည့် အကြမ်းဖက်မှုကို ပြစ်တင်ရှုတ်ချရာမှာ မြန်မာနိုင်ငံအနေနဲ့ ကျန်ကမ္ဘာ့နိုင်ငံများအားလုံးနဲ့အတူ တစ်သားတည်းရပ်တည်လျက်ရှိပါတယ်။ အကြမ်းဖက်မှုဟာ နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ဆိုးရွားစွာခြိမ်းခြောက်မှုများထဲမှာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မိမိတို့ရဲ့ရပ်တည်ချက်ဟာ ရှင်းလင်းပြတ်သားပါတယ်။ မည်သည့်အကြမ်းဖက်မှုကိုမဆို မိမိတို့အနေနဲ့ခွင့်လွှတ်ဖို့ မဖြစ်နိုင်ပါဘူး။

တစ်ချိန်တည်းမှာ အစိုးရအနေနဲ့ ရခိုင်ပြည်နယ်ရဲ့ ရှုပ်ထွေးတဲ့စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ဖို့လိုအပ်တဲ့ ရေရှည်မဟာဗျူဟာစီမံချက် ချမှတ်ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို အကြမ်းဖက်လှုပ်ရှားမှုများက ဟန့်တားနှောင့်ယှက်နိုင်မှု မရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်များဟာ ကျွန်တော်တို့ အတွက် ရှင်းလင်းတဲ့လမ်းပြမြေပုံတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်များအား အကောင်အထည်ဖော်ရေးကော်မတီအနေနဲ့ ပြီးခဲ့တဲ့ ရက်သတ္တပတ်က စတင်ပြီး ၎င်းတို့ရဲ့လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းနဲ့ ကျွန်တော်တို့ရဲ့ လုပ်ငန်းအစီအစဉ်အချို့ကို မျက်မြင်လာရောက်ကြည့်ရှုဖို့ လေ့လာသူများကိုလည်း ဖိတ်ကြားသွားမှာဖြစ်ပါတယ်။

သဘာပတိကြီးနဲ့ ကိုယ်စားလှယ်တော်များခင်ဗျား၊

ရခိုင်ပြည်နယ်မှာ မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်များဟာ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနဲ့ ဒီမိုကရေစီရေးအတွက် မိမိတို့လျှောက်လှမ်းရမယ့် ခရီးရှည်ကြီးမှာ ကြုံတွေ့ရမယ့် ခက်ခဲတဲ့စိန်ခေါ်မှုများ ဖြစ်တယ်ဆိုတာ ထိခိုက်နာကျင်စေရတဲ့ သတိပေးချက်တစ်ခုပဲဖြစ်ပါတယ်။

သို့သော်လည်း ပြီးခဲ့တဲ့နှစ်က ဒီစင်မြင့်ထက်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပထမအကြိမ် မိန့်ခွန်းပြောကြားခဲ့စဉ်က အတိုင်း ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးကတိကဝတ်ဟာ မယိမ်းမယိုင် ခိုင်ခိုင်မာမာ ဆက်လက်တည်ရှိနေတယ်ဆိုတာ ထပ်လောင်းပြောကြားလိုပါတယ်။

အဲဒီကတိကဝတ်ကို အကောင်အထည်ဖော်ရာမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဓိကဦးစားပေးအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ သာတူညီမျှ အခွင့်အရေးရှိခြင်းနဲ့ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခြင်းဆိုတဲ့ မူတွေအပေါ် အခြေခံတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ဖြစ်ပေါ်လာရေးဟာ ကျွန်တော်တို့ရဲ့ ရှင်းလင်းပြတ်သားတဲ့ မျှော်မှန်းချက်ပဲ ဖြစ်ပါတယ်။

နိုင်ငံတွင်းဆောင်ရွက်လျက်ရှိတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနဲ့ပတ်သက်ပြီး ယခုနှစ် မေလမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံရဲ့ ဒုတိယအကြိမ် အစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့တဲ့အကြောင်း ဝမ်းမြောက်စွာ အသိပေးပြောကြားလိုပါတယ်။ အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုရဲ့ အခြေခံအုတ်မြစ်ဖြစ်လာမယ့် အဓိကအခြေခံမူများကို ပထမဦးဆုံး ဆွေးနွေးချမှတ် သဘောတူနိုင်ခဲ့ပါတယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ မြေယာနဲ့ သဘာဝ ပတ်ဝန်းကျင်ကဏ္ဍများနဲ့ ပတ်သက်တဲ့ အခြေခံမူ (၃၇) ချက်ပါဝင်တဲ့ ပြည်ထောင်စုသဘောတူစာချုပ်ကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ နိုင်ငံရေးပါတီများရဲ့ ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

အဲဒီလို စစ်မှန်တဲ့တိုးတက်မှုများ ရရှိလျက်ရှိနေသော်လည်း ကျွန်တော်တို့ ရှေ့ဆက်လျှောက်ရမယ့်လမ်းဟာ ရှည်လျားပြီး ရှုပ်ထွေးခက်ခဲတယ်ဆိုတာကို သိထားပါတယ်။ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဟာ အကဲဆတ်တဲ့ အနေအထားမှာရှိပါတယ်။ ယခုလို နိုင်ငံတော်ရဲ့သမိုင်းမှာ အရေးပါတဲ့အနေအထားကို ရောက်နေတဲ့အချိန်မှာ နိုင်ငံတကာ အသိုက်အဝန်းအနေနဲ့ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနဲ့ ဒီမိုကရေစီရရှိရေး ကြိုးပမ်းဆောင်ရွက်မှုတွေကို ဆက်လက်ပြီး ထောက်ခံပေးကြဖို့ကို ပန်ကြားလိုပါတယ်။

သဘာပတိကြီးနဲ့ ကိုယ်စားလှယ်တော်များခင်ဗျား၊

မိမိရဲ့ မိန့်ခွန်းကို အဆုံးမသတ်မီ မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်နဲ့ အခြေခံမူများအပေါ် သက်ဝင်ယုံကြည်မှု ရှိပါကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

ငြိမ်းချမ်းပြီး သဟဇာတရှိတဲ့ကမ္ဘာကြီး ပေါ်ထွန်းလာစေရေးအတွက် မြန်မာနိုင်ငံအနေနဲ့ ခိုင်မာစွာ ကတိကဝတ်ပြုပါကြောင်း အလေးပေးပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ် သဘာပတိကြီးခင်ဗျား။

ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဒေသအဖြစ် မြောက်ဦးဒေသအား သတ်မှတ်နိုင်ရေး အဆိုပြုလွှာမူကြမ်း တင်သွင်းမည်

မောင်တော စက်တင်ဘာ ၂၁

ရခိုင်ပြည်နယ် မြောက်ဦးဒေသအား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် ဒေသတစ်ခုအဖြစ် သတ်မှတ်ရွေးချယ်နိုင်ရေး အတွက် လိုအပ်သော ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် အဆိုပြုလွှာမူကြမ်းကို တင်သွင်းသွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက ပြောကြားသည်။

စက်တင်ဘာ ၁၉ ရက်က ကျင်းပသော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့် မောင်တောခရိုင်မှ တာဝန်ရှိသူများ တွေ့ဆုံပွဲ၌ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက ပြောကြားခြင်းဖြစ်သည်။

ထိုသို့ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်ဒေသအဖြစ် သတ်မှတ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၃၈၅ သိန်း အသုံးပြု၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

"ကမ္ဘာမှာ ယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝအမွေအနှစ်နဲ့ ယဉ်ကျေးမှုနဲ့ သဘာဝရောနှောအမွေအနှစ်ဆိုပြီး သုံးမျိုးရှိပါတယ်။ ယဉ်ကျေးမှုနှင့် သဘာဝရောနှောအမွေအနှစ်ဆိုတာ အင်းလေးကန်လိုမျိုး ဖြစ်ပါတယ်။ မြောက်ဦးဒေသက ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ပါတယ်။ ဒါကြောင့် မြောက်ဦးဒေသကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်ဒေသတစ်ခုအဖြစ် စာရင်းဝင်ဖို့ ကျွန်တော်တို့အနေနဲ့ ကြိုတင်ပြင်ဆင် ဆောင်ရွက်နေပါတယ်။ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွေပြီးရင် အဆိုပြုလွှာမူကြမ်းရေးဆွဲပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာလမှာ ယူနက်စကိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ အဆိုပြုလွှာတင်သွင်းပြီးရင် ၂၀၁၉ ခုနှစ်မှာ ယူနက်စကိုရဲ့နိုင်ငံပေါင်း ၂၁ နိုင်ငံပါဝင်တဲ့ ဘုတ်အဖွဲ့ကနေ မြောက်ဦးဒေသကိုကွင်းဆင်းစစ်ဆေးပြီး ယဉ်ကျေးမှုအမွေအနှစ် ဒေသတစ်ခုအဖြစ် မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်"ဟု အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံကပြောသည်။

မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ပြီးစီးပါက ရခိုင်ပြည်နယ်အတွင်းရှိ အခြားယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းနိုင်ရန် စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မြောက်ဦးဒေသကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်ဒေသတစ်ခုအဖြစ် သတ်မှတ်ခဲ့ပါက ရခိုင်ပြည်နယ်၌ လေယာဉ်ကွင်းတည်ဆောက်ခြင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည့်အပြင် ဒေသနှင့်ဆက်စပ်လျက်ရှိသည့် အခြားစီးပွားရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(မင်းထက်အောင်၊ တင်မောင်လွင်)

ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမားများအတွက် CI ထုတ်ပေးလျက်ရှိသည့်အပြင် အခြားဝန်ဆောင်မှုတို့ကို One Stop Service အနေဖြင့် စက်တင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၁

ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများအား CI ထုတ်ပေးရေး လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် ကြေညာချက်တစ်ရပ် ထုတ်ပြန်ကြေညာသည်။

အဆိုပါကြေညာချက်အရ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိပြီး ထိုင်းနိုင်ငံမှ ထုတ်ပေးထားသော ယာယီနေထိုင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (ဘတ်ကတ်ခေါ် TR – 38) ကိုင်ဆောင်ထားသည့် မြန်မာအလုပ်သမားများကို မဟာချိုင် (၁) နှင့် (၂)၊ စမုပရာကန်၊ မယ်ဆိုင်၊ မဲဆောက်နှင့် ရနောင်းမြို့တို့တွင် မတ် ၃ ရက်မှစ၍ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity - CI) ထုတ်ပေးရေးစခန်းများ ဖွင့်လှစ်ပြီး CI ထုတ်ပေးလျက်ရှိသည့်အပြင် ထိုင်းနိုင်ငံမှ ဆေးစစ်ခြင်း၊ နေထိုင်ခွင့် (Visa) ထုတ်ပေးခြင်းနှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (Work Permit) ထုတ်ပေးခြင်းတို့ကို One Stop Service အနေဖြင့် ယင်းစခန်းများ၌ စက်တင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချင်းမိုင်၊ နခွန်စဝမ်နှင့် ဆောင်ခလာမြို့များတွင်လည်း CIထုတ်ပေးရေးစခန်းသုံးခုကို စက်တင်ဘာ ၁၅ ရက်မှ စတင်တိုးချဲ့ဖွင့်လှစ်၍ ထိုင်းနိုင်ငံမှ ဆေးစစ်ခြင်း၊ နေထိုင်ခွင့် (Visa) ထုတ်ပေးခြင်းနှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (Work Permit) ထုတ်ပေးခြင်းတို့ကို One Stop Service အနေဖြင့် တစ်ပါတည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယာယီမြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းကုန်ဆုံးမည့် အလုပ်သမားများနှင့် ထိုင်းနိုင်ငံ အလုပ်အကိုင်ဌာန၌ မှတ်ပုံတင်ထားသည့် အထောက်အထားမဲ့ မြန်မာအလုပ်သမားများအား CI ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ထိုင်းနိုင်ငံရှိ စမုစခွန်(မဟာချိုင်) (၁)နှင့် (၂)၊ စမုပရာကန်၊ မယ်ဆိုင်၊ မဲဆောက်နှင့် ရနောင်း CI ထုတ်ပေးရေးစခန်းခြောက်ခုနှင့် ထပ်မံတိုးချဲ့ဖွင့်လှစ်ထားသည့် ချင်းမိုင်၊ နခွန်စဝမ်နှင့် ဆောင်ခလာ CI ထုတ်ပေးရေးစခန်း သုံးခုတို့တွင်လည်း တစ်ပါတည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အလုပ်သမားများအနေဖြင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity- CI) ထုတ်ယူရန်အတွက် TR- 38 သို့မဟုတ် ယာယီမြန်မာနိုင်ငံကူးလက်မှတ် သို့မဟုတ် ထိုင်းအလုပ်အကိုင်ဌာနမှ ထုတ်ပေးသည့် အထောက်အထား စာရွက်စာတမ်းနှင့်အတူ Counter Services Co., Ltd မှ ဝန်ဆောင်မှုပေးနေသော နီးစပ်ရာ မည်သည့်ကောင်တာသို့မဆို သွားရောက်ပြီး မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity- CI) ထုတ်ယူလိုသည့် စခန်းအမည်ကို တိကျစွာ ပြောဆိုလျှောက်ထားရမည်ဖြစ်ကြောင်း။

Counter Services Co.,Ltd ကောင်တာသည် လျှောက်ထားလာသော အလုပ်သမားထံမှ TR-38 သို့မဟုတ် ယာယီမြန်မာနိုင်ငံကူးလက်မှတ် သို့မဟုတ် ထိုင်းအလုပ်အကိုင်ဌာနမှ ထုတ်ပေးသည့် အထောက်အထား စာရွက်စာတမ်းကို မှန်၊ မမှန် စိစစ်ပြီး မှန်ကန်သည့် အလုပ်သမားသည် ၎င်း Counter Services Co., Ltd ကောင်တာတွင် ကုန်ကျစရိတ် **ဘတ် ၃၀၀ (ဘတ်သုံးရာ)**တိတိ ပေးသွင်းရမည်ဖြစ်ကြောင်း။

မိမိသွားရောက် ထုတ်ယူလိုသည့် **CI စခန်းအမည်၊ သွားရောက်ဆောင်ရွက်ရမည့်နေ့ရက်၊ တိုကင်နံပါတ်နှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့** ပါဝင်သည့် ထိုင်း၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားထားသော ငွေသွင်းပြေစာကို Counter Services Co., Ltd ကောင်တာမှ ပြန်လည် ထုတ်ပေးပြီး ယင်းအချက်အလက်များကို အလုပ်သမား၏ လက်ကိုင်ဖုန်းသို့ SMS ပေးပို့သွားမည်ဖြစ်ကြောင်း။

အထူးသတိပြုရန်မှာ အလုပ်သမားများအနေဖြင့် ငွေသွင်းပြေစာ၌ပါရှိသည့် နေ့ရက်အတိုင်း CI ထုတ်ပေးရေးစခန်းသို့ မပျက်မကွက် သွားရောက်ဆောင်ရွက်ရမည်ဖြစ်ပြီး TR – 38 သို့မဟုတ် ယာယီမြန်မာနိုင်ငံကူးလက်မှတ် သို့မဟုတ် ထိုင်းအလုပ်အကိုင်ဌာနမှ ထုတ်ပေးသည့် အထောက်အထား စာရွက်စာတမ်းနှင့်အတူ သက်ဆိုင်ရာ CI စခန်းသို့ မပျက်မကွက် သွားရောက်ပြီး "CI လျှောက်ထားသူ၏ ကိုယ်ရေးမှတ်တမ်း ထိန်းသိမ်းရန်ပုံစံ"ကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ CI စခန်းတွင် အလုပ်သမား၏ ကိုယ်ရေးအချက်အလက်များကို စိစစ်မှုခံယူခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ မျက်မြင်စိစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးပါက မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity– CI) နှင့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြားကို တာဝန်ရှိသူမှ ထုတ်ပေးမည်ဖြစ်ပြီး CI နှင့် ပြည်ပအလုပ်အကိုင်သက်သေခံကတ်ပြား ထုတ်ယူပြီးပါက ထိုင်းနိုင်ငံရှိ သက်ဆိုင်ရာဌာနများက ဆေးစစ်ခြင်း၊ နေထိုင်ခွင့် (Visa) ထုတ်ပေးခြင်းနှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (Work Permit) ထုတ်ပေးခြင်း One Stop Service ကို CI စခန်းများ၌ပင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းစဉ်အတွက် ထိုင်းနိုင်ငံမှ တရားဝင်သတ်မှတ်ထားသည့် ဗီဇာကြေးဘတ် ၅၀၀ (၂၀၁၈ ခုနှစ် မတ် ၃၁ ရက်အထိသာ)၊ စာရွက်စာတမ်းကြေး ဘတ် ၁၀၀၊ အလုပ်လုပ်ကိုင်ခွင့်လက်မှတ် နှစ်ဝက်အတွက် ဘတ် ၅၅၀ နှင့် တစ်နှစ်အတွက် ဘတ် ၁၀၀၀၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးအာမခံကြေး ဘတ် ၁၆၀၀ စုစုပေါင်းဘတ် ၂၆၅၀ မှ ဘတ် ၃၁၀၀ ထိကို ထိုင်းနိုင်ငံသက်ဆိုင်ရာဌာနများသို့ ပေးသွင်းရမည်ဖြစ်ကြောင်းနှင့် လက်ရှိထုတ်ပေးထားသည့် CI စာအုပ်ကိုင်ဆောင်ထားသော အလုပ်သမားများအနေဖြင့် CI စာအုပ်သက်တမ်းကာလအတွင်း နိုင်ငံသားအထောက်အထားများပြုလုပ်၍ သာမန်နိုင်ငံကူးလက်မှတ် ပြောင်းလဲလျှောက်ထားရန် လိုအပ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၁
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ တွေ့ဆုံပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဝန်ကြီးရုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း ၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဖွင့်ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် အရာထမ်း၊ အမှုထမ်းများက ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ ဖွဲ့စည်းပုံတိုးချဲ့ပြီး အင်အားဖြည့်တင်းပေးရေး၊ ရုပ်ရှင်ဆိုင်ရာ အချက်အလက် အသေးစိတ်စာရင်းကောက်ယူရေး၊ စာပေဗိမာန်ထုတ်စာအုပ်များကို ဝယ်ယူဖြည့်တင်းရေး၊ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲရန် ငွေကြေးလိုအပ်မှု၊ နေပြည်တော်သို့ တာဝန်ဖြင့် အခြားဒေသမှ လာရောက်သော ဝန်ထမ်းများအတွက် နေ့တွက်စရိတ်အပြင် တည်းခိုစရိတ်များ ရရှိရေး၊ နေ့စားဝန်ထမ်းလုပ်သက် ငါးနှစ်ပြည့်ပြီဖြစ်၍ အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ပေးရေး၊ အဆင့်တိုးစာမေးပွဲတွင် လုပ်သက်ရင့်ဝန်ထမ်းများအား ဦးစားပေးခန့်ထားနိုင်ရေး၊ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသအပါအဝင် ဖွံ့ဖြိုးတိုးတက်မှု အားနည်းသော ဒေသများသို့ နိုင်ငံပိုင်သတင်းစာများ ရောက်ရှိရေး စသည်ဖြင့် တင်ပြကြရာ ဌာနဆိုင်ရာ အကြီးအကဲများက ဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့၏ အခက်အခဲများ၊ ဌာနအတွက် သင့်တော်ကောင်းမွန်သော အကြံဉာဏ်များကို ပြောကြားခြင်းဖြင့် တင်ပြချက်များကို အလေးထား ပြန်ကြားပေးနေသည့်အတွက် ကောင်းမွန်သော အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန်၊ ဝန်ထမ်းများအနေဖြင့် မိမိဌာန ဆက်လက်ရှင်သန်ရေး၊ ရပ်တည်နိုင်ရေး ပိုမိုအားထုတ် ကြိုးစားဆောင်ရွက်သွားကြရန်၊ နည်းပညာများ ထွန်းကားတိုးတက်လာချိန်ဖြစ်၍ ပြောင်းလဲလာသော ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားရန်နှင့် ကိုယ့်ဘာသာကိုယ် ကျေနပ်အောင် ကြိုးပမ်းစွမ်းဆောင်နေသလို အများပြည်သူကပါ အသိအမှတ်ပြုလက်ခံသည့် ဌာနတစ်ခုဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ဌာန**
(၁) ဦးကျော်မိုးထွန်း	ညွှန်ကြားရေးမှူးချုပ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(၂)ဦးခမ်းအောင်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စာတိုက်လုပ်ငန်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
(၃)ဦးလှမောင်သိန်း	ညွှန်ကြားရေးမှူးချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန
(၄)ဒေါ်ခင်မာရီ	ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း စက်မှုဝန်ကြီးဌာန
(၅) ဦးကျော်စိုး	ညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုရာထူးဝန်အဖွဲ့

မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

နေပြည်တော် စက်တင်ဘာ ၂၂
Mrs. Eva HAGER အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဩစတြီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီးဖြစ်သည်။

Mrs. Eva HAGER ကို ၁၉၅၇ ခုနှစ် မတ်လ ၇ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၅ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာတက္ကသိုလ်မှ အာရပ်နှင့် အစ္စလာမ့်မစ် လေ့လာရေးနှင့် နိုင်ငံရေးသိပ္ပံဆိုင်ရာ ပါရဂူဘွဲ့ကို ရရှိခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ဩစတြီးယား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ၂၀၀၅ ခုနှစ်အထိ ဩစတြီးယား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆီးရီးယား၊ အယ်လ်ဂျီးရီးယား၊ တူနီးရှား၊ မက္ကဆီကိုနိုင်ငံများရှိ ဩစတြီးယား သံရုံးများနှင့် Strasbourg ရှိ ကောင်စစ်ဝန်ချုပ်ရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၅ ခုနှစ် ဧပြီလမှ ၂၀၀၉ ခုနှစ် ဩဂုတ်လအထိ ဆိုက်ပရပ်စ်နိုင်ငံ ဆိုင်ရာ ဩစတြီးယားသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစ၍ မက္ကဆီကိုပြည်ထောင်စုနိုင်ငံဆိုင်ရာ ဩစတြီးယား သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်နှင့် အာရပ်ဘာသာစကားတို့ကို တတ်ကျွမ်းကြောင်း သိရသည်။ **(သတင်းစဉ်)**

ချေးငွေများ ထုတ်ချေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၁
စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (SME)ကဏ္ဍနှင့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ချေးငွေများ ထုတ်ချေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၌ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးရန် ငွေကျပ် ဘီလီယံ ၁၇၀၀ ကို လျာထားခဲ့ပြီး စုစုပေါင်း ငွေကျပ် ဘီလီယံ ၁၆၃၀ ထုတ်ချေးခဲ့ပါကြောင်း၊ လက်ရှိ ၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေကျပ် ဘီလီယံ ၁၉၈၀ ကို လျာထားခဲ့ပြီး စက်တင်ဘာ ၁၅ရက်အထိ ငွေကျပ် ၁၃၁၃ ဘီလီယံကို ထုတ်ချေးပြီး ဖြစ်ပါကြောင်း။

ထို့ပြင် JICA ချေးငွေအစီအစဉ်ဖြင့် တောင်သူလယ်သမားများထံ နှစ်လတ်ချေးငွေများ ထုတ်ချေးပေးရန် စတင်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ် (SMIDB)မှ တစ်ဆင့် SMEs လုပ်ငန်းများသို့ အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ငွေကျပ် ဘီလီယံ ၃၀ ကို ၂၀၁၅ - ၂၀၁၆ နှင့် ၂၀၁၆ - ၂၀၁၇ဘဏ္ဍာနှစ်များတွင် ထုတ်ချေးပေးခဲ့ပါကြောင်း၊ JICA မှ သက်သာသော နှစ်ရှည်ချေးငွေရယူ၍ SMEs များသို့ ပုဂ္ဂလိက ဘဏ်ခြောက်ဘဏ်မှ wo-Step Loan ချေးငွေ အသွင်ဖြင့် နှစ်လတ် (သုံးနှစ်မှ ငါးနှစ်ထိ)ချေးငွေကျပ် ၅၇ ဘီလီယံကို ထုတ်ချေးခဲ့ပါကြောင်း၊ဒုတိယအဆင့်အနေဖြင့် ငွေကျပ်ဘီလီယံ ၁၈၀ ခန့် ချေးငွေများ ထုတ်ချေးပေးနိုင်ရန် JICA နှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်း။

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ပြည်သူများ အိုးပိုင်၊ အိမ်ပိုင်ရရှိရေး အတွက် အိမ်ရာချေးငွေများ၊ ဆောက်လုပ်ရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်က ဆောက်လုပ်ရေးလုပ်ငန်းရှင်များကို ငွေကျပ် ၁၄၂ ဘီလီယံ ထုတ်ချေးထားပါကြောင်း၊ နိုင်ငံတော်ပိုင်းအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှတစ်ဆင့် လှည့်ပတ်ရန်ပုံငွေအဖြစ် ငွေကျပ် ဘီလီယံ ၁၀၀ ကို ဆောက်လုပ်ရေးကဏ္ဍအတွက် ဘဏ္ဍာရေးအထောက်အကူပြုခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာ့စီးပွားရေးဘဏ်က ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် ငွေကျပ် ဘီလီယံ ၃၀ ကို အတိုးနှုန်း ၈ ဒသမ ၂၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးခဲ့ပါကြောင်း၊ ထပ်မံ၍လည်း ငွေကျပ် ဘီလီယံ ၃၀ ကို ထုတ်ချေးပေးရန် စီစဉ်ထားရှိပါကြောင်း။

ဆောက်လုပ်ရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် ဂျပန်နိုင်ငံ JICA မှ သက်သာသော အတိုးနှုန်းဖြင့် နှစ်ရှည်ချေးငွေအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် နှစ်အလိုက်ချေးငွေကျပ် ဘီလီယံ ၂၀၀၊ SMEs အတွက် နှစ်အလိုက်ချေးငွေကျပ် ဘီလီယံ ၂၅၀၊ ဆောက်လုပ်ရေးလုပ်ငန်းအတွက် နှစ်အလိုက်ချေးငွေကျပ် ဘီလီယံ ၅၀၊ မြန်မာ့စီးပွားရေးဘဏ် ချေးငွေကဏ္ဍအတွက် နှစ်တိုချေးငွေကျပ် ဘီလီယံ ၂၀၀ စုစုပေါင်း ငွေကျပ် ဘီလီယံ ၇၀၀ အား ထုတ်ချေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ငွေ၊ စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ CEO ဦးဝင်းဇော်၊ မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာ ဒေါ်တင်တင်ရီနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ချေးငွေရယူရာတွင် လိုက်နာရမည့် မူဝါဒရေးရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး သတင်း မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။ **(သတင်းစဉ်)**

ကော့မှူးမြို့နယ် လူထုဗဟိုပြု စီမံကိန်း ပညာပေး ပြခန်း ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂၁
ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သော လူထုဗဟိုပြုစီမံကိန်းအကြောင်း ပညာပေးပြခန်းဖွင့်ပွဲကို ယခုလ ဒုတိယပတ်က အဖျောက်ကျေးရွာအုပ်စု အဖျောက်ကျေးရွာဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ပညာပေးပြခန်းကို ကျေးရွာသူကျေးရွာသားများအနေဖြင့် ထဲထဲဝင်ဝင်ပိုမိုသိရှိနိုင်စေရန် ကျေးရွာလူထုနှင့် ထိတွေ့ဆက်ဆံမှုအားကောင်းလာကာ အပြန်အလှန်နားလည်မှုများတိုးတက်ဖြစ်ထွန်းလာပြီး စီမံကိန်းတွင် ပူးပေါင်းပါဝင်မှု ပိုမိုအားကောင်းလာစေရန်နှင့် စီမံကိန်းအကြောင်း ထိထိရောက်ရောက် အသိပညာ ဖြန့်ဝေနိုင်စေရန် ရည်ရွယ်ပြီး ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ (ဗိုလ်လုပွဲစဉ်များ) ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ပြုလုပ်သည့် မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ (ဗိုလ်လုပွဲစဉ်များ) ဒုတိယနေ့နှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေ ၆ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၏ ဇနီး ဒေါ်ခိုင်နွယ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ချီးမြှင့်အားပေးသည်။

မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ(ဗိုလ်လုပွဲစဉ်များ)ကို စက်တင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ အမျိုးသားဇာတ်ရုံ(ရန်ကုန်) တွင် အငြိမ့်အဖွဲ့ရှစ်ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့(ဗိုလ်လုပွဲစဉ်များ) ဒုတိယနေ့တွင် စကားဝါမြေ (ရွှေညီကိုအောင်ဇော်ဗိုလ်ဆိုင်းအဖွဲ့)က လည်းကောင်း၊ မန်းစတား(ပိုင်အောင်ဆိုင်းအဖွဲ့)ကလည်းကောင်း၊ ဖွဲ့(မြန်မာပြည်သားလေး-ဗိုလ်ဗိုလ်ဆင့်ဆိုင်းအဖွဲ့) ကလည်းကောင်း၊ လူငယ်စတား (ဦးအောင်ဝမ်းတူးဆိုင်းအဖွဲ့) တို့က လည်းကောင်း အသီးသီးကပြဖျော်ဖြေတင်ဆက်ကြသည်။

အလားတူ မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ(ဗိုလ်လုပွဲစဉ်များ)ပထမနေ့တွင် ဖူးသစ်ကြယ်စင် (အောင်သူဟိန်းဆိုင်းအဖွဲ့)က လည်းကောင်း၊ ရွှေညာမြေရဲ့ကြယ်ပွင့်များ (ဂီတဝိဇ္ဇာအောင်ဝမ်းတူးဆိုင်းအဖွဲ့) ကလည်းကောင်း၊ မော်ဒယ်ဟား (သားကြီးတင်ဝင်းအောင်ဆိုင်းအဖွဲ့) ကလည်းကောင်း၊ ခေတ်သစ်ကြေးမုံ (ရန်ကုန်ဓူဝံမင်္ဂလာဆိုင်းအဖွဲ့) တို့က လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ယနေ့ညပြိုင်ပွဲအပြီးတွင် ဆုရရှိသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ(ဗိုလ်လုပွဲစဉ်များ)နှင့် ပတ်သက်၍ အဆိုပါပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖြစ်ပါဝင်ဆောင်ရွက်သူ ဟာသပညာရှင် ဦးမိုးဒီက “ပုဂ္ဂိုလ်ရေးရာအရ ဖားတာ၊ အပုပ်ချတာ အဲဒီလိုမျိုးတွေ မလုပ်ဖို့ပြောထားတယ်။ ကျန်တာ တစ်ခုက လက်ရှိအစိုးရရဲ့လိုအပ်ချက်၊ အားနည်းချက်တွေကို အစိုးရကို သိစေချင်တယ်။ ဒါကိုဟာသနဲ့လည်း ကောင်း၊ တေးသီချင်းနဲ့လည်းကောင်း ပြောပါ။ ဒါကိုခွင့်ပြုပေးထားတယ်။ ကျန်တာကို သိပ်ပြီးချုပ်ချယ်ထားတာ မရှိဘူး။ ဒီမိုကရေစီအငြိမ့်ပွဲ ကျင်းပတာနဲ့ပတ်သက်ပြီး နောက်ဆုံးအဆင့်တက်ရောက်လာတဲ့ အဖွဲ့ရှစ်ဖွဲ့ထဲမှာ တကယ့်ဝါရင့်ပုဂ္ဂိုလ်တွေ သိပ်မပါဘူး။ လူသစ်မျိုးဆက်သစ်တွေပဲ ပါဝင်ကြတယ်။ ကလေးတွေ တော်ကြတယ်။ အတွေးသစ် အမြင်သစ်တွေ မြင်ကြတယ်။ ပြောရဲဆိုရဲ လုပ်ရဲကိုင်ရဲတဲ့သတ္တိတွေကို မြင်ရတယ်”ဟု ပြောသည်။

အလားတူ ဝါရင့်အနုပညာရှင် ဦးဇင်ဝိုင်းက “လုပ်သင့်လုပ်ထိုက်တဲ့ ပွဲတစ်ပွဲဖြစ်ပါတယ်။ အလွန်ကို ကျေနပ်မိပါတယ်။ ဒီလိုမျိုးစီစဉ်ပေးတဲ့သူ၊ ဝိုင်းဝန်းပံ့ပိုးသူအားလုံးကို ပြည်သူ ပြည်သားတစ်ဦးအနေနဲ့ ကျေးဇူးလည်းတင်ပါတယ်။ တိုင်းပြည်အတွက်အလွန်အရေးပါတဲ့ကိစ္စကြီး တစ်ခုကိုပြည်သူတွေကို ပေါ့ပေါ့ပါးပါးလေးဖြစ်အောင်ဖန်တီးတင်ဆက်နိုင်စွမ်းရှိကြတယ်။ ဒီနေ့အထိ လူရွှင်တော်များက ဒီတာဝန်ကျေကြတာတွေ့ရတယ်။ လူထုတွေအားလုံးအတွက် အကျိုးရှိတာတွေ့ရပါတယ်။ မြန်မာ့ဇာတ်သဘင်လောကအတွက် အငြိမ့်ပြိုင်ပွဲဟာ အထောက်အကူတစ်ရပ် ဖြစ်စေပါတယ်။ အငြိမ့်ဆိုတဲ့အနုပညာ တစ်ရပ်အတွက် အားရစရာကောင်းပါတယ်”ဟု ပြောသည်။

အဆိုပါပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အထူးဆုများကို ရွေးချယ်သွားမည် ဖြစ်သည့်အပြင် အကောင်းဆုံး လူရွှင်တော်အဖွဲ့ဆု၊ အကောင်းဆုံး ဆိုင်းအဖွဲ့ဆု၊ အကောင်းဆုံး မင်းသမီးဆု၊ မျိုးဆက်သစ်ဆု၊ အကောင်းဆုံး တေးသီချင်းဆုနှင့် ပရိသတ်အကြိုက်ဆုံးအဖွဲ့ဆုများကို ချီးမြှင့်သွားမည်ဖြစ်ရာ ဆုချီးမြှင့်ငွေများအဖြစ် ပထမဆု ငွေကျပ်သိန်း ၆၀၊ ဒုတိယဆုငွေကျပ် ၃၇ သိန်း၊ တတိယဆု ငွေကျပ် ၂၅ သိန်း၊ မျိုးဆက်သစ်ဆုငွေကျပ်သိန်း ၂၀၊ တေးသီချင်းဆု ငွေကျပ် ၁၅ သိန်း၊ အကောင်းဆုံးဆုများအတွက် ငွေကျပ်သိန်း ၂၀၊ အကောင်းဆုံးမင်းသမီးဆု ငွေကျပ် ၁၅ သိန်း၊ အထူးဆုများအတွက် ငွေကျပ် ၁၃ သိန်းနှင့် လာရောက်ကြည့်ရှုကြသည့် ပရိသတ်များ၏ ဆန္ဒမဲစနစ်ဖြင့် ရွေးချယ်ခဲ့သော ပရိသတ်အကြိုက်ဆုံးအဖွဲ့ဆုအတွက် ငွေကျပ်သိန်း ၂၀ တို့ကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

အကဲဖြတ်ဒိုင်များအဖြစ် ဆိုင်းပညာရှင် မွန်ပြည်နယ် ဦးကိုကိုနိုင်၊ တေးရေးပညာရှင် ဦးညွှန့်လှိုင်လှိုင်၊ စာပေပညာရှင် ဦးငြိမ်းမင်း၊ ဟာသပညာရှင် ဦးပေါစိန်(မန္တလေး)၊ ဟာသပညာရှင် ဦးမိုးဒီ၊ အကပညာရှင် ဒေါ်အုန်းရီနှင့် အကပညာရှင် ဒေါ်နန်းခင်မွှေးတို့က ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **သတင်း-ဇော်ကြီး၊ မြတ်စန္ဒီ၊ ဓာတ်ပုံ-ရဲထွဋ်(သတင်းစဉ်)**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီလုပ်ငန်းညှိနှိုင်းဆွေးနွေး

လောင်းလုံး စက်တင်ဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် မြို့နယ်အဆင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗထူးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဝေါလ်ဗီရှင်(မြန်မာ)အနာဂတ်အလင်းရောင်အဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများ တက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်သူက မှုခင်းကျဆင်းရေးများ ဆောင်ရွက်နေသော်လည်း ဆက်လက်ဖြစ်ပွားမှုရှိနေသည့်အတွက် မှုခင်းနှင့် ပတ်သက်၍ ကျေးရွာများတွင် ပိုစတာများ ဆောင်ရွက်ထားရှိရန်နှင့် ပြစ်မှုပြစ်ဒဏ်များ အကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းရီက ရုံးလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စန်းစန်းလှိုင်က ယခင်ဆုံးဖြတ်ချက်များနှင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ဖြစ်စဉ်များကို ဆွေးနွေးတင်ပြသည်။ ဝေါလ်ဗီရှင်(မြန်မာ)နှင့် အနာဂတ်အလင်းရောင်အဖွဲ့တို့က အဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ကျေးရွာ ငါးအုပ်စုမှ ဆွေးနွေးတင်ပြမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားကြောင်း သိရသည်။

စိုးထွန်း(ပြန်/ဆက်)

ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၂၁ ရက်ထုတ် ကြေးမုံသတင်းစာ ကျောဖုံးပါ ချောင်းရေကြီးမှုကြောင့် ဖလမ်းခရိုင် ခိုင်ကမ်းမြို့ရှိ ကြိုးတံတားအန္တရာယ်ရှိနေ သတင်းပါ မွာလ်ဇန်(ကွဲ)ချောင်းကူး ကြိုးတံတားမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောက်လုပ်ထားခြင်း မဟုတ်ဘဲ ခရိုင်အစီအစဉ်ဖြင့် တည်ဆောက်ထားသည့် တံတားတစ်စင်းသာ ဖြစ်ကြောင်း ပြင်ဆင်ဖတ်ရှုပါရန်။

(စာတည်း)

လွယ်ဂျယ်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

လွယ်ဂျယ် စက်တင်ဘာ ၂၁

(၅၃) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ရက် နံနက် ၈ နာရီက လွယ်ဂျယ်မြို့ရှိ ရဲတပ်ဖွဲ့များ စုပေါင်း၍ ပြည်သူ့ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်ခဲ့ကြသည်။

ထိုသို့ ပြုလုပ်ရာတွင် နယ်မြေရဲစခန်းမှူး ဒု-ရဲမှူးတင်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးရေး ရဲတပ်ဖွဲ့မှ ဒု-ရဲမှူးအောင်လှိုင်နှင့်တပ်ဖွဲ့ဝင်များ၊ သတင်းတပ်ဖွဲ့၊ အထူးမူးယစ်တပ်ဖွဲ့ဝင်များက ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်း၊ လမ်းဖောက်လုပ်ခြင်းများကို စုပေါင်း၍ လုပ်အားပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ ထိန်းသိမ်းရေးဆွေးနွေး

ဂန့်ဂေါ စက်တင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်မှ ဆက်စပ်ဌာနများ၏ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ ထိန်းသိမ်းရေးကိစ္စရပ်များနှင့် ဆက်စပ်သည့် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းဆွေးနွေးပွဲ၌ ဂန့်ဂေါမြို့တွင် ဘက်စုံမွမ်းမံပြုပြင်လျက်ရှိသည့် သာသနာ့ဗိမာန်တော်အတွက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ်သိန်း ၁၃၀ ကို တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးက သာသနာ့ဗိမာန်ပြင်ဆင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌထံ ပေးအပ်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သတင်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲ(၂/၂) မအူပင်တပ်ဖွဲ့စုမှ ရဲအုပ်ဝင်းသန်းအောင် ဦးစီးတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက မအူပင်မြို့ အမှတ်(၁)ရပ်ကွက်ရှိ ဝေဠုဝန်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။ **(သပြေထွန်း)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြော

သီပေါ စက်တင်ဘာ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် အမှတ် (၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ကျောက်မဲခရိုင်)က နမ့်လန်တပ်နယ်မှအရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက နမ့်လန်အမှတ်(၂၄၃)ခြေလျင်တပ်ရင်းခန်းမ၌ကျင်းပခဲ့သည်။

ထို့နောက် ကျောက်မဲခရိုင် အမှတ်(၁၂၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒု-ရဲမှူး ချစ်စိန်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောသည်။

(သီပေါကိုလတ်)

ရထားရဲတပ်ဖွဲ့ အမှတ် (၂၀)တပ်ခွဲ ဟသ်ာတရထားရဲစခန်းမှူး ရဲအုပ်ကျော်ဆန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များ (၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက်က ဟသ်ာတမြို့ ကနောင်စုရပ်ကွက် မီးရထားဝင်းရှိ အမှတ် (၄၁) အခြေခံပညာမူလတန်းကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြစဉ်။ (ရထားရဲတပ်ဖွဲ့)

(၅၃)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးရဲမြင့်နှင့် ဒုတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှိုင်တင့် ကြီးကြပ်၍ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် သတင်းတပ်ဖွဲ့၊ မှုခင်းတပ်ဖွဲ့၊ ရေကြောင်းတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီက ပုသိမ်ပြည်သူ့ဆေးရုံကြီးသွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။ (ပုသိမ်လှကြည်)

Contactless စနစ်ဖြင့် ငွေပေးချေမှု စတင်ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၁
မြန်မာနိုင်ငံတွင် Contactless စနစ်ဖြင့် ငွေပေးချေမှုကို CB ဘဏ်က စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်း merchant အရေအတွက် ၅၀၀၀ နီးပါး ရှိသည့်အနက် Contactless များကို တစ်နှစ်အတွင်း အဆင်သင့်အသုံးပြုနိုင်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ စူပါမားကက်များ၊ Convenience စတိုးများနှင့် ဓာတ်ဆီဆိုင်များတွင် နေ့စဉ်နေထိုင်မှုများကို လွယ်ကူစေရန်အတွက် Contactless စနစ်ဖြင့် ငွေပေးချေမှုများကို အဓိကထားတပ်ဆင်သွားမည်ဖြစ်သည်။ စက်တင်ဘာ ၂၁ ရက်မှစ၍ merchant အသစ်များတွင်လည်း Contactless စနစ်ဖြင့် ငွေပေးချေမှုများဖြင့် အဆင်သင့်အသုံးပြုနိုင်ရန် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ယနေ့ပြုလုပ်သော Visa နှင့် Mastercard တို့ ပူးပေါင်းပါဝင်သော Contactless စနစ်ဖြင့် ငွေပေးချေမှုစတင်မိတ်ဆက်ခြင်းသည် မြန်မာနိုင်ငံတွင် ငွေကြေးလုံခြုံစိတ်ချရခြင်းနှင့် သက်သာလွယ်ကူစေခြင်းစသော အကျိုးကျေးဇူးများ ရရှိခံစားနိုင်ကြောင်း CB ဘဏ်၏ Excecutive Vice Chairman& CEO ဦးကျော်လင်းက ပြောသည်။ **(ကြေးမုံ)**

မသင်္ကာဖွယ်ရပ်တန့်ထားသောယာဉ်ပေါ်မှ အရွယ်စုံကျောက်စိမ်းတုံးများ ရေပူစစ်ဆေးရေးစခန်းမှ သိမ်းဆည်းရမိ

ရန်ကုန် စက်တင်ဘာ ၂၁
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၀ ရက်က မသင်္ကာဖွယ်ရပ်တန့်ထားသော ယာဉ်တစ်စီးပေါ်မှ တရားမဝင် သယ်ဆောင်လာသော အရွယ်စုံ ကျောက်စိမ်းတုံးများ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ်(၁၉၅/၂) ပန်ခမ်းရှမ်းရွာအနီး၌ မသင်္ကာဖွယ်ရပ်တန့်ထားသော Sowar ခြောက်ဘီးယာဉ်တစ်စီးအား တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်၏ နောက်ကြမ်းခင်းအောက်ဘက်တွင် အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော အရွယ်စုံ ကျောက်တုံးနှင့် ကျောက်အပိုင်းအစများ (ကီလို ၁၂၀၀)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် ၆၄ သန်းခန့်)အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု(ခန့်မှန်းတန်ဖိုးကျပ် ၇၄ ဒသမ ၀၀၆ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု(ခန့်မှန်းတန်ဖိုးကျပ် ၁၇ ဒသမ ၃၁၀ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၁ မှု(ခန့်မှန်းတန်ဖိုးကျပ် ၉၁ ဒသမ ၃၁၆ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

(ဝဝ၁)

■

ဓာတ်လှေကားထဲပိတ်မိနေသည့် သားအမိနှစ်ဦးအား ၂၂ မိနစ်အတွင်း ကယ်တင်နိုင်ခဲ့

ရန်ကုန် စက်တင်ဘာ ၂၁
ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဝေဠုဝန်မြောက်ရပ်ကွက်ရှိ ခုနစ်ထပ်တိုက်တွင် ဖွင့်လှစ်ထားသော မူကြိုကျောင်းသို့ မိခင် ဒေါ်နှင်းသီတာနှင့် သား သုတမြတ်အသက်(၄)နှစ်တို့ ဓာတ်လှေကားစီး၍ သွားချိန်တွင် ယနေ့ နံနက် ၉ နာရီ ၂၂ မိနစ်ခန့်က ဓာတ်လှေကားပိတ်မိနေကြောင်း သတင်းအရ သန္တေ မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၉ နာရီ ၃၉ မိနစ်ခန့်တွင် ကယ်ထုတ် ပြီးစီးခဲ့ကြောင်း သိရသည်။ **(ဇာနည်မောင်)**

ကျောက်ဖြူမြို့တွင် ခရိုင်ရုံးဆောက်လုပ်ရန် မြေကျင်းတူးရာမှ စစ်ကျန်ဗုံးများ တွေ့ရှိ

ကျောက်ဖြူ စက်တင်ဘာ ၂၁
ကျောက်ဖြူမြို့ အစိုးရရပ်ကွက် ကမ်းနားလမ်း မောရစ်ကောလိပ်ခြံဝင်းအတွင်း၌ ခရိုင်ထွေ/အုပ်ရုံးဆောက်လုပ်ရန် မြေကျင်းတူးရာ မြေအနက် လေးပေခန့်တွင် စစ်အတွင်းက လေယာဉ်ပစ်ဗုံးဟု ယူဆရသော အရှည် သုံးပေခန့်ရှိ ဗုံးတစ်လုံး၊ ရေမြှုပ်ဗုံးဟုယူဆရသည့် အဝိုင်းလုံးပတ်ငါးပေခန့်ရှိ ဗုံးနှစ်လုံး စုစုပေါင်းဗုံးဟောင်း သုံးလုံးကို စက်တင်ဘာ ၂၁ ရက် ညနေ ၃ နာရီတွင် တွေ့ရှိခဲ့သည်။

အဆိုပါဗုံးဟောင်းများတွေ့ရှိသည့်နေရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေလှအောင်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းတို့က သွားရောက်စစ်ဆေးခဲ့ပြီး စစ်ကျန်ဗုံးဟောင်းများအား နယ်မြေခံတပ်ဖွဲ့မှ ညနေ ၄ နာရီခွဲတွင် လာရောက်သိမ်းဆည်းခဲ့ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးထံမှ သိရှိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

မသင်္ကာ၍စစ်ဆေးရာမှ ဆိုင်ကယ် ၁၇ စီးနှင့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

တောင်ငူ စက်တင်ဘာ ၂၁
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်းအပိုင်တွင် စက်တင်ဘာ ၁၁ ရက် ညပိုင်းက လှည့်ကင်းအဖွဲ့မှ မသင်္ကာဖွယ်လူတစ်ဦးအား စစ်မေးရာမှ ပြစ်မှုကျူးလွန်ခဲ့သူများနှင့် သက်သေခံဆိုင်ကယ်များအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်မြေရဲစခန်းအပိုင်တွင် လှည့်ကင်းဆောင်ရွက်နေစဉ် နံပါတ်မပါဆိုင်ကယ်တစ်စီးအား တွန်းလာသော အမျိုးသားတစ်ဦးကို မသင်္ကာဖွယ်တွေ့ရှိခဲ့သဖြင့် စခန်းသို့ခေါ်ယူစစ်မေးခဲ့ရာ ပါးပေါက်(ခ)တင်ဝင်းခိုင် (၄၃)နှစ်ဖြစ်ပြီး ၎င်းနှင့်အတူ ဆန်းဦး၊ ဂျပန်ကြီး (ခ) သောင်းအေး (ခ) ဝင်းကိုတို့မှာ အုတ်တွင်းမြို့နယ်၊ ထန်းတပင်မြို့နယ်နှင့် တောင်ငူမြို့နယ်များအတွင်းမှ တရုတ်နိုင်ငံလုပ်၊ ထိုင်းနိုင်ငံလုပ်၊ ဗီယက်နမ်နိုင်ငံလုပ် ဆိုင်ကယ် ၁၇ စီးအား ခိုးယူခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးခဲ့ပြီး ကွင်းဆက်တရားခံများအား ဖော်ထုတ်ဖမ်းဆီးကာ ရုံးတင်တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

ထွက်ခွာခွင့် ယူရိုတစ်ဘီလီယံတန်ကြေးရှိ စာချုပ်သစ်ကို တိုက်စစ်မှူး ဘင်ဇီမာ လက်မှတ်ရေးထိုး

တိုက်စစ်မှူး ဘင်ဇီမာက လက်ရှိကလပ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ထွက်ခွာခွင့် ပေါင် ၈၉၀ (ယူရို တစ်ဘီလီယံ)တန်ကြေးပါဝင်တဲ့ လေးနှစ်စာချုပ်သစ်ကို လက်မှတ်ရေးထိုးလိုက်ပြီ ဖြစ်သည်။ ဘင်ဇီမာနှင့် ရီးယဲလ်အသင်းတို့ကြား ယခုလို စာချုပ်သစ် ချုပ်ဆိုနိုင်ခြင်းက ဘင်ဇီမာကိုခေါ်ယူရန် ကြိုးပမ်းနေတဲ့ အာဆင်နယ်ကဲ့သို့ ကလပ်အသင်းများအတွက် သတင်းဆိုးပင်ဖြစ်သည်။ ဘင်ဇီမာ၏ စာချုပ်သစ်တွင် လစာနှုန်းထား မည်မျှရရှိမည် ဆိုသည်ကို ဖော်ပြခဲ့ခြင်းမရှိသော်လည်း နည်းပြ ဇီဒန်းက ဘင်ဇီမာ လက်ရှိခံစားခွင့်ရ တစ်ပတ်လုပ်ခ ပေါင် ၁၅၀၀၀၀ကို ပြန်လည်စဉ်းစားသုံးသပ်နိုင်ရေး အစောပိုင်းကပင် ညွှန်ကြားထားပြီးဖြစ်သည်။

ဘင်ဇီမာမှာ ရီးယဲလ်အတွက် စုစုပေါင်း ၃၇၁ ပွဲ ဝင်ရောက်ကစားပြီး ၁၈၁ ဂိုး သွင်းယူပေးထားနိုင်သူဖြစ်ပြီး ရီးယဲလ်ဥက္ကဋ္ဌကြီး ပီရက်ဇ်ကပင် ကမ္ဘာ့ထိပ်တန်းတိုက်စစ်မှူး အဖြစ် ချီးကျူးခံထားရသူဖြစ်သည်။ ပြီးခဲ့သည့်နှစ်နွေဈေးကွက်က ရီးယဲလ်အသင်းသည် ဘီဘီစီတိုက်စစ်အတွဲ(ဘေးလ်၊ ဘင်ဇီမာ၊ စီရိုနယ်လ်ဒို)တို့ထဲမှ တစ်ဦးကို ထုတ်ရောင်းတော့ မည်ဟု သတင်းထွက်ခဲ့သော်လည်း ဘင်ဇီမာကို စာချုပ်သစ်ချုပ်ဆိုခဲ့သဖြင့် မည်သူက ရောင်းချခံကစားသမားဖြစ်လာမည်လဲဆိုသည်မှာ ပိုမိုစိတ်ဝင်စားဖွယ်ကောင်းလာခဲ့ပြီ ဖြစ်သည်။

လိဂ်ဖလားပွဲမရှိပါက ဥရောပပြိုင်ပွဲများတွင် ပရီမီယာလိဂ်အသင်းများ ပိုမိုကောင်းမွန်လာလိမ့်မည်ဟု မော်ရင်ဟို ယုံကြည်

အင်္ဂလန်ကလပ်အသင်းများအနေဖြင့် လိဂ်ဖလား (ယခု ကာလီဘာရီဖလား) ပြိုင်ပွဲ ယှဉ်ပြိုင်ရခြင်းမရှိပါက ဥရောပပြိုင်ပွဲများတွင် ပိုမိုကောင်းမွန်စွာယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း မန်ယူနည်းပြ မော်ရင်ဟိုက မှတ်ချက်ပြုခဲ့သည်။ မန်ယူအသင်းသည် ကာလီဘာရီဖလား၏ လက်ရှိချန်ပီယံအသင်းဖြစ်သော်လည်း မန်ယူနည်းပြ မော်ရင်ဟိုက ဘာတန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်အပြီးတွင် အထက်ပါအတိုင်း မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

အခြားလိဂ်ပြိုင်ပွဲအများစုမှာ ပြိုင်ပွဲသုံးရပ် (ပြည်တွင်းအမှတ်ပေးဖလား၊ ပြည်တွင်းလိဂ်ဖလား၊ ဥရောပလိဂ်ဖလား)တို့ကိုသာ ယှဉ်ပြိုင်ရလေ့ရှိသော်လည်း ပရီမီယာလိဂ်မှာ ပြိုင်ပွဲလေးရပ် ယှဉ်ပြိုင်နေရသည့် အနေအထားဖြစ်သည်။ ယင်းသို့ ပွဲဆက်များပြားမှုကြောင့် ပရီမီယာလိဂ်ကလပ်အသင်းများ အနေဖြင့် ဥရောပပြိုင်ပွဲများယှဉ်ပြိုင်ရချိန်တွင် အင်ပြည့်အားပြည့်မဟုတ်တော့ဘဲ အောင်မြင်မှုများ ဝေးကွာလာခဲ့သည်။

မော်ရင်ဟိုက "အင်္ဂလန်ဘောလုံးလောက ရှင်သန်ဖို့ ဒါမှမဟုတ် ပိုကောင်းလာဖို့ဆိုရင် ဒီပြိုင်ပွဲ မရှိသင့်ဘူးလားလို့ ခင်ဗျားတို့မေးတဲ့အပေါ် ဖြစ်နိုင်တာပေါ့လို့ ဖြေပါရစေ။ ကျွန်တော်တို့ ဥရောပ ပြိုင်ပွဲတွေမှာ လန်းလန်းဆန်းဆန်း ယှဉ်ပြိုင်နိုင်ဖို့ အရေးကြီးပါတယ်" ဟု ဖြေကြားခဲ့ခြင်းဖြစ်သည်။

မော်ရင်ဟိုက ယခုနှစ်ဘောလုံးရာသီတွင် လူထုတ်ပုံအမျိုးမျိုး ခင်းကျင်းကာ ပြိုင်ပွဲကို ရင်ဆိုင်နေသော်လည်း ရလဒ်ကောင်းများ ရရှိနေဆဲဖြစ်သည်။ သို့သော် မော်ရင်ဟိုက ပြိုင်ပွဲတိုင်းကို အကောင်းဆုံးယှဉ်ပြိုင်မှသာလျှင် စပွန်ဆာကုမ္ပဏီများကို လေးစားရာရောက်မည်ဖြစ်ပြီး ကစားသမားများလည်း သူကဲ့သို့ပင် ခံယူချက်ထားမည်ဟု မျှော်လင့်ကြောင်း ဆိုခဲ့သည်။

မလဲ့သင်း ရေးသားသည်

အင်္ဂလန်ကစားသမားတွေရဲ့ အရည်အသွေးကျဆင်းမှုကို မီးမောင်းထိုးပြသနေတဲ့ ကမ္ဘာ့ထိပ်တန်းကစားသမားစာရင်း

ပရော်ဖက်ရှင်နယ် ဘောလုံးသမားများ မဲပေးရွေးချယ်တဲ့ ကမ္ဘာ့ထိပ်တန်းကစားသမား ၅၅ ဦး စာရင်းမှာ ရီးယဲလ်မက်ဒရစ်အသင်းက ကစားသမား ၁၃ ဦးအထိ ပါဝင်နေတာကြောင့် ဒါဟာ တစ်သင်းစာမကတဲ့ လူစာရင်းစာပင် ဖြစ်နေပါတယ်။ ချန်ပီယံလိဂ်ဖလားကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးခဲ့တဲ့ ရီးယဲလ်မက်ဒရစ်အသင်းက စီရိုနယ်လ်ဒို၊ ဂါရတ်ဘေးလ်၊ နာဗက်စ်၊ ကာဗာဂျယ်၊ မာဆယ်လို၊ ပီပီ(လက်ရှိ ဘီဆီတပ်စ်)၊ ဆာဂျီယို ရာမို့စ်၊ ဗာရာနီ၊ ကက်စီမီရို၊ အစ္စကို၊ တိုနီခရူးစ်၊ လူကာမိုဒရစ်နဲ့ ဘင်ဇီမာတို့က ထိပ်တန်းကစားသမား ၅၅ ဦး စာရင်းမှာ ပါဝင်လာခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် အင်္ဂလန်ကစားသမားများထဲမှာ ဟယ်ရီကိန်း တစ်ဦးတည်းသာ ရွေးချယ်ခံရတဲ့အတွက် ကမ္ဘာ့ကြည့်ရှုမှုနှုန်းအမြင့်ဆုံး ပရီမီယာလိဂ်တည်ရှိတဲ့ အင်္ဂလန်မှာ နိုင်ငံသားကစားသမားတွေရဲ့ နေရာပျောက်ဆုံးနေမှုကို ဖော်ညွှန်းရာရောက်ပါတယ်။ ပြီးခဲ့တဲ့နှစ်က စာရင်းမှာ ဟယ်ရီကိန်းနဲ့ ဂျေမီဗာဒီတို့ နှစ်ဦးပါဝင်ခဲ့ကြပေမယ့် ဒီနှစ်မှာတော့ ဟယ်ရီကိန်းတစ်ဦးတည်းသာ ပါဝင်လာခဲ့တာဖြစ်ပါတယ်။

ပရော်ဖက်ရှင်နယ်ကစားသမား ၂၅၀၀၀ ကျော်က ရွေးချယ်တဲ့ ကမ္ဘာ့ထိပ်တန်းကစားသမား ၁၁ ဦးရဲ့ ပဏာမ ၅၅ ဦးစာရင်းကို ထုတ်ပြန်လိုက်ရာမှာ အင်္ဂလန်ကစားသမားတစ်ဦးသာ ပါဝင်နေတာကြောင့် ဒါဟာ တခြားဥရောပထိပ်တန်းအသင်းတွေနဲ့ယှဉ်ရင် အင်မတန်အားနည်းနေတဲ့ အနေအထားဖြစ်လာပါတယ်။ နိုင်ငံအလိုက်မှာ စပိန်ကစားသမား ကိုးဦး၊ ပြင်သစ် ခုနစ်ဦး၊ ဘရာဇီး ခြောက်ဦး၊ ဂျာမနီ ခြောက်ဦးအထိ ပါဝင်နေချိန် အင်္ဂလန်ကဲ့သို့ ဘောလုံးဘိုးအေအဖြစ် နာမည်ကျော်တဲ့အသင်းက ကစားသမား တစ်ဦးသာ ပါဝင်နေတာက အင်္ဂလန်ရဲ့ ဘောလုံးအဆင့်အတန်းကျဆင်းမှုပြယုဂ်ဖြစ်လာခဲ့တာပါ။ ပရီမီယာလိဂ်ကစားသမားများထဲမှာ အီဗရာဟီမိုဗစ်၊ လူကာကူ၊ အိုဇေးလ်၊ ကော်တင်ဟို၊ ပေါ့ဘာ၊ ဆန်းချက်ဇ်တို့ ပါဝင်ခဲ့ပေမယ့် မန်စီးတီး ဂိုးသွင်းစက် အဂွဲရိုး ပါဝင်မှုမရှိခြင်းက အံ့သြစရာဖြစ်ခဲ့ပါတယ်။ ထိပ်တန်း ၅၅ ဦး စာရင်းမှာ ပါဝင်တဲ့ ကစားသမားတွေဟာ ကလပ်အသင်း ကိုးခု၊ နိုင်ငံ ၂၀ ကိုပဲ ကိုယ်စားပြုတာကလည်း ကမ္ဘာ့ဘောလုံးရပ်ဝန်းကို ဥရောပနဲ့ တောင်အမေရိကာ ကိုယ်စားပြုနိုင်ငံအသင်းတွေကပဲ လွှမ်းမိုးထားဆဲ ဖြစ်တယ်ဆိုတာ ထင်ရှားစေခဲ့ပါတယ်။

Carabao Cup စတုတ္ထအဆင့် ထိပ်တိုက်တွေ့ဆုံမှုများ

ချယ်လ်ဆီး	-	အဲဗာတန်
မန်စီးတီး	-	ဝုဗ်ဟာဟမ်တန်
စပါး	-	ဝက်စ်ဟမ်း
အာဆင်နယ်	-	နော့ဝှစ်ချ်
ဆွမ်ဆီး	-	မန်ယူ
လက်စတာ	-	လိဒ်ယူနိုက်တက်
ဘရစ္စတိုး	-	ခရစ္စတယ်ပဲလေ့
ဘုန်းမောက်	-	မစ်ဒယ်ဘရော့

(ခိုင်ဝင်း)

ပထမဦးဆုံး ပြန်လည်ကစားသည့်ပွဲမှာပင် ဂန်ဒိုဂန် ဒဏ်ရာရခဲ့ပြန်

ကာလကြာရှည်အနားယူခဲ့သူ မန်စီးတီးကွင်းလယ်လူ ဂန်ဒိုဂန်မှာ ပထမဦးဆုံး ပြန်လည်ကစားနိုင်သည့် ပွဲဦးထွက်မှာပင် ဒဏ်ရာပြဿနာ ထပ်မံကြုံတွေ့ခဲ့ရသည့်အတွက် ကာယကံရှင်အတွက်ရော ကလပ်အသင်းအတွက်ပါ ကြီးမားသည့်ထိုးနှက်ချက်ဖြစ်လာခဲ့သည်။ ဂန်ဒိုဂန်မှာ ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက ရရှိခဲ့တဲ့ဒဏ်ရာကြောင့် ကိုးလကြာအနားယူခဲ့ရပြီးနောက် ဝက်စ်ဘရွန်းကွင်းလယ်လူ ယာကော့ပ်၏ ဖျက်ထုတ်မှုကြောင့် ဒဏ်ရာရရှိကာ ကွင်းထဲတွင် ဆေးကုသမှုခံယူပြီး ဥမင်ထဲသို့ ထော့နင်းထော့နင်းဖြင့် ဝင်သွားခဲ့ရသည်။

ဂန်ဒိုဂန်မှာ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ဝက်ဖို့ဒ်အသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် ပြင်းထန်သည့် ဒူးဒဏ်ရာရရှိခဲ့ပြီး ခွဲစိတ်ကုသမှုခံယူခဲ့ရသောကြောင့် ကိုးလကျော် အနားယူနေခဲ့သူဖြစ်သည်။ ယင်းသို့ ဒဏ်ရာမရရှိမီ ဂန်ဒိုဂန်မှာ အကောင်းဆုံးပုံစံဖြင့် ယှဉ်ပြိုင်နိုင်ခဲ့သော်လည်း ယာကော့ပ်၏ ကြမ်းတမ်းသည့်ဖျက်ထုတ်မှုကြောင့် ခြေချင်းဝတ်နှင့် ဒူးနှစ်နေရာတွင် ဒဏ်ရာရရှိသွားခဲ့သည့် ပုံစံပင်ဖြစ်သည်။ ယာကော့ပ်မှာလည်း အဝါကတ်ပြသခံခဲ့ရသည်။ သို့သော် ဂန်ဒိုဂန်၏ ဒဏ်ရာမှာ ပြင်းထန်ခြင်းမရှိဘဲ ဆရာဝန်များက အသေးစားဒဏ်ရာသာ ရရှိသွားခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း နည်းပြ ဂွါဒီယိုလာက အတည်ပြုခဲ့သည်။

နှစ်ပွဲဆက်အနိုင်ပျောက်ဆုံးမှုကို လီဗာပူးရပ်တန့်နိုင်ဖို့ များနေတဲ့ ပရီမီယာလိဂ်ရင်ခုန်သံ – ၆

ဝက်စ်ဟမ်း - စပါး ည ၆း၀၀ (၂၃-၉-၁၇)

လန်ဒန်ဒါဘီဖြစ်တာကြောင့် အကြိတ်အနယ်ရှိနိုင်ပါတယ်။ စပါးအနေနဲ့ ပွဲစဉ်(၅)မှာ ဆွမ်ဆီးကိုအရေးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ချန်ပီယံလိဂ်ကစားရဖို့ ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ပါတယ်။ ဒါ့အပြင် ဝက်စ်ဟမ်းကလည်း လက်ရှိအချိန်မှာ ကစားပုံအနည်းငယ် ပြန်လည်ကောင်းမွန်လာသလို အိမ်ကွင်းအားလည်း ရှိနေတာကြောင့် စပါး အခက်တွေ့ကာ နိုင်ရင်တောင် ဂိုးမပြတ်ဘူး။

ဘန်လေ - ဟက်ဒါဖီးလ် ည ၈း၃၀ (၂၃-၉-၁၇)

ဘန်လေဟာ ဒီရာသီမှာလည်း ခြေစွမ်းမာကျောမှုတစ်ခုကို ပြသထားနိုင်ခဲ့ပြီး လီဗာပူးကိုတောင် အဝေးကွင်းမှာ သရေကစားနိုင်ခဲ့ပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင် အသင်းကြီးတွေကိုတောင် ခုခံကစားနိုင်တဲ့အသင်းဖြစ်ပါတယ်။ ဟက်ဒါဖီးလ်ကလည်း ခြေစွမ်းကောင်းမွန်နေတဲ့ အသင်းဖြစ်ပြီး တိုက်စစ်ပိုင်းလည်း ကောင်းမွန်ပါတယ်။ ဒါပေမယ့်လည်း အိမ်ကွင်းမှာ ကစားအားပိုကောင်းတတ်တဲ့ ဘန်လေကသာ ဖိအားပေးသွားနိုင်ဖို့ရှိနေကာ နိုင်ပွဲလည်း ကပ်ရနိုင်ပါတယ်။

အဲဗာတန် - ဘုန်းမောက် ည ၈း၃၀ (၂၃-၉-၁၇)

ရလဒ်တွေဆက်တိုက်ဆိုးနေတဲ့ အဲဗာတန်အနေနဲ့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ယူရိုပါလိဂ်ကစားရဖို့ ရှိနေပေမယ့်လည်း အဲဗာတန်အနေနဲ့ အိမ်ကွင်းဖြစ်တာကြောင့် ခြေကုန်ထုတ်လာမှာပါ။ ဒါ့အပြင် ဘုန်းမောက်ခြေကလည်း သာမန်သာရှိတဲ့အပြင် အဝေးကွင်းပွဲတွေမှာဆိုရင် ခြေစွမ်းပိုင်းက ကျဆင်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အဲဗာတန်တို့နိုင်ပွဲ ပြန်လည်ရယူနိုင်ဖို့ သေချာနေပါတယ်။

မန်စီးတီး - ပဲလေ့စ် ည ၈း၃၀ (၂၃-၉-၁၇)

မန်စီးတီးဟာ ခြေစွမ်းကောင်းတွေ တဖြည်းဖြည်းရရှိလာပြီး တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းအားကောင်းနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲမှာ ၁၀ ဂိုးအထိ သွင်းယူနိုင်ခဲ့ပါတယ်။ ပဲလေ့စ်ကတော့ မန်နေဂျာရှိုင်းဟော့ဆန် လက်အောက်မှာ အပြောင်းအလဲဖြစ်လာနိုင်ပေမယ့်လည်း မန်စီးတီးကို ယှဉ်ဖို့တော့ ခက်ခဲမှာပါ။ သွင်းဂိုးများမယ့်ပွဲ ဖြစ်လာနိုင်ပါတယ်။ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိနေပေမယ့်လည်း မန်စီးတီးတို့ အိမ်ကွင်းမှာဂိုးပြတ်နိုင်ပွဲရသွားဖို့ရှိပါတယ်။

ဆောက်သမ်တန် - မန်ယူ ည ၈း၃၀ (၂၃-၉-၁၇)

မန်ယူခြေစွမ်းကောင်းမွန်နေပါတယ်။ တိုက်စစ်ကလည်း ဂိုးသွင်းခြေထက်မြက်နေပါတယ်။ ဒါပေမယ့် မန်ယူအနေနဲ့ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့တော့ခက်ခဲနိုင်ပါတယ်။ ဒါ့အပြင် ဆောက်သမ်တန်ရဲ့ခြေကလည်း ကောင်းမွန်လာကာ ဒီပွဲမှာလည်း အိမ်ကွင်းအားနဲ့ ခံကစားမှာဖြစ်တာကြောင့် မန်ယူတို့ အခက်တွေ့နိုင်ကာ ကပ်ပြီးသာနိုင်မယ်။

စတုတ် - ချယ်လ်ဆီး ည ၈း၃၀ (၂၃-၉-၁၇)

ချယ်လ်ဆီးဟာ အာဆင်နယ်ကို အနိုင်မရခဲ့တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ အထူးသဖြင့် အရန်ကစားသမား အင်အားတောင့်တင်းမှုတွေကြောင့် ချယ်လ်ဆီးဟာ ချန်ပီယံလိဂ်ကစားရဖို့ရှိနေပေမယ့်လည်း ဒီပွဲကို အားစိုက်ကစားနိုင်ခြေရှိနေပါတယ်။ စတုတ်ကလည်း အိမ်ကွင်းခြေစွမ်းမာကျောမှုရှိတဲ့အသင်းဖြစ်တာကြောင့် ချယ်လ်ဆီးတို့ လွယ်လွယ်နဲ့တော့ အနိုင်မရနိုင်ပါဘူး။ ချယ်လ်ဆီး ကပ်ပြီးသာနိုင်မယ်။

အာဆင်နယ် - ဝက်စ်ဘရွန်း နံနက် ၁း၃၀ (၂၆-၉-၁၇)

အာဆင်နယ်က ချယ်လ်ဆီးနဲ့သရေကျပြီး နိုင်ပွဲပျောက်ဆုံးခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ ဒီပွဲကလည်း အာဆင်နယ်ရဲ့ အိမ်ကွင်းဖြစ်နေပါတယ်။ ဒါပေမယ့် အာဆင်နယ်အနေနဲ့ ယူရိုပါလိဂ်ကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့တော့ခက်ခဲနိုင်ပါတယ်။ လက်ရှိအချိန်မှာ ဝက်စ်ဘရွန်းကလည်း ခြေစွမ်းအားနည်းနေပေမယ့် ရလဒ်တွေမကောင်းခဲ့လို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်တို့ နိုင်ရင်တောင် ဂိုးမပြတ်နိုင်ဘူး။

လက်စတာ - လီဗာပူး ည ၁၁း၀၀ (၂၆-၉-၁၇)

လီဗာပူးအနေနဲ့ ဘန်လေကို သရေသာကစားနိုင်ခဲ့ကာ နှစ်ပွဲဆက်တိုက် အနိုင်မရခဲ့တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာဖို့ရှိနေပါတယ်။ လီဗာပူးအနေနဲ့ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရဖို့ရှိတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲတာကိုတော့ သတိပြုရမှာသေချာနေပါတယ်။ ဒါ့အပြင် လက်စတာခြေကလည်း ကောင်းမွန်မှုရှိနေကာ အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒီပွဲမှာလည်း မာနေး ပါဝင်နိုင်မှာမဟုတ်သေးတာကြောင့် လီဗာပူးတို့ တိုက်စစ်အားလျော့နေနိုင်ပါသေးတယ်။ လီဗာပူး သရေလောက်ပဲရမယ်။

ရှိုင်းမင်းမင်း

ပုပ္ပသီရိမြို့နယ်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွား

နေပြည်တော် စက်တင်ဘာ ၂၁
ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုပ္ပသီရိမြို့ ဝဏ္ဏဒီပရပ်ကွက် စွယ်တော်(၁၄)လမ်းနှင့် ဧရာဝတီ(၁၀)လမ်းထောင့်တွင် အိမ်ရှင် ဦးမောင်စိုး (ရန်ကုန်မြို့တွင်နေထိုင်သူ)၊ အိမ်ငှား ဒေါ်မြမြဝင်းနေထိုင်သည့် လေးပင်သုံးပင် (သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း) အိမ်မှာ ယနေ့မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် လျှပ်စစ်ပေါင်းအိုးအပူလွန်ကဲရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာနေရာသို့ ပုပ္ပသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့က မီးသတ်ယာဉ်လေးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

တရားမဝင်ကျွန်းသစ်များ သိမ်းဆည်း

သာယာဝတီ စက်တင်ဘာ ၂၁
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာအုပ်စု ဝွေးချောင်းကျေးရွာ ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် (၈၁/၄) နှင့် (၈၁/၅)အကြားတွင် စက်တင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်က ယာဉ်တစ်စီးရပ်တန့်ထားကြောင်း အမည်မသိသူ အမျိုးသားတစ်ဦးက ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားချက်အရ သာယာဝတီမြို့မရဲစခန်းက ဒုရဲအုပ်ကျော်မင်းအောင်နှင့်ရဲတပ်ဖွဲ့ဝင်များက သစ်တောဦးစီးဌာနမှ ဦးကျော်မင်းစိုး၊ သက်သေဦးမင်းဇော်ဦး၊ သင်တောရိုးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးအောင်တို့နှင့်အတူ သွားရောက်စစ်ဆေးရာ ကားတံခါးသော့အား ပိတ်ထားသဖြင့်ဖျက်ဆီးပြီး ယာဉ်ပေါ်တွင် တရားမဝင် ကျွန်းခွဲသားများအား ယာဉ်နှင့်အတူ ပိုင်ရှင်မဲ့စစ်ဆေးတွေ့ရှိရာ သစ်တောဦးစီးဌာနမှ ဦးကျော်မင်းစိုးနှင့်အဖွဲ့က သယ်ဆောင်ပြီး တရားမဝင် ကျွန်းခွဲသားဆိုက်စုံ ၁၃၃ ချောင်း၊ ကျွန်းခွဲခြမ်း စုစုပေါင်း တန်ချိန် ၄ ဒသမ ၅၅၂၂ တန် ကာလတန်ဖိုးငွေကျပ် ကိုးသိန်းခန့် သိမ်းဆည်းရမိသဖြင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **သန့်ဇော် (ပြန်/ဆက်)**

မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၁ မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၀ ရက် ညနေပိုင်းတွင် ကသာမြို့နယ် လမ်းခွကျေးရွာ ကသာ-အင်းတော်သွား ကားလမ်း မီးရထားသံလမ်းကူး အနီးတွင် ဝင်းအောင်(ခ)ထွေးအောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ငါးခွက် (အလေးချိန် သုည ဒသမ ၀၅၅ ကီလို)နှင့် စိတ်ကြွရူးသွပ်ဆေး ၃၉၈ ပြားတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ်(၅)ရပ်ကွက် အမှတ်(၄) နယ်မြေ မန်မိုင်ကျေးရွာနေ အိုက်ဆေး၏နေအိမ်အားရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၁၃ ကီလို၊ ဘိန်းဆီခဲ သုည ဒသမ ၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၃၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း၊ လားရှိုးမြို့အမှတ်(၈)ရပ်ကွက် အမှတ်(၅) နယ်မြေ မန်ဆူဈေးကြီးအတွင်း၌ ဒေါ်စန်းနှင့် မအေးတို့နှစ်ဦးအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀၀ ကိုလည်းကောင်း၊ သိန္နီမြို့နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် အိုက်ဦး မောင်းနှင်ပြီး အောင်မြတ် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၅၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၇၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝင်းအောင်(ခ)ထွေးအောင်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သံဖြူဇရပ်မြို့ သစ်ပါးလွှာစက်ရုံ ဘွိုင်လာခန်း မီးလောင်မှုဖြစ်ပွား

သံဖြူဇရပ် စက်တင်ဘာ ၂၁
သံဖြူဇရပ်-ကျိုက္ခမီကားလမ်းဘေးရှိ ရော်ဘာသစ်ပါးလွှာ အထပ်သား စက်ရုံဝင်းအတွင်း စက်တင်ဘာ ၂၀ ရက် ညနေ ၆ နာရီ ၂၅ မိနစ်ခန့်က စက်ရုံ၏ အပူပေးဘွိုင်လာအိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားရာ သံဖြူဇရပ်မီးသတ်စခန်းမှ မီးသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်နှစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၄၈ ဦးနှင့် စက်ရုံလုပ်သားများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မိနစ် ၃၀ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် သစ်ပါးလွှာစက်ရုံ၏ ပေ ၃၀ ပတ်လည်ခန့်ရှိ ဘွိုင်လာခန်းနှင့်ဘွိုင်လာဆီအချို့ မီးလောင်ဆုံးရှုံးခဲ့ပြီး လူများထိခိုက် ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုကြောင့် ဘွိုင်လာခန်းတာဝန်ခံ ကိုသန်းမျိုးဝင်း (၂၃)နှစ်အား သံဖြူဇရပ်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
ရန်ကုန်မြို့
နေပူခံစကျင်ကျောက်ပြားဝယ်ယူရန် ဈေးပြိုင်တင်ဒါကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ရင်ပြင်တော်ပေါ်တွင် နေပူခံစကျင်ကျောက်ပြားခင်းကျင်းခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ လုပ်ငန်းအတွက် 30cm× 30cm×2cm (Grade A) နေပူခံစကျင်ကျောက်ပြား ၅၀၀၀၀ချပ် ဝယ်ယူမည် ဖြစ်ပါသည်။
၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ဂေါပကအဖွဲ့ရုံး၌ ၂၁-၉-၂၀၁၇ရက်မှ ၂၈-၉-၂၀၁၇ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၈-၉-၂၀၁၇ရက် ၁နာရီတွင် တင်ဒါဖွင့်ဖောက်ရွေးချယ်သွားမည် ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၃၅၀၇၊ ၀၁-၃၈၃၅၀၈၊ ၀၁-၃၇၅၇၆၇၊ ၀၁-၃၇၁၀၈၉ နံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

အမည်ပြောင်း
မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ကုက္ကိုလ်တန်းရပ်နေ ဦးမင်းမင်း-ဒေါ်သင်းနော်ဦးတို့၏သမီး၊ ပခုက္ကူ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ အဋ္ဌမတန်း(B)မှ မမွှေးမွှေးဟိန်းစံအား "မမြဖူးပန်းချီ"ဟု ပြောင်းလဲခေါ်ပါရန်။

ဘင်းလေးမောင်တော်ဦးဘုရားပွဲ
Sep 22,29 Oct 3,4
01-391577, 056-21671, 09-5122961, 09-255811682

ဦးရဲမင်းပိုင်(သချာ)
၁၀တန်း ဘာသာစုံ ပိုင်း
၅ လပြတ်
၄-၁၀-၂၀၁၇ စမည်

သုခမိန်စာပေ 01-253079 / 09 51 55654 / 09 765155654
တနင်္သာရီတိုင်းအတွင်း သီတင်းကျွတ်သပိတ်မှောက်ပွဲနှင့် အတူ ထားဝယ် မြိတ် ကော့သောင်း ၅/၆ ရက်ခရီးစဉ်
3-10-3.2017 မှ 8-10-2017 အထိ

ရုံးခန်းဖွင့်ရန်နေရာကောင်းငှားမည်
- ကား(၈)စီးခန့်ရပ်နားရန် အကျယ်အဝန်းနှင့် ရုံးခန်းဖွင့်ရန် အသင့်တော်ဆုံးနေရာ။
- ခြံအကျယ် ပေ(၁၁၇×၈၀)
- တောနုယဉ်လမ်း၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်။
- သင့်လျော်သောဈေးနှုန်းဖြင့် ငှားရမ်းပါမည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၂၆၀၂၂၂၂၁၁

မိဘအမည်မှန်
ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ရလိုင်ရွာနေ အထက(ခွဲ) ရလိုင် နဝမတန်း(A)မှ မစုစုလှိုင်၊ အဋ္ဌမတန်း(B)မှ မစုမြတ်လှိုင်၏ မိဘအမည်မှန်မှာ ဦးအောင်ဆန်းမြင့်[၆/ရဖန(နိုင်)၀၂၂၈၈၂]နှင့် ဒေါ်သီးမြင့်[၆/ရဖန(နိုင်)၀၅၃၅၁၆] ဖြစ်ပါသည်။

မိခင်အမည်မှန်
ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ သဘော့ဆိပ်ရွာနေ အထက(ခွဲ) သဘော့ဆိပ်၊ ဒသမတန်းမှ မဝတ်ရည်ဦး၏ မိခင် ဒေါ်သန်းငွေ၏အမည်မှန်မှာ ဒေါ်သန်းထွေး[၆/လလန(နိုင်)၀၁၆၃၀၃]ဖြစ်ပါသည်။

ဖခင်အမည်မှန်
ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ သဘော့ဆိပ်ရွာနေ အထက(ခွဲ) သဘော့ဆိပ်၊ ဒသမတန်းမှ မောင်မင်းဆက်အောင်၏ဖခင် ဦးအောင်ဆန်းဦး၏အမည်မှန်မှာ ဦးဆန်းဦး[၆/လလန(နိုင်)၀၇၈၆၄၄]ဖြစ်ပါသည်။

အမည်ပြောင်း
မင်္ဂလာဒုံမြို့နယ်၊ အထက(၂) ဒသမတန်း(S)မှ ဦးအောင်သိန်းရီ[၁၃/ကကန(နိုင်)၀၅၅၃၃၄]၏သမီးဖြစ်သူ မသက်ဖူးလွင်အောင်အား မဟန်ဏီလှဲ့ခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဟန်ဏီလှဲ့ခင်**

ဖခင်အမည်မှန်
ရန်ကင်းမြို့နယ်၊ အထက(၂) ဒသမတန်း(ဃ)မှ မောင်စိုးရဲထက်၏ ဖခင်အမည်မှန်မှာ ဦးနိုင်ထော်ဦး[၁၀/မလမ(နိုင်)၀၉၈၉၉၉] ဖြစ်ပါကြောင်း။
ဦးနိုင်ထော်ဦး

တစ်ဦးတည်းဖြစ်ကြောင်း
ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ စော်ဖျားရွာနေ၊ မအေးသဉ္ဇာပွင့်၏ ဖခင် ဦးသန်းဇော်မျိုးနှင့် ဦးသန်းဇော်[၆/ထဝန(နိုင်)၁၄၈၇၅၀]သည် တစ်ဦးတည်း ဖြစ်ပါသည်။

မိခင်အမည်မှန်
ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ သဘော့ဆိပ်ရွာနေ အထက(ခွဲ)သဘော့ဆိပ်၊ ဒသမတန်းမှ မောင်ထက်မြတ်အောင်၏ မိခင်ဒေါ်သီသီမိုး၏ အမည်မှန်မှာ ဒေါ်မိုးမိုးစီ[၆/လလန(နိုင်)၁၅၁၆၈၇]ဖြစ်ပါသည်။

မွေးသက္ကရာဇ်အမှန်
ရေကြည်မြို့နယ်၊ကွင်းသုံးဆင့်ကျေးရွာအုပ်စု၊ သပြေကွင်းကျေးရွာနေ ဦးတင်ဝင်း၏သား မောင်အောင်သီဟ[၁၄/ရကန(နိုင်)၁၃၉၇၇၂]၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၈-၁၉၉၃ ဖြစ်ပါသည်။

ဖခင်အမည်မှန်
မုံရွာမြို့၊ အထက၊ မုံရွေး-ကြေးမုံ ဒသမတန်း(A_3)မှ မနှင်းဆီချို၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်[၅/ခဥတ(နိုင်)၀၁၁၄၈၄] ဖြစ်ပါကြောင်း။

အသိပေးကြေညာချက်
ဂျပန်နိုင်ငံ၊ စင်္ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V ASIAN LEADER V.16 သင်္ဘောသည် ၂၆-၉-၂၀၁၇ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။
မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှ ချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။
သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။
ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈
ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း
ဦးဖုန်းမြင့်ကျော်[၈/မတန(နိုင်)၀၀၀၀၈၃] နှင့် ဒေါ်အိအိလွင်[၇/ပတန(နိုင်)၀၃၈၀၈၁] တို့သည် ၁၉-၉-၂၀၁၇ ရက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် ဥပဒေရုံးတွင် နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ ဦးဖုန်းမြင့်ကျော်၏ ကိစ္စအဝဝတို့နှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာပါသည်။
ဒေါ်အိအိလွင်
[၇/ပတန(နိုင်)၀၃၈၀၈၁]

ဖခင်အမည်မှန်
ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ သဘော့ဆိပ်ရွာနေ အထက(ခွဲ)သဘော့ဆိပ်၊ ဒသမတန်းမှ မောင်ရှမ်းပိုင်စိုးနှင့် မောင်ရဲမင်းကျော်တို့၏ဖခင် ဦးသားဘိ၏အမည်မှန်မှာ ဦးကြည်ဝင်း[၆/ကသန(နိုင်)၀၈၂၇၆၃]ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း
ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ မသက်ထားစံ၏ဖခင်အမည်မှန်မှာ ဦးအောင်စိုးမင်း(ခ)ဦးစိုးမင်း[၁၂/သဃက(နိုင်)၁၃၆၀၁၀]သည် တစ်ဦးတည်းဖြစ်ပါသည်။

ဖခင်အမည်မှန်
အရာတော်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(D)မှ မမြင့်မြင့်အေး၏ ဖခင်အမည်မှန်မှာ ဦးပြည့်ဝင်း[၅/အရတ(နိုင်)၀၂၅၇၂၃] ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မုံရွာမြို့၊ SEC ကိုယ်ပိုင်အထက်တန်းကျောင်း ဒုတိယတန်းမှ မောင်သန့်ဘုန်းဇော်နှင့် မြိုင်မြို့၊ အထက(၁) အဋ္ဌမတန်း(B)မှ မစောယုနန္ဒာတို့၏ ဖခင်အမည်မှန်မှာ ဦးဇော်အောင် [၈/မမန(နိုင်)၁၂၂၉၁၉]ဖြစ်ပါကြောင်း။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း
ကျွန်မ ဒေါ်အိတင်ဇာမိုးနှင့် ခင်ပွန်းဖြစ်သူ ဦးရဲမိုးဆွေတို့သည် ၂၀၀၂ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့၍ ၁၈-၉-၂၀၁၇ ရက်တွင် နှစ်ဦးသဘောတူ ဝါးခယ်မမြို့နယ်တရားရုံး၊ တွံတေးမြို့နယ် တရားသူကြီးရှေ့မှောက်တွင် ကွာရှင်းပြီးဖြစ်ပါသည်။ ကျွန်မတို့ နှစ်ဦးစလုံး မည်သည့်ကိစ္စအဝဝကိုမဆို တစ်ဦးနှင့်တစ်ဦး လုံးဝမသက်ဆိုင်တော့ပါကြောင်း။
ဒေါ်အိတင်ဇာမိုး
အမှတ်(၃၇)၊ ၄ လမ်း၊ (၂)ရပ်ကွက်၊ မြောင်းမြမြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 4E/4959 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

ပျောက်ဆုံးကြောင်း
ဒေါ်မိစန်းခင် [၃/ဘအန(နိုင်)၀၀၀၃၂၉]၏ သွင်းကုန်ကြေညာလွှာ အမှတ် 766 784/30-11-2015 သွင်းကုန်လိုင်စင်ပါမစ်အမှတ် ISP IDV8 15-16-9116/24-11-15 ID မူရင်းမှာ လုပ်ငန်းလုပ်ကိုင်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၀၃၂၃၈၀**

ဌာနဆိုင်ရာမှတ်တမ်းများမှသည်

မြခွာညိုခိုင် (မော်ကွန်းတိုက်)

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးစုတစ်စု၊ မြို့တစ်မြို့၊ ရွာတစ်ရွာ၊ မိသားစုတစ်စု ပေါက်ဖွားခဲ့ခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်လုပ်ကိုင်ခဲ့သည့်အရာမှန်သမျှသည် မှတ်တမ်းများဖြစ်သည်။ မှတ်တမ်းဟူသည် နောင်လာနောက်သားများ မှီငြမ်းကိုးကားရန် သိမှတ်စရာတစ်ခုဖြစ်ပြီး စဉ်ဆက်မပြတ်လက်ဆင့်ကမ်းရန်လိုအပ်ပါသည်။ သမိုင်းမှတ်တမ်းတစ်ခုသည် နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခု၏ ဆောင်ရွက်ချက်ကို ပြသနိုင်သကဲ့သို့ မှတ်တမ်း၊ မော်ကွန်းအထောက်အထားများကို မပျက်မစီးလုံခြုံစွာထိန်းသိမ်းထားနိုင်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာကိုဖော်ဆောင်နိုင်ခြင်းပင်ဖြစ်ပါသည်။

မှတ်တမ်း၊ မော်ကွန်းဆိုသည်မှာ

မှတ်တမ်းဆိုသည်မှာ အစိုးရဌာနတစ်ခုခု(သို့)အခြားအဖွဲ့အစည်းတစ်ရပ်ရပ်(သို့)ပုဂ္ဂိုလ်တစ်ဦးဦးမှ ရေးသားပြုစုထားသည့်(သို့) လက်ခံရရှိထားသည့် စာရွက်စာတမ်း၊ ကမ္ပည်းစာ ၊ ပုရပိုက်၊ ပေစာ၊ လက်ရေးစာပေ၊ ပုံနှိပ်စာပေတို့ကိုဆိုလိုသည်။ ယင်းစကားရပ်တွင် စက်ကိရိယာဖြင့် ဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့် ဖြစ်စေ မည်သည့်ပုံစံနှင့်မဆို မှတ်တမ်းတင်ထားသည့်အက္ခရာ၊ အသံ၊ ရုပ်သံ မှတ်တမ်းတင်ချက်များ ပါဝင်၍ ယင်းမှတ်တမ်းများအနက် မြန်မာနိုင်ငံသမိုင်း၊ ယဉ်ကျေးမှု အမွေအနှစ်နှင့် နိုင်ငံအုပ်ချုပ်ရေးစသည်တို့နှင့်စပ်လျဉ်းသည့် အထောက်အထားများ၊ အချက်အလက်များပါရှိသောကြောင့် နှစ်ကာလကြာမြင့်စွာ ထိန်းသိမ်းထားသင့်သည့် မှတ်တမ်းများသည် မော်ကွန်းများဖြစ်ပါသည်။

မှတ်တမ်းအမြောက်အမြားကိုဖန်တီး

အစိုးရဌာနအသီးသီးသည် ကွဲပြားခြားနားသော မူဝါဒ၊ စီမံကိန်း၊ ဦးတည်ချက်၊ ရည်မှန်းချက်များဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက် မှတ်တမ်းအမြောက်အမြားကို ဖန်တီးပြုလုပ်နေကြသည်။ အစိုးရဌာန အဖွဲ့အစည်းများသည်လည်းကောင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းအသီးသီးတို့သည်လည်းကောင်း အဖွဲ့အစည်းစတင်ထူထောင်စဉ်ကပင် ဌာန၏ဦးတည်ချက်၊ ရည်မှန်းချက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကိုချမှတ်ကြသည်။ အဆိုပါ ဦးတည်ချက်၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို အောင်မြင်ပြီးမြောက်စေရန် အားထုတ်ကြရာတွင် နှုတ်ဖြင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ စာရေးသားခြင်းဖြင့်လည်းကောင်း နည်းလမ်းများကိုအသုံးပြုကြသည်။ နှစ်ကာလ ကြာရှည်လာသည့်အခါ နေ့စဉ်မှတ်တမ်း၊ လစဉ်မှတ်တမ်းများစုပေါင်း၍ မှတ်တမ်းများတိုးပွားလာခဲ့ပါသည်။

မှတ်တမ်းများ၏တန်ဖိုး

မှတ်တမ်းများ၏တန်ဖိုးကိုအကဲဖြတ်ရာတွင် မူလတန်ဖိုးနှင့်ဆင့်ပွားတန်ဖိုးဟူသော တန်ဖိုးနှစ်ရပ်ပေါ်တွင်မူတည်အကဲဖြတ်နိုင်သည်။မူလတန်ဖိုး (Primary Value)သည် ပြုလုပ်ဖန်တီးသောဌာနအတွက် တိုက်ရိုက်အကျိုးပြုသည်။ ဆင့်ပွားတန်ဖိုး (Secondary Value) သည် အခြားသောဌာနနှင့် ကြည့်ရှုလေ့လာသူများအတွက်အကျိုးပြုသည်။ မှတ်တမ်းတစ်ခုတွင် မူလတန်ဖိုး (သို့)ဆင့်ပွားတန်ဖိုးရှိသကဲ့သို့ တန်ဖိုးနှစ်ရပ်လုံးပါဝင်နိုင်သည်။မှတ်တမ်းများသည် သမိုင်းဖော်ထုတ်ရန်၊ သုတေသနပြုရန်အတွက်တန်ဖိုးရှိသောကြောင့် ထိန်းသိမ်းထားခြင်းဖြစ်သည်။ ဖော်ထုတ်ရန် သမိုင်းမှာ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတို့ဖြစ်သည်။ သုတေသနပြုလုပ်ရန်မှာ သိပ္ပံ၊ ဝိဇ္ဇာ၊ စက်မှုဆေးဝါးနှင့်ယဉ်ကျေးမှု ပစ္စည်းများပင်ဖြစ်သည်။

မှတ်တမ်းများအားအကဲဖြတ်ခြင်း

အစိုးရဌာနများသည် မှတ်တမ်းအမြောက်အမြားကို ဖန်တီးပြုလုပ်ကြသည်။ ယင်းမှတ်တမ်း များအားလုံးကို ထိန်းသိမ်းရန်မဖြစ်နိုင်သည့်အတွက် ရွေးချယ်သိမ်းဆည်းခြင်း(Slection Records) နည်းလမ်းဖြင့်ထိန်းသိမ်းရသည်။ ဤကဲ့သို့ ရွေးချယ်သိမ်းဆည်းရန်အတွက် စိစစ်ခြင်းသည်မှတ်တမ်းများ အကဲဖြတ်ခြင်း(Appraisal of Records)ပင်ဖြစ်သည်။ မှတ်တမ်းများကို အကဲဖြတ်ရာတွင် ကနဦးဌာန (Creating Agency) ၏အရေးပါမှုကို ထည့်သွင်းစဉ်းစားရမည်။ သာမန်ရုံးလုပ်ငန်း မှတ်တမ်းများ(House-Keeping Records)သည် စီမံခန့်ခွဲရေးလုပ်ငန်းအတွက် ကာလတို အသုံးဝင်၍ နှစ်ကာလကန့်သတ်ချက်ဖြင့် ဖျက်ဆီးနိုင်သည်။

သမိုင်းအထောက်အထားနှင့်သုတေသနပြုလုပ်ရန်အတွက် အကျိုးဝင်သောမှတ်တမ်းများအား ဆုံးဖြတ်ချက်ချနိုင်သည့် အချိန်ကာလတစ်ခုအထိ ရယူသင့်သည်။ မှတ်တမ်းများကို အကဲဖြတ်ခြင်းလုပ်ငန်းသည် ကျယ်ဝန်းနက်နဲသောလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ရုပ်ဝတ္ထုပစ္စည်းများ၏ တန်ဖိုးကိုအကဲဖြတ်ရခြင်းထက် မော်ကွန်းဖြစ်လာနိုင်သည့် မှတ်တမ်းများကိုအကဲဖြတ်ရခြင်းသည် ပို၍ခက်ခဲသည်။ ထို့ကြောင့် မှတ်တမ်းအကဲဖြတ်သူသည် မှတ်တမ်း၊ မော်ကွန်းတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကွဲပြားစွာသိရှိရသကဲ့သို့ အုပ်ချုပ်ရေးလုပ်ငန်း၊ အတွေ့အကြုံရင့်ကျက်မှု၊ မြော်မြင်မှုရှိခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်ရသော လုပ်ငန်းဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ဗြိတိသျှအုပ်ချုပ်ရေးခေတ် မှတ်တမ်းခန်းများထားရှိပုံ

မြန်မာနိုင်ငံတွင် ဗြိတိသျှအုပ်ချုပ်ရေးခေတ်တွင် မှတ်တမ်းခန်းများဖွဲ့စည်းရေးနှင့်ပတ်သက်၍ ခရိုင်ဝန်များ၏ အုပ်ချုပ်မှုအောက်တွင် မှတ်တမ်းခန်း (Records Úffice)များ ဖွဲ့စည်းဆောင်ရွက်ပုံ၊ မှတ်တမ်းထိန်းများခန့်အပ်ထားရှိပုံ၊ ၎င်းတို့၏တာဝန်နှင့် ဝတ္တရားများ Land Records Treasury နှင့် General Administration တို့နှင့်ပတ်သက်သော မှတ်တမ်းတို့ကို အဓိကထား၍ သိမ်းဆည်းပုံများကို မှတ်သားရပါသည်။

၁၉၆၆ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ရုံးလုပ်ထုံးလုပ်နည်းလမ်းညွှန်စာအုပ်တွင် ဗဟိုစာတွဲခန်း(သို့)ဌာနဆိုင်ရာမှတ်တမ်းခန်း ဖွဲ့စည်းဆောင်ရွက်ပုံနှင့်စာတွဲထုတ်ပေးသည့်စနစ်၊ ဗဟိုစာတွဲခန်းစနစ်ထားရှိခြင်းတို့ကို ဖော်ညွှန်းထားကြောင်းတွေ့ရသည်။ ပြည်ထောင်စု မြန်မာနိုင်ငံ အုပ်ချုပ်ရေးစနစ်သစ် ဖော်ထုတ်ရေးအရ ၁၉၇၂ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် အစိုးရ၏ လုပ်ကိုင်ပုံနည်းစနစ်စာအုပ်တွင် မြန်မာနိုင်ငံ၏မှတ်တမ်း၊ မော်ကွန်းလုပ်ငန်းများကိုစနစ်တကျ စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယင်းစာအုပ်၏ အခန်း ၁၂ ရုံးလုပ်ငန်း၊ အပိုဒ် (၇) တွင် ကိစ္စပြီးသောစာတွဲများကို အောက်ပါအတိုင်းထားသိုရမည်-

(၁) ကိစ္စပြီးသောစာတွဲများကို သက်ဆိုင်ရာရုံး၏ စာတွဲထားသိုခန်းတွင် နှစ်အလိုက်နေရာခွဲ၍ ထားရမည်။

(၂) သက်ဆိုင်ရာရုံး၏ စာတွဲထားသိုခန်းတွင် ငါးနှစ်သက်တမ်းပြည့်သောစာတွဲများကို အစိုးရ အဖွဲ့၏ ညွှန်ကြားရေးမှူး ပုဂ္ဂိုလ်က အောက်ပါအတိုင်း စီစဉ်ရမည် -

- (က) ဖျက်ဆီးတန်သည့် စာတွဲများကိုဖျက်ဆီးရမည်။
- (ခ) ၁၀ နှစ်အထိထားရန် လိုအပ်သည့်စာတွဲများကို သက်ဆိုင်ရာရုံး၏ စာတွဲထားသိုခန်းတွင် သီးသန့်ထားရမည်၊ ၁၀ နှစ်ပြည့်ပြီးသောအခါ ဆက်လက်ထားရန်လိုအပ်ပါက ထား၍ ဆက်လက်ထားရန်မလိုအပ်လျှင်ဖျက်ဆီးရမည်။
- (ဂ) ထာဝရထားရမည့်စာတွဲများကို အစိုးရမော်ကွန်းတိုက် (State Archives) သို့ပို့ရမည်ဟု ဖော်ပြထားပါသည်။

မှတ်တမ်းများအားစီမံခန့်ခွဲမှုလုပ်ငန်း

အစိုးရဌာနအဖွဲ့အစည်းများသည် လုပ်ငန်းဆောင်ရွက်ချက်များ များပြားလာသည်နှင့်အမျှ မှတ်တမ်းများတိုးပွားလာနိုင်ပါသည်။ တိုးပွားလာသောမှတ်တမ်းများမှာ ကာလကြာရှည်လာသည့်နှင့်အမျှ ဌာနခွဲအလိုက်၊ ဌာနစုအလိုက် ထိန်းသိမ်းရန်ခက်ခဲလာပါသည်။ထိုအခါ မှတ်တမ်းစီမံခန့်ခွဲမှု လုပ်ငန်းများဆောင်ရွက်ရန်လိုအပ်လာပါသည်။ မှတ်တမ်းများကို အသုံးပြုမှုအလိုက် အောက်ပါအတိုင်း ခွဲခြားသတ်မှတ်နိုင်ပါသည်-

(က) အသုံးပြုဆဲမှတ်တမ်း(Current Records)

(ခ) တစ်ခါတစ်ရံအသုံးပြုသောမှတ်တမ်း(Semi Current Records)

(ဂ) သုံးဆဲမဟုတ်တော့သည့်မှတ်တမ်းများ (Non Current Records)

အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း အခန်း(၃)၊ အပိုဒ်(၅) တွင် အစိုးရဌာနများသည် မိမိတို့လက်ဝယ်ရှိမှတ်တမ်းများကို အသုံးပြုမှုအလိုက် အသုံးပြုဆဲမှတ်တမ်းနှင့် တစ်ခါတစ်ရံအသုံးပြုသောမှတ်တမ်းတို့ကို သက်ဆိုင်ရာဌာနမှ တာဝန်ယူထိန်းသိမ်းရမည်။ အသုံးပြုဆဲမဟုတ်သည့် မှတ်တမ်းများကို အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်သို့ လွှဲပြောင်းပေးရမည်ဟု ပြဋ္ဌာန်းပါရှိသည်။ မှတ်တမ်းများ၏ အခြေခံဖြစ်သောစာတွဲများကို ဌာနဆိုင်ရာ မှတ်တမ်းခန်း (သို့) ဗဟိုစာတွဲခန်းသို့လည်းကောင်း၊ ထိုမှတစ်ဆင့် မော်ကွန်းတိုက်သို့လည်းကောင်း အဆင့်ဆင့် စိစစ်အကဲဖြတ်လွှဲပြောင်းပေးခြင်းဖြင့် နိုင်ငံတော်၏ အဖိုးတန်မော်ကွန်းများအဖြစ် ရောက်ရှိလာနိုင်ပါသည်။

ဌာနဆိုင်ရာမှတ်တမ်း(သို့)ဗဟိုစာတွဲခန်းထားရှိခြင်း၏ အကျိုးကျေးဇူး

မှတ်တမ်းတစ်ရပ်တွင် အုပ်ချုပ်ရေးဆိုင်ရာတန်ဖိုး (Administrative Value)၊ သမိုင်းဆိုင်ရာ တန်ဖိုး (Historical Value)၊ တရားဥပဒေဆိုင်ရာတန်ဖိုး(Legal Value)၊ အထောက်အထားတန်ဖိုး (Evidential Value)၊ သတင်းအချက်အလက်တန်ဖိုး(Informational Value) များပါရှိ စမြဲဖြစ်ပါသည်။ မှတ်တမ်းတစ်ရပ်ရပ်တွင် အဆိုပါတန်ဖိုးများပါရှိသဖြင့်ဌာနအနေဖြင့် ရည်ညွှန်းကိုးကား နိုင်ပါသည်။ ထို့ကြောင့် စာတွဲတစ်ခုမှသည် မှတ်တမ်း (သို့) မော်ကွန်းတစ်ခုအဖြစ် ရောက်ရှိလာနိုင်သည့်အတွက် စာတွဲများအား ဌာနဆိုင်ရာမှတ်တမ်းခန်းတွင် စနစ်တကျထိန်းသိမ်းထားရှိရန်လိုအပ်ပါသည်။ ဌာနဆိုင်ရာ မှတ်တမ်းခန်းထားရှိခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်-

- မှတ်တမ်းများကိုပြန်လည်အသုံးပြုရန် လိုအပ်ပါက အချိန်တိုအတွင်း အလွယ်တကူ ထုတ်ယူနိုင်ခြင်း၊
- မှတ်တမ်းများကို စနစ်တကျထားရှိခြင်းဖြင့် နေရာယူမှုနည်းစေပြီး မှတ်တမ်းများပျက်စီးမှုမှ ကာကွယ်နိုင်ခြင်း၊
- ခေတ်အဆက်ဆက်မှတ်တမ်းများကို စနစ်တကျထိန်းသိမ်းထားရှိခြင်းဖြင့် မှတ်တမ်းများ ပြုတ်တောက်မှုမှကာကွယ်နိုင်ခြင်း၊
- ဌာန၏ လုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ခြင်းတို့ဖြစ်ပါသည်။

စာတွဲများအားအဆင့်သတ်မှတ်ခြင်း

ဌာနခွဲအသီးသီးတွင် ထိန်းသိမ်းထားရှိသော မှတ်တမ်းများကိုပုံသဏ္ဍာန်ပေါ်တွင်အခြေခံ၍ ခွဲခြားကြည့်လျှင် စာတွဲ၊ စာအုပ်စာတမ်း၊ မြေပုံ၊ ဓာတ်ပုံ၊ အသံဖိုင်မှတ်တမ်းများစသည်ဖြင့်တွေ့ရှိနိုင်သည်။ အသုံးပြုနိုင်သည့် သက်တမ်းအရခွဲခြားကြည့်လျှင် အဆင့် (၃) ဆင့်တွေ့ရှိရမည်။

(A) အဆင့်မှတ်တမ်းများတွင် ဌာန၏နောက်ခံသမိုင်း၊ ဖွဲ့စည်းပုံ၊ တာဝန်နှင့်ဝတ္တရား၊ စီမံကိန်း၊ စီမံချက်၊ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲ၊ ညွှန်ကြားချက်၊ စာချုပ်စာတမ်းများ၊ သဘောတူညီချက်များ၊ သုတေသနစာတမ်းများ၊ စစ်တမ်းများ၊ အစည်းအဝေးမှတ်တမ်း၊ အမိန့်ကြော်ငြာစာ၊ စစ်ဆေးချက်စသည်တို့နှင့်စပ်လျဉ်းသည့် မှတ်တမ်းများ ပါဝင်ပါသည်။ လုံခြုံရေးအဆင့် သတ်မှတ်ချက်များ ပါရှိသည့် ထိပ်တန်းလျှို့ဝှက်၊ လျှို့ဝှက်၊ အတွင်းရေး အစရှိသည့် မှတ်တမ်းများကို တာဝန်ရှိပုဂ္ဂိုလ်မှ သီးသန့်ထိန်းသိမ်းသင့်ပါသည်။ (A) အဆင့်မှတ်တမ်းများသည် အစဉ်အမြဲသိမ်းဆည်းရမည့် မှတ်တမ်းများဖြစ်ပါသည်။

(B) အဆင့်မှတ်တမ်းများမှာ ထူးထူးခြားခြား အရေးမကြီးသော်လည်း ကာလကြာမြင့်စွာ ထိန်းသိမ်းထားရှိသင့်သည့် မှတ်တမ်းများဖြစ်ပါသည်။ ပင်မလုပ်ငန်းကိုဆောင်ရွက်သည့်လုပ်ငန်းများ ဝန်ထမ်းရေးရာနှင့်စပ်လျဉ်းသည့်မှတ်တမ်းများ၊ ဘဏ္ဍာရေးကိစ္စနှင့်စပ်လျဉ်းသည့် မှတ်တမ်းများ ပါဝင်ပါသည်။ ယင်းမှတ်တမ်းများကို ကာလအပိုင်းအခြားတစ်ခုအထိ ထိန်းသိမ်းရန် သတ်မှတ်ထားပါသည်။ (ဃ)အဆင့် မှတ်တမ်းများမှာ သာမန်စာပေးစာယူစာတွဲများဖြစ်သည်။ ၎င်းတို့၏ သက်တမ်းကို တစ်နှစ်သတ်မှတ်ထားရသည်။ ဌာနအလိုက်လုပ်ငန်းဆောင်ရွက်ချက်များတွင် ဌာနအတွက် ရေရှည်အရေးကြီးသည့် မှတ်တမ်းများ၊ ပြန်လည်ရည်ညွှန်းကိုးကားရန်လိုအပ်သည့်မှတ်တမ်းများကို မူရင်းဌာန(Creating Agmency) ကပို၍ အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်ပါသည်။

ဌာနတွင်းမှတ်တမ်းခန်းတွင်စနစ်တကျသိမ်းဆည်းခြင်း

ဌာနခွဲများမှ(A,B) အဆင့်သတ်မှတ်ပေးလိုက်သောစာတွဲများကို ဌာနဆိုင်ရာ မှတ်တမ်းခန်းအရာရှိမှ စာတွဲမှတ်ပုံတင်စာရင်းဖြင့်စစ်ဆေး၍ လက်ခံရယူရမည်၊ လက်ခံရရှိထားသော မှတ်တမ်းများကို (A,B) အမှတ်ရေးထိုးခြင်း၊ စာတွဲပေါ်ရှိအမှတ်အသားများကို စစ်ဆေးခြင်း၊ စာတွဲအမှတ်ပါရှိပါက အမှတ်ရေးထိုးခြင်းလုပ်ငန်းများဆောင်ရွက်ရမည်။ မှတ်တမ်းများကိုစီစဉ်ရာ၌ ဌာနခွဲများ ခွဲခြားကာ သက္ကရာဇ်စဉ်၍ စာတွဲအညွှန်းပါ စာတွဲအမှတ်များအရ စီစဉ်သည့်စနစ်ကို ကျင့်သုံးရပါသည်။ စီစဉ်ခြင်းလုပ်ငန်းပြီးစီးသောအခါ ထိန်းသိမ်းထားရှိသောမှတ်တမ်းများကို စာရင်းပြုစုရပါမည်။ မှတ်တမ်းများကို ပုံးသွင်းခြင်းလုပ်ငန်းဆောင်ရွက်ရာ၌ ပုံးအသီးသီးတွင် ပုံးအမှတ်၊ သက္ကရာဇ်၊ ပါဝင်သောစာတွဲများ၏ အမှတ်များကိုဖော်ပြပြီး လက်ဝဲမှ လက်ယာသို့စီသည့်စနစ်ဖြင့် စင်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရပါမည်။ စင်များကို ဌာနခွဲအလိုက် ခွဲခြားကာ အမည်နှင့်အကျုံးဝင်သော စာတွဲများ ဖော်ပြထားရပါမည်။မှတ်တမ်းများကို ပုံးသွင်းခြင်း မပြုလုပ်နိုင်ပါက စာတွဲစင်များ၊ ဗီရိုများတွင်လည်း စနစ်တကျသိမ်းဆည်း၍ ထိန်းသိမ်းထားရှိနိုင်ပါသည်။

မှတ်တမ်းများအားရည်ညွှန်းကိုးကားနိုင်ခြင်း

ဌာနဆိုင်ရာမှတ်တမ်းခန်းတွင် သိမ်းဆည်းထားရှိသည့်မှတ်တမ်းများကို သက်ဆိုင်ရာဌာနများမှ ပြန်လည်ရည်ညွှန်းကိုးကားရန်လိုအပ်ပါက မှတ်တမ်းအသုံးပြုခွင့်တောင်းခံလွှာတွင် ဖြည့်စွက်စေ၍ အဆင့်ဆင့်ကြီးကြပ်သူထံတင်ပြရမည်။ ခွင့်ပြုချက်ပုံစံတွင် ဌာနခွဲတာဝန်ခံ၏ လက်မှတ်ပါရှိမှသာ ကြည့်ရှုခွင့်ပြုရမည်။ မှတ်တမ်းများကို ဌာနဆိုင်ရာမှတ်တမ်းခန်းမှ ထုတ်ယူပါကစာတွဲအဝင်အထွက် စာရင်းတွင် ဖြည့်စွက်၍ ထုတ်ယူရမည်။ ဤကဲ့သို့ စနစ်တကျထားရှိခြင်းဖြင့် ဌာန၏ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်သိရှိနိုင်ခြင်း၊ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

ဌာနဆိုင်ရာမှတ်တမ်းများမှသည်

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် မှတ်တမ်းရယူစုဆောင်းခြင်းလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မှတ်တမ်းများကို သွားရောက် လွှဲပြောင်းရယူခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် အချို့သော ဌာနများအနေဖြင့် မှတ်တမ်းများကို မှတ်တမ်းခန်းများဖြင့် စနစ်တကျထိန်းသိမ်းထားရှိသော်လည်း အချို့သောဌာနများတွင်မှတ်တမ်းထိန်းသိမ်းမှုမှာ အနည်းငယ်အားနည်းလျက်ရှိကြောင်း တွေ့ရသည်။

အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် မိမိဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဌာနဆိုင်ရာ မှတ်တမ်းခန်း(သို့) ဗဟိုစာတွဲခန်းများတွင် ထိန်းသိမ်းထားရှိခြင်းဖြင့် ဌာနဆိုင်ရာမှတ်တမ်းများမှသည် နောင်အနာဂတ်တွင် နိုင်ငံတော်၏မော်ကွန်းဝင်မှတ်တမ်းများဖြစ်လာနိုင်သည့် မှတ်တမ်းများကို ပူးပေါင်းပါဝင်ထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

ကိုးကား

မှတ်တမ်းမော်ကွန်းစီမံခန့်ခွဲရေးသင်တန်းပို့ချချက်များ

နိုင်ကြူကြူအောင်

ဦးစီးအရာရှိ (အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်)

လက်ဝှေ့အားကစားပြိုင်ပွဲ အမျိုးသမီးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၁

၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့အားကစားပြိုင်ပွဲ အမျိုးသမီးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက လက်ဝှေ့ရုံ (TC-1) ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ စတင်ယှဉ်ပြိုင်ကစားကြသည်။

အမျိုးသမီးဗိုလ်လုပွဲစဉ် (၄၅)ကီလို ပြိုင်ပွဲတွင် မီးလေး(မကွေး)နှင့် စုသျှားညို(တနင်္သာရီ)တို့ ယှဉ်ပြိုင်ကစားကြရာ မီးလေး(မကွေး)က လည်းကောင်း၊ (၄၈)ကီလိုပြိုင်ပွဲတွင် ရည်မှန်းထား(ရန်ကုန်)နှင့် သဇင်ဝေ(တနင်္သာရီ)တို့ယှဉ်ပြိုင်ကစားကြရာ သဇင်ဝေ(တနင်္သာရီ)မှလည်းကောင်း၊ (၅၁)ကီလိုပြိုင်ပွဲတွင် ယဉ်ယဉ်အောင်(စစ်ကိုင်း)နှင့် အေးငြိမ်းထူး(တနင်္သာရီ)တို့ ယှဉ်ပြိုင်ကစားကြရာ အေးငြိမ်းထူး(တနင်္သာရီ)က လည်းကောင်း၊ (၅၄) ကီလိုပြိုင်ပွဲတွင် မြမိုးသူ(ရန်ကုန်)နှင့် အိဖြူထွေး (တနင်္သာရီ)တို့ယှဉ်ပြိုင်ကစားကြရာ အိဖြူထွေး(တနင်္သာရီ)ကလည်းကောင်း၊ (၅၇)ကီလိုပြိုင်ပွဲတွင် ငုဝါဦး(ရန်ကုန်)နှင့် နော်အဲနေမူး(တနင်္သာရီ)တို့ယှဉ်ပြိုင်ကစားကြရာ ငုဝါဦး(ရန်ကုန်)က လည်းကောင်း၊ (၆၀)ကီလိုပြိုင်ပွဲတွင် အေးအေးစိုး (တနင်္သာရီ)နှင့် စိုင်းလုလု(ကချင်)တို့ ယှဉ်ပြိုင်ကစားကြရာ အေးအေးစိုး(တနင်္သာရီ)က လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အမျိုးသမီး(၄၅)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသော မီးလေး(မကွေး)၊ ဒုတိယဆုရရှိသော စုသျှားညို (တနင်္သာရီ)၊ တတိယဆုရရှိသောဧှေးဧှေးမြင့်(ပဲခူး) တို့အား မြန်မာနိုင်ငံလက်ဝှေ့ အဖွဲ့ချုပ်အတွင်းရေးမှူး ဦးစောထွန်းလှဘော်ကလည်းကောင်း၊ အမျိုးသမီး (၄၈)ပြိုင်ပွဲတွင် ပထမဆုရရှိသော သဇင်ဝေ (တနင်္သာရီ)၊ ဒုတိယဆုရရှိသော ရည်မှန်းထား (ရန်ကုန်)၊ ပူးတွဲတတိယဆုရရှိသော နန်းလောင်မွန်း (ရှမ်း)နှင့် ဂျာဆန်(ကချင်)တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်စိုးကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အမျိုးသမီး(၅၁)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသော အေးငြိမ်းထူး (တနင်္သာရီ)၊ ဒုတိယဆုရရှိသောယဉ်ယဉ်အောင်(စစ်ကိုင်း)၊ ပူးတွဲတတိယဆုရရှိသော ခင်နှောင်းတင့်(ရှမ်း)နှင့် မေမီခင်(ရန်ကုန်)တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးအောင်ကလည်းကောင်း၊ အမျိုးသမီး(၅၄)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသော အိဖြူထွေး (တနင်္သာရီ)၊ ဒုတိယဆုရရှိသောမြမိုးသူ(ရန်ကုန်)၊ ပူးတွဲတတိယဆုရရှိသော ဖြူဝိုင်း(မွန်)နှင့် မိုင်းမိုင်(ပဲခူး)တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့်အတူငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အမျိုးသမီး(၅၇)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသော ငုဝါဦး(ရန်ကုန်) နှင့် ဒုတိယဆုရရှိသော နော်အဲနေမူး(တနင်္သာရီ)တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက တစ်ဦးချင်း ဆုတံဆိပ်နှင့်အတူ ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အမျိုးသမီး(၆၀)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသော အေးအေးစိုး (တနင်္သာရီ)နှင့် ဒုတိယဆုရရှိသော စိုင်းလုလု(ကချင်)တို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က တစ်ဦးချင်းဆုတံဆိပ်နှင့်အတူ ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

မောင်မောင်ဇော်

မုံရွာမြို့၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

မုံရွာ စက်တင်ဘာ ၂၁

စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၁ ရက်က မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မုံရွာခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဟောပြောပွဲတွင် မုံရွာခရိုင်ဦးစီးမှူး ဒေါ်ရီလင်းထွဋ်က စားသုံးသူအကာအကွယ်ပေးရေးအကြောင်းကို ဆွေးနွေးရာတွင် ဌာန၏ ရည်ရွယ်ချက်မှာ စားသုံးသူများမိမိတို့အခွင့်အရေးကို သိရှိနားလည်ပြီး တောင်းဆိုရယူတတ်စေရန်၊ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော အာမခံချက်ရှိပြီး အရည်အသွေးမြင့်မားသော ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးနိုင်ရန်၊ စားသုံးသူများအနေဖြင့် ကုန်စည်အညွှန်းများကို ဖတ်ရှုပြီး စားသုံးသူများအနေဖြင့် နစ်နာဆုံးရှုံးမှုရှိပါက စားသုံးသူရေးရာဦးစီးဌာန စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန (Consumer Information and Complaint Centre (CICC) သို့ တိုင်ကြားနိုင်ကြောင်းကို ရှင်းလင်းဟောပြောပြီး စားသုံးသူများ လုံခြုံမှုရှိစေရန်နှင့် စားသုံးသူအခွင့်အရေးနှင့်စားသုံးသူ အကျိုးစီးပွားကာကွယ်ဆောင်ရွက်ရန်စသည်တို့ကို ဆွေးနွေးပြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးခင်ဇော်က စားသုံးသူအကာအကွယ်ပေးရေးနှင့် ဆရာ ဆရာမများ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ထပ်မံဆွေးနွေးပြီး စားသောက်ကုန်ပစ္စည်းများနှင့် ပတ်သက်၍လည်း ပြည်သူများ ကျန်းမာရေးကို ထိခိုက်နစ်နာမှုမရှိစေရန် ဌာနဆိုင်ရာအသီးသီးနှင့် ပူးပေါင်း၍ စားသောက်ဆိုင်များ၊ ဈေးဆိုင်များကိုလည်း စစ်ဆေးလျက်ရှိကြောင်းနှင့် အခြားစားသုံးသူ ရေးရာအသိပညာဗဟုသုတများကိုလည်း တာဝန်ရှိသူတို့က ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

မင်းမင်း(ပြန်/ဆက်)

❑

မိတ္ထီလာ အလက(၂)၌ မိုဘိုင်းစာကြည့်တိုက်လုပ်ငန်း ကွင်းဆင်းဆောင်ရွက်

မိတ္ထီလာ စက်တင်ဘာ ၂၁

မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ်ကွက် ဩဇာခြံရပ်ရှိ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းရှိကျောင်းသူကျောင်းသားများ စာပေဖတ်ရှုလေ့လာသည့်အလေ့အကျင့်အကောင်းများရရှိစေရန် ရည်ရွယ်ချက်ဖြင့် စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီက မိုဘိုင်းစာကြည့်တိုက်လုပ်ငန်းကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ယင်းသို့ မိုဘိုင်းစာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ရာတွင် ကလေးစာပေများဖြစ်သည့် ကာတွန်း၊ ရုပ်ပြ၊ ပုံပြင်နှင့် ယဉ်ကျေးလိမ္မာ စာအုပ်များကို ကျောင်းစာကြည့်တိုက်တွင် ခင်းကျင်းကာ စာသင်ခန်းတစ်ခန်းစီမှ ကျောင်းသူ ကျောင်းသားများအား စာဖတ်ချိန်တစ်ချိန်ပေးကာ စာအုပ်စာပေများလေ့လာဖတ်ရှုခွင့်ရအောင်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ကျောင်းသား ကျောင်းသူများ စာအုပ်စာပေလေ့လာ ဖတ်ရှုနိုင်ရန်အတွက် ဆောင်ရွက်ပေးသည့် မိုဘိုင်းစာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်မှုအား ကျောင်းရှိ ဆရာ ဆရာမများက ဝိုင်းဝန်းပံ့ပိုးကူညီခဲ့ပြီး ခင်းကျင်းပြသထားသည့် စာအုပ်များကို လကျောင်းသား လကျောင်းသူများက လစိတ်ဝင်တစားဖတ်ရှုကြသည်။

ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခရိုင်ပြည်သူ့စာကြည့်တိုက်ဖွင့်လှစ်ထားရှိပြီး သုတရသစာအုပ်စာစောင်များကို အခမဲ့ငှားရမ်းပေးခြင်း၊ စာကြည့်တိုက်တွင် ကလေးစာဖတ်ခန်းသီးသန့်ထားရှိကာ ကလေးငယ်များ အားလပ်ချိန်တွင် စာပေလေ့လာဖတ်ရှုခြင်း၊ ရုပ်ပုံဆွဲခြင်းများပြုလုပ်နိုင်ရန် စီစဉ်ပေးထားခြင်းတို့အပြင် ဝိုင်ဖိုင်ဖြင့် အင်တာနက်အခမဲ့အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ချမ်းအေးသာစံမြို့နယ် ဘုရားသုံးဆူ ဗုဒ္ဓပူဇနီယပွဲတော်အကြို မြေထည်ကစားစရာပစ္စည်းများခင်းကျင်းရောင်းချ

ချမ်းအေးသာစံ စက်တင်ဘာ ၂၁

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၈၂)လမ်း (၂၉)လမ်းနှင့် (၃၀) လမ်းကြား ချမ်းအေးသာစံအလယ်ရပ်ရှိရှေးဟောင်းသမိုင်းဝင်ဘုရားသုံးဆူ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်သီတင်းကျွတ်လဆန်း ၁၀ ရက်တွင် နန်းတော်ရှေ့စည်တော်ကြီးအဖွဲ့၊ အငြိမ့်ပွဲ၊ မြန်မာမှုတေးဂီတအဖွဲ့၊ ခြင်းအလှခတ်ပွဲများဖြင့်စည်ကားစွာကျင်းပမည်ဖြစ်သည်။

ဘုရားသုံးဆူဗုဒ္ဓပူဇနီယပွဲတော်အကြိုအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၊ မြင်းမူမြို့နယ်၊ မြောင်မြို့နယ်များမှ မြန်မာ့ရိုးရာမြေထည်ကလေးကစားစရာအိုးပုတ်ဈေးသည်များလာရောက်ကြကာ (၈၂)လမ်းမကြီး ဝဲ/ယာတွင် ခေတ်မီပလတ်စတစ်ကစားစရာပစ္စည်းများနှင့် အပြိုင်မြေထည်တွင်သဘော်ဆေး၊ အနုမြူရောင်စုံဆေးများခြယ်သ၍ ကလေးများစွဲမက်ဖွယ်နှစ်စဉ်လာရောက်ရောင်းချကြသည်။

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုဘိုရွှေကျောင်းရပ်ကွက်၌ နှစ်စဉ် ဝါခေါင်လဆန်း ၇ ရက်တွင် အိုးပုတ်ပွဲကျင်းပရောင်းချခဲ့ကြပြီး မတ္တရာ၊ အမရပူရ၊ ကူမဲမြို့ ၁၂ ပွဲဈေးများသို့ ဆက်လက်သွားရောက်ရောင်းချကာ တော်သလင်းလဆန်းမှစ၍ ဘုရားသုံးဆူဘုရားရှေ့သို့ ပြောင်းရွှေ့အခြေချကာ ဘုရားသုံးဆူဗုဒ္ဓပူဇနီယပွဲတော်အကြိုလာရောက်ရောင်းချကြရာ ဝယ်ယူသူများဖြင့် စည်းကားလျက်ရှိကြောင်းသိရသည်။

သီဟကိုကို(မန္တလေး)

မန္တလေးအိမ်ခြံမြေဈေးကွက်အနည်းငယ်လှုပ်ရှား၊ အငှားဈေးကွက်အားကောင်းပြီးဈေးတက်

မန္တလေး စက်တင်ဘာ ၂၁

မန္တလေး အိမ်ခြံမြေဈေးကွက်သည် အေးနေရာမှ စက်တင်ဘာ တတိယပတ်မှစတင်ကာ တဖြည်းဖြည်းပြန်လည်လှုပ်ရှားလာသည်။ မန္တလေးမြို့တွင် ဇရိယာအိမ်ခြံမြေဈေးကွက် ပြန်လည်လှုပ်ရှားလာပေမယ့် ဈေးများက တက်ခြင်းကျခြင်းမရှိဘဲ ကြိုက်ရောင်းကြိုက်ဝယ် အနေအထားရှိကြောင်း၊ မန္တလေးမြို့တွင်း ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံမြို့နယ်များထက် ချမ်းမြသာစည်နှင့် ပြည်ကြီးတံခွန်မြို့နယ်များတွင် ကျပ်သိန်း ၃၀၀ ဝန်းကျင် ပေ ၃၀ × ပေ ၄၀ မြေကွက်နှင့် အိမ်ပါအသင့်နေနိုင်သော နေရာများတွင် အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့တွင်း ဇရိယာတွင် အရောင်းထက် အငှားဈေးကွက် အားကောင်းလာပြီး ဈေးနှုန်းများလည်း နှစ်ဆခန့်မြင့်တက်လျက်ရှိသည်။ မဟာအောင်မြေမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်အတွင်း လုံးချင်းများငှားရမ်းမှုဈေးနှုန်းများမြင့်တက်နေပြီး ယာယီနေထိုင်မှုဗီဇာဖြင့် မန္တလေးမြို့သို့ လာရောက်စီးပွားရေးလုပ်ကိုင်ကြသော တစ်ဖက်နိုင်ငံသားများ ငှားရမ်းမှုများပြားသည်။

မန္တလေးမြို့လယ်၌ တည်ဆောက်ပြီးကွန်ဒိုများတွင် ဝယ်ယူခြင်း၊ ငှားရမ်းနေထိုင်ခြင်းနည်းပါးနေပြီး တန်ဖိုးနည်းအိမ်ရာများတွင် ဝယ်ယူခြင်းငှားရမ်းခြင်း များပြားနေကြောင်း သိရသည်။

မောင်ပြည်သူ

နမ့်စန်–မိုးနဲ–မိုင်းတုံ–မိုင်းဆတ်လမ်းပိုင်းအဆင့်မြှင့်တင် တိုးချဲ့ခြင်းလုပ်ငန်းအားပြည်နယ်ဝန်ကြီးချုပ်ကြည့်ရှုစစ်ဆေး

မိုးနဲ စက်တင်ဘာ ၂၁

ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများအဖွဲ့သည် စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီခွဲက မိုးနဲမြို့လမ်းဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၅၉၃ သန်းဖြင့်ဆောင်ရွက်လျက်ရှိသော နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းပိုင်း မူလ ၁၂ ပေအကျယ် ကတ္တရာလမ်းမှ ၁၈ ပေ တိုးချဲ့ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးခဲ့ရာ ရှင်းလင်းဆောင်နေရာ၌ ပြည်နယ်လမ်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကျော်သီဟက လမ်းပိုင်းအလိုက်လုပ်ငန်းဆောင်ရွက်နေမှုအား မြေပုံကားချပ်များနှင့်ရှင်းလင်းတင်ပြခဲ့ရာပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ချိန်နှင့် သတ်မှတ် စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်ရန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မိုးနဲမြို့ ဟော်ဝင်းအတွင်းရှိရှမ်းစော်ဘွားကြီးများ လက်ထက်က အထွတ်အမြတ်ထားရှိခဲ့သော မာလိန်တိုင်နှင့် နွားကြေးရုပ်တို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ အင်းလေး(၂၁)ဌာနသို့ ဒေသစာရီကြွချီအပူဇော်ခံပင့်ဆောင်

ညောင်ရွှေ စက်တင်ဘာ ၂၁

နှစ်စဉ်ကျင်းပပူဇော်မြဲဖြစ်သော ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ် လေးဆူ အင်းလေး(၂၁)ဌာနသို့ ဒေသစာရီကြွချီအပူဇော်ခံ ပင်ဆောင်ပွဲမင်္ဂလာ အခမ်းအနားကို စက်တင်ဘာ ၂၁ ရက် နံနက် ၆ နာရီက ရုပ်ရှင်တော်မြတ်များ ထာဝရသီတင်းသုံးတော်မူရာ နမ့်ဟူးစံ ကျောင်းတော်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ညောင်ရွှေမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက ဖောင်တော်ဦးရုပ်ရှင်တော်မြတ်များ (၂၁)ဌာနသို့ ဒေသစာရီကြွချီ အပူဇော်ခံပါမည့်အကြောင်း လျှောက်ထားလွှာကို ဖတ်ကြားလျှောက်ထားပြီး ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ အင်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဒေါက်တာထွန်းလှိုင်၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် အောင်အောင်၊ တောင်ကြီးခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အံ့မောင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်မတီ/အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖောင်တော်ဦးမြတ်စွာဘုရား ဂေါပကအဖွဲ့ တာဝန်ရှိသူများမှ ဖောင်တော်ဦးမြတ်စွာ ဘုရားရုပ်ပွားတော် အသီးသီးတို့ကို အစီအစဉ်အတိုင်း ပင့်ဆောင်ပူဇော်ခဲ့ကြသည်။

အဆိုပါ ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ် လေးဆူသည် ကြေးပေါ်ခုံစံကျောင်းတော်၌ တစ်ညတာ ကိန်းဝပ်အပူဇော်ခံမည်ဖြစ်ပြီး နောက်တစ်ရက်တွင် ဟဲယာရွာမသို့ ဆက်လက်ကြွချီအပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

စိုင်းအယ်ဘဲ(ညောင်ရွှေ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေး

ဗန်းမော် စက်တင်ဘာ ၂၁

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့တွင် မြို့အဝင်ဘီးခွန်ဂိတ်(ဗန်းမော်-မန္တလေး) အဝေးပြေးကားလမ်းမပေါ်၌ စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီက စတင်၍ မန်စီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လွင်ဦး၏ ကြီးကြပ်မှုဖြင့် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကြီးကြပ်မှုကော်မတီဝင်များက မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် ယာဉ်ကျော်တက်ရာတွင် ညာဘက်အချက်ပြစနစ်လိုက်နာကျင့်သုံးရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကလေးစာဖတ်ခန်းသို့ ကျောင်းပိတ်ရက်တွင် လာရောက်သည့် ကျောင်းသားများအား ပြိုင်ပွဲများဆောင်ရွက်ပေး

တပ်ကုန်း စက်တင်ဘာ ၂၁

ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဖွင့်လှစ်ထားသော ကလေးစာဖတ်ခန်းသို့ ကျောင်းပိတ်ရက်တွင် ပျော်ရွှင်စွာဖြင့် သိမှတ်ဖွယ်ရာ စာအုပ်များလေ့လာဖတ်ရှုရန် လာရောက်သည့် ကျောင်းသား ကျောင်းသူများကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက ကလေးစာဖတ်ခန်းနှင့် Community Centre ခန်းမ၌ ပြိုင်ပွဲများ ဆောင်ရွက်ပေးသည်။

အဆိုပါ ကလေးစာဖတ်ခန်းရှိ ကျောင်းသားများကို ကျောင်းပိတ်ရက်များတွင် စာကြည့်တိုက်သို့ လာရောက်တတ်သည့်အလေ့အကျင့်၊ စုပေါင်းဆောင်ရွက်တတ်သည့်အလေ့အထ၊ စာပေနှင့်ပိုမိုရင်းနှီးစေရေးနှင့်ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စေရန် ဆောင်ရွက်ခြင်းဖြစ်သည်။

မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က ခါးလှည့်ကွင်း ကစားပြိုင်ခြင်း၊ စာကလေးဖမ်းကစားပြိုင်ခြင်း၊ ပိုက်တံဖြင့် သားရေကွင်းလက်ဆင့်ကမ်းကစားပြိုင်ခြင်း၊ ပန်းချီးဆေးရောင်ခြယ်ပြိုင်ခြင်း၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ကစားစေပြီး အမှတ်တရဆု လက်ဆောင်ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)

တန်ဖိုးသက်သာပြီး ရုပ်ထွက်အရည်အသွေးကောင်းမွန်သည့် တက်ဘလက်သစ်တစ်မျိုး Amazon မိတ်ဆက်

အောက်တိုဘာ ၁၁ ရက်တွင် စတင်ဖြန့်ချိတော့မည့် Kindle Fire HD 10 အမည်ရ တက်ဘလက်သစ်တစ်မျိုးကို Amazon မှမိတ်ဆက်ပေးလိုက်သည်။ မျက်နှာပြင်အကျယ် ၁၀ ဒသမ ၁ လက်မရှိပြီး တန်ဖိုးသက်သာသော တက်လက်အမျိုးအစားသစ်ဖြစ်သည်ဟုသိရကာ ယခင်နှစ်က Fire HD 10 တက်ဘလက်တစ်မျိုးကို ဒေါ်လာ ၂၃၀ ခန့်ဖြင့် ရောင်းချခဲ့ခြင်းရှိသည်ဟုသိရသည်။

SIM ကတ်ထည့်သွင်းအသုံးပြုနိုင်ခြင်းမရှိဘဲ Wi-Fi စနစ်ဖြင့်သာ အသုံးပြုနိုင်ပြီး သာမန်ကိုယ်ထည်ဖြင့်သာ ဖန်တီးထားသည်။ Quad-Core Mediatek ပရိုဆက်ဆာပါဝင်ပြီး Andriod စနစ်နှင့် Fire OS တို့ ထည့်သွင်းဖန်တီးထားကာ ရုပ်ထွက်အရည်အသွေး 224ppi ရှိသည်ဟုသိရသည်။

RAM ပါဝင်မှု 2GB ရှိပြီး သိုလှောင်သိမ်းဆည်းမှုအတွက် 32GB နှင့် 64GB ဟူ၍နှစ်မျိုးရွေးချယ်နိုင်ပြီး Micro SD 256GB အထိ ထပ်မံထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်သည်။ ကျောဘက်ကင်မရာ 2MP သာပါဝင်ပြီး အရှေ့ဘက်ကင်မရာပါဝင်ခြင်းရှိ၊ မရှိကို အတိအကျထုတ်ပြန်ထားခြင်းမရှိချေ။ အသံထွက်အရည်အသွေးကောင်းမွန်သော Dolby Atmos Stereo Speaker များထည့်သွင်းပေးထားပြီး တစ်ကြိမ်အားသွင်းထားလျှင် ၁၀ နာရီကြာအသုံးပြုနိုင်သော ဘက်ထရီပါဝင်သောကြောင့် ရုပ်ရှင်ကြည့်ခြင်းနှင့် ဂိမ်းကစားခြင်းများပြုလုပ်ရာတွင် အဆင်ပြေစွာအသုံးပြုနိုင်မည်ဖြစ်သည်။ အရောင်များမှာ Black, Marine Blue နှင့် Punch Red ဟူ၍သုံးမျိုးထွက်ရှိလာနိုင်ပြီး တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၀ ဖြင့် ရောင်းချပေးသွားမည်ဟုသိရသည်။

ALEX

Pan ပါဝင်သော Google၏ လက်တော့သစ် ထွက်ပေါ်လာတော့မည်

Google သည် ၎င်းအမှတ်တံဆိပ်ထုတ်ကုန်သစ်များကို နည်းပညာသစ်များနှင့်ပေါင်းစပ်ကာ စမ်းသပ်ထုတ်လုပ်လျက်ရှိနေပြီး ဈေးကွက်အတွင်းပို့ဆောင်ပေးရန် ကြိုးစားလျက်ရှိနေသည်။ အဆိုပါထုတ်ကုန်သစ်များတွင်ပါဝင်မည့် နည်းပညာသစ်များ၏ သတင်းအချက်အလက်များမှာလည်း အွန်လိုင်းမီဒီယာများတွင် ပေါက်ကြားမှုအချို့လည်းရှိနေသည်။

လာမည့် အောက်တိုဘာလတွင် Google မှ ၎င်းထုတ်ကုန်သစ်များမိတ်ဆက်ပွဲအခမ်းအနားကို ကျင်းပရန်စီစဉ်နေလျက်ရှိပြီး အဆိုပါ မိတ်ဆက်ပွဲတွင် Google Pixel Chromebook အမည်ရ နည်းပညာမြင့် လက်တော့သစ်တစ်မျိုးလည်းပါဝင်လာမည်ဖြစ်သည်ဟုသိရသည်။ အဆိုပါ လက်တော့သစ်တွင် ထူးခြားစွာ ဒစ်ဂျစ်တယ်ဘောပင်တစ်မျိုးကိုလည်း ထည့်သွင်းပေးထားပြီး တက်ဘလက်ကဲ့သို့လည်းအသုံးပြုနိုင်မည်ဟုသိရသည်။

Chrome OS ကိုထည့်သွင်းပေးထားပြီး ယခင်ထွက်ရှိခဲ့ဖူးသည့် လက်တော့များနှင့်မတူ အမည်ပြောင်းလဲပေးထားကာ ပိုမိုကောင်းမွန်သောနည်းပညာများ ထည့်သွင်းဖန်တီးထားသည်ဟုသိရသည်။ အင်တာနက်နှင့် စမတ်မိုဘိုင်းလုပ်ဆောင်ချက်များ အဓိကအသားပေးလုပ်ဆောင်နိုင်ရန် ထုတ်လုပ်ထားပြီး ပေါ့ပါးလွယ်ကူလျင်မြန်စွာ အသုံးပြုသွားနိုင်ရန် လည်ပတ်မှုစနစ်များ၊ မောင်းနှင်မှုစနစ်များကို အဆင့်မြှင့်တင်ပေးထားပြီး တိကျသည့်အချက်အလက်များကို မိတ်ဆက်ပွဲပြုလုပ်သည့်အခါမှသာ တရားဝင်ထုတ်ပြန်ကြေညာပေးသွားမည်ဟု သိရသည်။ သိုလှောင်သိမ်းဆည်းမှုအတွက် 128GB , 256GB နှင့် 512GB ဟူ၍ သုံးမျိုးထွက်ပေါ်လာနိုင်ဖွယ်ရှိပြီး အရောင်တစ်မျိုးသာထုတ်လုပ်သွားမည်ဟုသတင်းထွက်ပေါ်လျက်ရှိကာ တန်ဖိုးသတ်မှတ်ချက်များမှာလည်း အမျိုးအစားများအလိုက် ကွဲပြားသွားနိုင်ဖွယ်ရှိသည်ဟု သိရသည်။

ALEX

အကြမ်းဖက်မှုမှန်သမျှ ရှုတ်ချကြ

ခင်မောင်ငွေး (ပညာရေး)

ဩဂုတ်လ ၂၅ ရက်နေ့မှစ၍ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသအချို့တွင် အစွန်းရောက်အကြမ်းဖက်သမားများ ဝင်ရောက်ဖျက်ဆီးမှုကြောင့် ယင်းဒေသတွင် နေထိုင်ကြသည့် လူ့အသိုက်အဝန်းနှစ်ခုအကြား အသက်အိုးအိမ်ပစ္စည်းများဆုံးရှုံးကြရလေသည်။ နေရပ်စွန့်ခွာ၍ ထွက်ပြေးကြရ၏။ ငြိမ်းချမ်းစွာ ပညာရည်နို့သောက်စို့ကြရမည့်အချိန်တွင် စာသင်ကျောင်းများ ပိတ်ခဲ့ကြရ၏။ နိုင်ငံတည်ဆောက်ရေးအတွက် အသုံးပြုနိုင်မည့်ငွေကြေးစားနပ်ရိက္ခာများစွာ အသုံးပြုကြရ၏။ တည်ငြိမ်အေးချမ်းမှုရရှိရန်နှင့် လိုအပ်သည့်အကာအကွယ်များရရှိရန် အပူတပြင်းလုပ်ဆောင်နေကြရလေသည်။

လက်ခံနိုင်သည့် လုပ်ရပ်များမဟုတ်

ဤသို့ပြဿနာ၏ အရင်းခံကို ကြည့်လျှင် ငြိမ်းချမ်းစွာနေလိုကြသည့် လူအသိုက်အဝန်းနှစ်ခုစလုံးသည် အကြမ်းဖက်များမဖြစ်ကြခြင်းဆိုသည့် အချက်ပင်ဖြစ်သည်။ အစွန်းရောက်အကြမ်းဖက်အချို့၏ သွေးထိုးလှုံ့ဆော်မှု၊ ကိုယ်ထိလက်ရောက်ပါဝင်မှုတို့ကြောင့် ဖြစ်ပွားလာရသည့် မီးပွားပင်ဖြစ်သည်။ အစွန်းရောက်အကြမ်းဖက်လုပ်ရပ်များသည် အေးချမ်းစွာနေထိုင်လိုသည့်သူများအဖို့ လက်ခံနိုင်သည့်လုပ်ရပ်များ မဟုတ်ပေ။ သို့ဖြစ်၍လည်း ဒေသခံအစ္စလာမ်ဘာသာဝင်များကပင် မိမိတို့ရွာထဲသို့ လက်နက်ကိုင်ကာ ဝင်ရောက်လာသည့် အစွန်းရောက်အကြမ်းဖက်များကို ဖမ်းဆီးကာ သက်ဆိုင်ရာရဲစခန်းများသို့ ဖမ်းဆီးအပ်နှံခဲ့ကြခြင်းဖြစ်သည်။ ထို့အတူနိုင်ငံအတွင်းရှိ အစ္စလာမ်ဘာသာဝင်အဖွဲ့အစည်းများမှလည်း အစွန်းရောက်အကြမ်းဖက်မှုမှန်သမျှ ရှုတ်ချကြောင်း ပြည်သူတစ်ရပ်လုံးနှင့်အတူ ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း ထုတ်ပြန်သွားသည်ကို တွေ့ရသည်။

ယထာဘူတကျကျရှုမြင်

စင်စစ် ဖြစ်ပေါ်နေသည့်နိုင်ငံရေးအခြေအနေကို နိုင်ငံရေးရှုထောင့်ကပင် ယထာဘူတကျကျရှုမြင်သုံးသပ်၍ညှိနှိုင်းဖြေရှင်းလျှင် မပြေလည်နိုင်စရာမရှိပေ။ သို့သော်လည်း နိုင်ငံရေးကို ဘာသာရေး၊ လူမျိုးရေးများနှင့် ရောယှက်ကာ ရှုမြင်သုံးသပ်ကြသည့်အခါ ပိုမိုရှုပ်ထွေးကာ စီမံခန့်ခွဲမှုများအား အကျပ်ရိုက်စေနိုင်ပါသည်။

ရခိုင်ပြည်နယ် ကျောက်နီမော်ဖြစ်စဉ်ကို အကြောင်းပြု၍ လူမျိုးရေးဘာသာရေးများကို ပုံကြီးချဲ့လာသောအခါ နိုင်ငံအတွင်းရှိ အေးချမ်းစွာနေထိုင်လိုကြသည့် နေရာဒေသအချို့တွင် ဆူပူမှုများ၊ အကြမ်းဖက်မှုများ စီကာစဉ်ကာဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရလေသည်။ ထိုသို့ဖြစ်စဉ်ပေါ်ပေါက်လာသည့်အခါတိုင်းတွင်လည်း တိတိကျကျရေရေရာရာ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းမရှိသည်ကို တွေ့ခဲ့ရမည်သာဖြစ်သည်။

ယခုအခါတွင် ပြည်သူတို့၏ ဆန္ဒနှင့် ရွေးကောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်အများစု၏ အစိုးရဖြစ်လာချိန်ဖြစ်သည်။ ပြည်သူ့အစိုးရ၏ တာဝန်မှာ အမျိုးသားအကျိုးစီးပွားနှင့်အတူ ပြည်သူတစ်ရပ်လုံး၏ တည်ငြိမ်အေးချမ်းရေး၊ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးတို့ကို တာဝန်ယူဆောင်ရွက်ပေးကြရမည် ဖြစ်သည်။ ထိုအချိန်မျိုးတွင် လူမျိုးရေးဘာသာရေးကို ပုံဖျက်အရောင်ဆိုး၍သော်လည်းကောင်း၊ သွေးထိုးလှုံ့ဆော်၍သော်လည်းကောင်း၊ ကောလာဟလသတင်းများဖြန့်၍သော်လည်းကောင်း၊ ဆူပူအကြမ်းဖက်ခြင်း၊ လူအုပ်စုဖြင့် ဖျက်ဆီးခြင်းများသည် လက်ခံနိုင်ဖွယ်ရာ မျိုးချစ်စိတ်ဓာတ်များအဖြစ် ယူဆနိုင်တော့မည်မဟုတ်ပေ။

ကောလာဟလသတင်းများ

တစ်ဖန်နိုင်ငံအတွင်း၌ ဖြစ်ပေါ်နေသည့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေချိန်တွင် နိုင်ငံတကာ၏ ဖိအားမျိုးစုံနှင့် ရင်ဆိုင်နေချိန်ဖြစ်၏။ အချို့နိုင်ငံများနှင့် လူပုဂ္ဂိုလ်အချို့တို့ကား မြန်မာနိုင်ငံ၏ ပကတိဖြစ်ပေါ်လျက်ရှိသည့် အခြေအနေအရင်းခံကို အသေအချာမသိခြင်း၊ ပုံကြီးချဲ့ဖော်ပြနေကြသည့် သတင်းဌာနများကြောင့် ကောလာဟလသတင်းများပျံ့နှံ့နေခြင်းကြောင့် အဖြစ်မှန်ကို ဖြေရှင်းသည့်နေရာတွင် သက်ဆိုင်ရာကဏ္ဍအသီးသီး၏ ပူးပေါင်းပါဝင်မှု အမှန်ပင်လိုအပ်လျက်ရှိပါသည်။ ထို့အတူ ပြည်တွင်း၌ တည်ငြိမ်အေးချမ်းစွာနေထိုင်ခြင်းဖြင့် နိုင်ငံတော်အစိုးရအား ကူညီရာရောက်သည်ကိုလည်း ကြေညာထားပြီး ဖြစ်ပါသည်။

သို့သော်လည်း နိုင်ငံအတွင်း၌ တည်ငြိမ်အေးချမ်းစွာနေထိုင်လိုသည့် လူ့အဖွဲ့အစည်းတွင်းသို့ ဘာသာရေး၊ လူမျိုးရေးအခြေခံကာ အစွန်းရောက်စိတ်များဖြင့် အကြမ်းဖက်ခြင်း၊ လူစုလူဝေးဖြင့် အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်လာခြင်းသည် ယဉ်ကျေးသောလူ့အဖွဲ့အစည်းအတွင်း လူအများနှာခေါင်းရှုံ့စရာဖြစ်လာသည်။ ထို့ပြင် နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၏ ပကတိအစစ်အမှန်ကိုပုံရိပ် ပေါ်လွင်အောင် ကြိုးပမ်းနေချိန်တွင် နိုင်ငံအတွက်အရုပ်ဆိုးအကျည်းတန်စေမည့် လုပ်ဆောင်ချက်များပင်ဖြစ်သည်။

ရံဖန်ရံခါတွင် ပကတိရိုးသားဖြူစင်သည့် ပြည်သူများသည် အသုံးချခံများအဖြစ်သို့ မသိမသာရောက်ရှိသွားတတ်၏။ နိုင်ငံမတည်ငြိမ်ဖြစ်စေရန် သော်လည်းကောင်း၊ ရှုန်းရင်းဆန်ခတ်မှုများဖြစ်စေရန် သော်လည်းကောင်း၊ သွေးထိုးလှုံ့ဆော်ခြင်းဖြင့် ဆူပူအကြမ်းဖက်မှုများဖြစ်စေရန် ဆောင်ရွက်နေမှုများသည် မပြေးသော်ကန်ရာရှိဆိုသကဲ့သို့ပင် သိသာမြင်သာသော သာဓကများရှိခဲ့လေသည်သာဖြစ်သည်။ ယခုအခါ ပြည်သူပြည်သားတို့၏ အခြေအနေများ၊ ခေတ်စနစ်များ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ နိုင်ငံရေးအသိအမြင်များ၊ တွေးဆမြော်မြင်မှုများလည်းမြင့်တက်လာသည်သာဖြစ်၏။ ထိုအခါ အကြောင်းအရာ အဖြစ်အပျက်မှန်သမျှတို့ကို မိမိတို့၏ နိုင်ငံရေးအသိအမြင်များဖြင့် မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်တတ်ဖို့ လိုပါသည်။ တည်ငြိမ်အေးချမ်းမှုကို ဖြိုးဖျက်ရာ မရောက်ဖို့လိုပါသည်။ အသုံးချခံမဖြစ်ဖို့ လိုပါသည်။

တရားဥပဒေနှင့်အညီနေထိုင်

စင်စစ်နိုင်ငံသားတိုင်း၏ တာဝန်မှာ မိမိတို့နိုင်ငံအတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် အကြမ်းဖက်အန္တရာယ်ကို စုစည်းညီညွတ်စွာဖြင့် ဝိုင်းဝန်းကာကွယ်ရမည့် အချိန်ဖြစ်သည်။ နိုင်ငံအတွင်း၌ နေထိုင်သူအားလုံးတို့သည် နိုင်ငံတော်၏ တရားဥပဒေနှင့်အညီ နေထိုင်သူများဖြစ်သကဲ့သို့ ဥပဒေမဲ့နေထိုင်သူများတွေ့ရှိပါကလည်း ဖော်ထုတ်ပေးကြရမည်သာဖြစ်သည်။

သို့ဖြစ်၍ နိုင်ငံအတွင်း၌ နေထိုင်သူမှန်သမျှသည် နိုင်ငံတော်ဥပဒေနှင့်အညီ နေထိုင်သူများဖြစ်ကြပါမည်။ နိုင်ငံအပေါ် သစ္စာရှိကြရပါမည်။ နိုင်ငံ၏အကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်ရပါမည်။ ထို့အတူ နိုင်ငံသားအချင်းချင်း ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေးကို အလေးထားသင့်လှသည်။ တစ်ချိန်တည်းမှာပင် တည်ငြိမ်အေးချမ်းမှုများပျက်ပြားစေမည့် အမှုအလုပ်များကို ရှောင်ရှားကြရပါမည်။ ထိုသို့မဟုတ်ဘဲ မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်၊ မည်သည့်အဖွဲ့အစည်းပင်ဖြစ်ပါစေ။ ဖြူသည်ဖြစ်စေ ညိုသည်ဖြစ်စေ မည်းသည်ဖြစ်ပါစေ။ နိုင်ငံအတွင်း၌ အစိုးရ၏ ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ ထုတ်ပြန်ထားသည်ကြေညာချက်များ ချိုးဖောက်၍ ဆူပူအကြမ်းဖက်ဖျက်ဆီးမှုမှန်သမျှ လုပ်ဆောင်မည်ဆိုလျှင် ရှုတ်ချပါသည်။ တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသူတိုင်းကလည်း ရှုတ်ချရမည်သာဖြစ်ပါကြောင်း။ ။

> “နိုင်ငံအတွင်း၌ တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသည့် လူ့အဖွဲ့အစည်းတွင်းသို့ ဘာသာရေး၊ လူမျိုးရေးအခြေခံကာ အစွန်းရောက်စိတ်များဖြင့် အကြမ်းဖက်ခြင်း၊ လူစုလူဝေးဖြင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လာခြင်းသည် ယဉ်ကျေးသော လူ့အဖွဲ့အစည်းအတွင်း လူအများနှာခေါင်းရှုံ့စရာဖြစ်လာ . . .”

အမှန်တရား လက်ကိုင်ထား

သျှင်နေမင်း

လူမှုဆက်ဆံရေးနယ်ပယ်မှာ “မုသားမပါ လင်္ကာမချော”ဆိုတဲ့ ဆိုရိုးစကားတစ်ခုရှိပါတယ်။ တကယ်တော့ ဒါဟာ ဘယ်သူ့ကိုမှ ထိခိုက်နစ်နာမှုမရှိဘဲ လူတစ်ဖက်သားစိတ်ချမ်းသာပြီး ကောင်းကျိုးတွေသာဖြစ်စေတယ်ဆိုရင်တော့ ပြဿနာရယ်လို့ သတ်မှတ်ဖို့ ခက်ပါတယ်။ ဘာသာရေးရှုထောင့်ကကြည့်ရင် လိမ်တယ် ညာတယ်ဆိုတာ ကောင်းသောအပြုအမူမဟုတ်ဘူးရယ်လို့ ဘာသာအားလုံးက တညီတညွတ်တည်း သိမှတ်ထားကာ ပျက်စီးရာပျက်စီးကြောင်းရဲ့ အစသာဖြစ်တယ်ဆိုပြီး ပြောဆိုထားပါတယ်။ ဒါဟာအမှန်တရားဖြစ်လို့ ဒီအမှန်တရားကို လက်ခံရမှာဖြစ်ပါတယ် ။

ပျက်စီးခြင်းရဲ့အစ

ဘယ်လိုအကြောင်းပဲဖြစ်ဖြစ် ညာနေတာကို ညာနေမှန်း လိမ်နေတာကိုလိမ်နေမှန်း သိဖို့လိုအပ်ပါတယ်။ မိမိကိုယ်မိမိ လိမ်ညာတာလည်းမကောင်းသလို သူများအပေါ် ပျက်စီးရာပျက်စီးကြောင်း လိမ်ညာတာဟာလည်း မကောင်းပါဘူး ။ မိမိကိုယ်မိမိ ညာနေတဲ့အပေါ် သာယာနေဖို့ မလိုသလို သူများက ကိုယ့်ကိုလိမ်ညာပြောဆိုပြီး ပေါင်းသင်းဆက်ဆံနေတဲ့ အပေါ်မှာလည်း သာယာမနေဖို့လိုပါတယ်။

လူဆိုတာ ကိုယ်ရောက်နေတဲ့နေရာကို မှန်မှန်ကန်ကန်သိပြီး ဘာလုပ်ရမယ်ဆိုတာသိဖို့ လိုပါတယ်။ ပြောချင်တာက ကိုယ့်ရဲ့အဆင့်အတန်း ကိုယ့်ရဲ့လုပ်ကိုင်နိုင်မှုစွမ်းရည်တွေကို မှန်မှန်ကန်ကန် သုံးသပ်တတ်ဖို့လိုပါတယ်။ ဒါမှသာ ရှေ့ဆက်ဘာလုပ်သင့်တယ်ဆိုတာ အမှန်တရားပေါ်ထွက်မှာဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ ငါသာတတ်တယ် ငါသာသိတယ် ငါလုပ်တာမှန်တယ်ထင်ပြီး ကိုယ်လုပ်နိုင်တာကသေးသေးလေး၊ ကိုယ်တတ် ကိုယ်သိတာက သေးသေးလေးကို လူအထင်ကြီးအောင် လုပ်ပြမယ်ဆိုရင် ဒါဟာ ကိုယ့်ဟာကိုယ် ညာနေတာပဲဖြစ်လို့ ပျက်စီးခြင်းရဲ့ အစလို့ ပြောချင်တယ်။

အရက်သောက်တတ်တဲ့သူဟာ အနည်းဆုံးတော့ အရက်ဆိုတာ မကောင်းကြောင်း လူကိုဘေးဒုက္ခဖြစ်စေကြောင်းကိုတော့ သိထားမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီအရက်ကို ဆက်ပြီးသောက်နေကြရင် ကိုယ့်ကိုယ်ကိုယ် ညာနေတာပါ။ မကောင်းတာကို ကောင်းတယ်ဆိုပြီး ညာနေကြတာပါ။ ဒီလိုဆက်ညာနေခြင်းကလည်း ပျက်စီးခြင်းရဲ့ လမ်းစပဲဖြစ်ပါတယ်။

လိမ်တယ် ညာတယ်ဆိုတာ ကိုယ့်ဟာကိုယ် ညာတာက ပတ်ဝန်းကျင်နဲ့တစ်ပါးသူကို မထိခိုက်ပေမယ့် ပတ်ဝန်းကျင်ကိုညာပြီဆိုရင် ပျက်စီးဆုံးရှုံးမှု ထိခိုက်နစ်နာမှုတွေရှိလာပြီး ပျက်စီးဆုံးရှုံးမှုကြီးမားတတ်ပါတယ်။ ပါမောက္ခချုပ်ဆရာတော်က မိန့်မှာဖူးတယ် “မုသားရှောင်ကြဉ်မှုဟာ အတိုင်းအဆမဲ့တဲ့ သတ္တဝါတွေကို ဘေးမဲ့ပေးခြင်းပဲဖြစ်တယ်။ လောကမှာ အလိမ်ခံလိုက်ရတဲ့ သူဟာ အလွန်ဒုက္ခရောက်တယ်။ လိမ်ပြောတာတို့ ညာပြောတာတို့ဆိုတာက နောက်ပိုင်းမှာ အလိမ်အညာပေါ်လာတဲ့အခါ စိတ်ဆိုးဒေါသဖြစ်စရာတွေ ဖြစ်လာတတ်တယ်” ဆိုပြီး ဟောကြားခဲ့ဖူးပါတယ်။

အောင်မြင်ချင်ရင် သစ္စာရှိ

တစ်ဦးနဲ့တစ်ဦး အဖွဲ့အစည်းတစ်ခုနဲ့တစ်ခု မှန်တာတွေပဲပြောကြမယ်၊ မှန်တာတွေပဲ တင်ပြကြမယ်ဆိုရင် ပေါင်းသင်းဆက်ဆံရေးနယ်ပယ်မှာ ယုံကြည်စိတ်ချပြီး လုပ်ငန်းစဉ်တွေလည်း အဆင်ပြေချောမွေ့လို့ တိုးတက်လာမှာ မလွဲပါဘူး။ အလုပ်တိုင်း ပျော်ရွှင်စေပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ လုပ်တဲ့အလုပ်တိုင်း အောင်မြင်မှာသေချာပါတယ်။ လုပ်ငန်းခွင်သာယာမှ အလုပ်အောင်မြင်မယ်လို့ ပြောချင်တာပါ ။

မုသာဝါဒရဲ့ဆန့်ကျင်ဘက်အရာက သစ္စာဝါဒဖြစ်ပါတယ်။ မိမိတို့ရဲ့အလုပ်အပေါ်မှာ သစ္စာရှိဖို့လိုတယ်။ ကိုယ့်အလုပ်အပေါ်မှာ သစ္စာမထားနိုင်ဘူး၊ စေတနာထားပြီး မလုပ်ပေးနိုင်ဘူးဆိုရင် အလုပ်ဟာအောင်မြင်နိုင်ပါ့မလား။ အလုပ်မအောင်မြင်ရင် မိမိတို့ရဲ့ ဘဝတွေဟာလည်း ကျဆုံးမှာ မလွဲပါဘူး။ ဒါ့ကြောင့် အောင်မြင်ချင်ရင် သစ္စာရှိပါ။ အလုပ်အပေါ်မှာ မညာပါနဲ့လို့ ပြောချင်ပါတယ်။

ယနေ့ ကျွန်တော်တို့နိုင်ငံကို အများယုံကြည်တဲ့အတိုင်း ဒီမိုကရေစီစနစ်ကို ကျွန်တော်တို့ ပြည်သူတွေကိုယ်တိုင်ရွေးချယ်ထားတဲ့ ပြည်သူ့အစိုးရနဲ့ ချီတက်နေကြတာပါ။ အစိုးရကလည်း ပြည်သူနဲ့အတူ ပြည်သူနဲ့ လက်တွဲလုပ်မယ်ဆိုပြီး ပြည်သူကိုရှေ့တန်းတင် ပြည်သူ့ဆန္ဒအတိုင်း အကောင်အထည်ဖော်ပေးနေတာပါ။ အစိုးရယန္တရားကြီးကို အဓိကမောင်းနှင်ပေးနေတဲ့ ပြည်သူ့ဝန်ထမ်းတွေ ပူးပေါင်းပြီး အရှိကို အရှိတိုင်း အမှန်ကို အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ဖွင့်ပြောကြဖို့လည်း လိုအပ်ပါတယ်။

တိုင်းပြည်ရဲ့ တကယ့်အခြေအနေမှန် ကိန်းဂဏန်းတွေကိုရမှ လိုအပ်နေတဲ့ အဖြေမှန်ကို ထုတ်နိုင်မှာပါ။ အမှန်အတိုင်း ပွင့်လင်းစွာပြောခွင့်ပေးပြီး သင့် မသင့်၊ မှန် မမှန် အကောင်းဘက်ကနေ ဖြစ်သင့်တာကို လေသံအေးအေးနဲ့ နားလည်အောင် ပြောဆိုရှင်းပြပြီး အကြောက်တရားဖယ်ထုတ်၊ လိမ်ညာမှုတွေအဆုံးသတ်၊ လိမ်ညာတာကို အားလုံးက သာယာမနေကြဘဲနဲ့ အမှန်တရား လက်ကိုင်ထားပြီး လုပ်ကြမယ်ဆိုရင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောတဲ့ နောင်အနှစ် (၂၀) ဆိုရင် စင်ကာပူကိုကျော်တက်ပြီး ဖွံ့ဖြိုးတဲ့နိုင်ငံတစ်ခုဖြစ်လာမှာ ဧကန်မလွဲတော့ပါ။ ဒါကြောင့် လိမ်ညာမှုတွေ အဆုံးသတ်ကြပါတော့။ ။

သူနာပြုဆရာမလေးများ၏ အပြုအမူကို လေ့လာနေသည့် ပက်ထရစ်ရှာ

ရုပ်ရှင်ဇာတ်ကားကြီးများ ဆက်တိုက်ရိုက်ကူးဖြစ်နေသည့် သရုပ်ဆောင် ပက်ထရစ်ရှာက မကြာခင် ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားတွင် သူနာပြုဆရာမလေးအဖြစ် ပါဝင် သရုပ်ဆောင်သွားမည်ဟု သိရသည်။

"ကျွန်မ နယ်မှာသွားရိုက်မယ့် ဇာတ်ကားတစ်ကားမှာ သူနာပြုဆရာမပုံစံမျိုးလေး သရုပ်ဆောင်ဖို့ရှိပါတယ်။ ဒီဇာတ်ကားအတွက် ကျွန်မလောလောဆယ် သူနာပြုဆရာမလေးတွေရဲ့ အပြုအမူပုံစံလေးတွေကိုလေ့လာနေပါတယ်။ ဒီဇာတ်ကားလေးက ထူးခြားတဲ့ ဇာတ်ကားတစ်ကားပါ။ နောက်ဆုံးပေါ် နည်းပညာတွေသုံးပြီး ရိုက်မယ့်ကားတစ်ကား လည်းဖြစ်တယ်။ ငွေကြေးကုန်ကျမှုလည်း တော်တော်လေး များမယ့်ကားပါ။ ဇာတ်ကားနာမည်ကိုတော့ ကျွန်မ နောက်မှ အသိပေးပါ့မယ်"ဟု ပက်ထရစ်ရှာက ပြောသည်။

လတ်တလောတွင် ပတ်ထရစ်ရှာသည် ကြော်ငြာများ ရိုက်ကူးနေရပြီး မကြာမီ ရုံတင် ပြသတော့မည့် ဖွတ်ကျားနှင့် ကျောက်သင် ပုန်းပေါ်က ကလေးလက်ရေး ရုပ်ရှင် ဇာတ်ကားများတွင်လည်း ပါဝင်သရုပ် ဆောင်ထားကြောင်း သိရသည်။

နိုဝင်ဘာမှာ တစ်ကိုယ်တော်ဖျော်ဖြေပွဲပြုလုပ်မည့် တေးသံရှင် အိမ့်ချစ်

တေးသံရှင်အိမ့်ချစ်၏ ပထမဆုံး တစ်ကိုယ်တော်ဖျော်ဖြေပွဲကို လာမည့် နိုဝင်ဘာ ၃ ရက်တွင် ရန်ကုန်မြို့ ကန်တော်ကြီး(မျှော်စင်ကျွန်း)၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

'Beyond The Sucess' ဟု အမည်ပေးထားသည့် ဖျော်ဖြေပွဲသည် အိမ့်ချစ်၏ ပထမဆုံး တစ်ကိုယ်တော်ဖျော်ဖြေပွဲဖြစ်ပြီး အဆိုပါပွဲအတွက် ကြိုတင်ပြင်ဆင်မှုများကိုလည်း တော်တော်များများ ပြုလုပ်ထားကြောင်း အိမ့်ချစ်က ယခုကဲ့သို့ ပြောပြခဲ့သည်။

"အိမ့်ချစ်ရဲ့ ပထမဆုံး တစ်ကိုယ်တော် ဖျော်ဖြေပွဲဖြစ်တဲ့အတွက် အများကြီးပြင်ဆင်ထားပါတယ်။ အိမ့်ချစ်ဆိုခဲ့တဲ့သီချင်းတွေထဲက ပရိသတ်ရော အိမ့်ချစ်ရောကြိုက်တဲ့ သီချင်းလေးတွေဆိုဖို့ ရွေးထားပါတယ်။ သီချင်းစုစုပေါင်း ၂၅ ပုဒ် လောက်ဆိုပါမယ်။ တွဲဖက်အားဖြည့် သီဆိုမယ့်သူတွေလည်း အများကြီးပါမယ်။ တင်ဆက်မှုအပိုင်းမှာလည်း အိမ့်ချစ် အကောင်းဆုံးပြင်ဆင်ထားပါတယ်။ ဒီပွဲကို လာကြည့်မယ့် ပရိသတ်တွေ ကျေနပ်နှစ်သက်ကြလိမ့်မယ်လို့ အိမ့်ချစ် ထင်ပါတယ်" ဟု တေးသံရှင် အိမ့်ချစ်က ပြောသည်။

မေနှင်းဆီ ရေးသားသည်

Super Junior ရဲ့ အဖွဲ့လိုက်ဓာတ်ပုံမှာ ကန်ဂျင်ပါ ဝင်လာ

ကေပေါ့ပ်အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့"Super Junior"ဟာ လတ်တလောမှာ အဖွဲ့ရဲ့ လှုပ်ရှားမှုပုံရိပ်တွေကို လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့ကာ ဒီတစ်ကြိမ်မှာတော့ တေးဂီတလောကကနေ ခေတ္တအနားယူထားရတဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကန်ဂျင်လည်း ပြန်လည်ပါဝင်လာတာကို တွေ့မြင်ခဲ့ရကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ကန်ဂျင်ဟာ အရက်သေစာသောက်စားပြီး ကားမောင်းခဲ့တာကို စစ်ဆေးတွေ့ရှိခဲ့ရတဲ့အတွက် အနုပညာလှုပ်ရှားမှုတွေကနေ ခေတ္တအနားယူထားရတာဖြစ်ပါတယ်။ ဒါကြောင့် ပရိသတ်တွေနဲ့ ခေတ္တဝေးကွာနေရတဲ့ ကန်ဂျင်ကို လတ်တလောဖော်ပြခဲ့တဲ့ ဓာတ်ပုံမှာတော့ ပြန်လည်ပါဝင်လာတာကိုတွေ့ရပြီး ပရိသတ်တွေအနေနဲ့ အလွမ်းပြေခဲ့ရပါတယ်။

ယင်းဓာတ်ပုံကိုတော့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ယယ်ဆန်းက သူ့ရဲ့လူမှုကွန်ရက်မီဒီယာစာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့တာဖြစ်ပြီး အဆိုပါဓာတ်ပုံမှာတော့ ယယ်ဆန်းနဲ့ ကန်ဂျင်တို့အပါအဝင် အဖွဲ့ဝင်ငါးဦးဟာ စားသောက်ဆိုင်တစ်ခုမှာ စားသောက်နေကြတာ တွေ့ရပါတယ်။ ယင်းဓာတ်ပုံမှာ ပါဝင်နေတဲ့ ကျန်အဖွဲ့ဝင်သုံးဦးဖြစ်တဲ့ ချိုင်စီဝန်၊ ဒေါင်ဟေးနဲ့ အွန်ဟွတ်ခ်တို့သုံးဦးဟာ မကြာသေးမီကမှ စစ်မှုထမ်းကာလပြီးဆုံးခဲ့သူတွေလည်း ဖြစ်ကြပါတယ်။

ဒီလို ပြန်လည်မြင်တွေ့လာခဲ့တဲ့အတွက် ကန်ဂျင်ရဲ့ အနုပညာလှုပ်ရှားမှုအသစ်တွေကို တွေ့မြင်ရတော့မှာလားရယ်လို့ ပရိသတ်တွေက မျှော်လင့်ခဲ့ကြပေမယ့် အဆိုပါတေးဂီတအဖွဲ့က တေးသီချင်းသစ်တွေနဲ့ ပရိသတ်ရှေ့အရောက်ပြန်လာတော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ချိန်မှာ အဖွဲ့ဝင်ခုနစ်ဦးနဲ့သာ လှုပ်ရှားသွားမှာဖြစ်ကြောင်း ပြောကြားခဲ့တာကြောင့် ကန်ဂျင် ပါဝင်နိုင်မှာမဟုတ်ပါဘူး။

လာမယ့်နှစ်အတွင်း စစ်မှုထမ်းကြမယ့် ကေပေါ့ပ်ကြယ်ပွင့်များ

လတ်တလောမှာတော့ တောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ အောကေပေါ့ပ်ဒေါ့ကွန်းက ဂျပန်မီဒီယာတွေရဲ့ ဖော်ပြချက်ကို ကိုးကားကာ အမျိုးသားတေးဂီတအဖွဲ့"BIGBANG"မှ လက်ရှိမှာ စစ်မှုမထမ်းဘဲ ကျန်ရှိနေတဲ့ အဖွဲ့ဝင်လေးဦးစလုံးဟာ နောင်နှစ်မှာ စစ်မှုစတင်ထမ်းဆောင်သွားရမှာဖြစ်ကြောင်း ရေးသားဖော်ပြလာခဲ့တာဖြစ်ပါတယ်။

ဂျပန်မီဒီယာတွေဖြစ်ကြတဲ့ ဆန်ခိုင်စပေါ့ထ်နဲ့ ဒေးလီးစပေါ့ထ်တို့က တောင်ကိုရီးယားနာမည်ကျော်အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIGBANG"ရဲ့ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ G-Dragon၊ တေးယန်၊ ဒေဆန်းနဲ့ ဆန်းရီတို့ဟာ လာမယ့်နှစ်မှာ စစ်မှုထမ်းရတော့မှာဖြစ်ကြောင်း ဖော်ပြခဲ့ပါတယ်။ သူတို့ထဲကမှ G-Dragonနဲ့ ဒေဆန်းတို့ဟာ လာမယ့်နွေဦးမှာ စတင်စစ်မှုထမ်းရနိုင်ဖွယ်ရှိပြီး ကျန်နှစ်ဦးကတော့ အနည်းငယ်နောက်ကျမှ စတင်ထမ်းဆောင်နိုင်ကြောင်းလည်း ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ဂျပန်မှာ ကျင်းပခဲ့တဲ့ ဖျော်ဖြေပွဲမှာတော့ ဒေဆန်းက သူဟာ လက်ရှိဆောင်ရွက်နေတဲ့ ပရိုမိုးရှင်းပွဲတွေပြုလုပ်ပြီးနောက် တေးဂီတလှုပ်ရှားမှုတွေကနေ အချိန်အတော်ကြာအနားယူတော့မှာဖြစ်ကြောင်း ပရိသတ်တွေကို ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ ဒီလိုအနားယူလိုက်ခြင်းက "BIGBANG" အဖွဲ့အတွက် ကောင်းမွန်တဲ့ ပြန်လည်အစပျိုးမှုဖြစ်လာနိုင်တာကြောင့် အကောင်းဆုံးရွေးချယ်မှုတစ်ခုလို့ ယူဆကြောင်းလည်း ပြောကြားခဲ့တာဖြစ်ပါတယ်။

"BIGBANG"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ T.O.P ဟာ ပထမဆုံးစစ်မှုထမ်းခဲ့တဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ပြီးခဲ့တဲ့လအတွင်းက မူးယစ်ဆေးဝါးပြဿနာတွေကြောင့် တရားစွဲဆိုခံခဲ့ရကာ စစ်မှုထမ်းကာလကိုလည်း အစကနေ ပြန်လည်ထမ်းဆောင်သွားရမှာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအချိန်မှာတော့ အဖွဲ့ဝင်ငါးဦးပါဝင်တဲ့ "BIGBANG"မှာ အဖွဲ့ဝင်လေးဦးက အနုပညာလှုပ်ရှားမှုတွေကို လုပ်ဆောင်နေတာဖြစ်ပြီး အဖွဲ့အနေနဲ့ တေးဂီတလှုပ်ရှားမှုအသစ်တွေနဲ့အတူ ပရိသတ်ရှေ့အရောက်လာလိုပါက ကျန်အဖွဲ့ဝင်တွေ စစ်မှုမထမ်းမီ မြန်နိုင်သမျှ မြန်မြန်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

အေးပြည့် စုစည်းသည်

လာမယ့်နှစ်အထိ ဖျော်ဖြေပွဲတွေကို ရပ်နားထားမယ့် လေဒီဂါဂါ

ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါက မကြာသေးမီက ကျင်းပခဲ့တဲ့ သူ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲကို ကျန်းမာရေးပြဿနာကြောင့် ဖျက်သိမ်းခဲ့ရပြီးတဲ့နောက် လတ်တလောမှာတော့ သူဟာ ဖျော်ဖြေပွဲတွေကို လာမယ့် ၂၀၁၈ ခုနှစ်အထိ ရပ်နားထားမှာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ အော့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လေဒီဂါဂါဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်းက ရရှိခဲ့တဲ့ ဒဏ်ရာတွေကြောင့် နာကျင်မှုဝေဒနာတွေကို ခံစားနေရတာဖြစ်ပြီး သူဟာ လာမယ့် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂၁ ရက်အထိ နယ်လှည့်ဖျော်ဖြေပွဲတွေ ကျင်းပသွားဖို့ စီစဉ်ထားခဲ့ပေမယ့် ဖျက်သိမ်းလိုက်ပြီဖြစ်ကာ လာမယ့် ၂၀၁၈ ခုနှစ်အထိ ရွှေ့ဆိုင်းသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ပေါ့ပ်ကြယ်ပွင့်နဲ့ ရင်းနှီးတဲ့ အသိုင်းအဝိုင်းမှ ပြောကြားချက်အရ သူဟာ လာမယ့်သီတင်းခုနစ်ပတ်လုံးလုံး ဆရာဝန်တွေနဲ့ ဆွေးနွေးကာ ကုသမှုခံယူသွားမှာဖြစ်ပြီး တစ်ချိန်ကရခဲ့တဲ့ ဒဏ်ရာတွေ ပြန်ပေါ်လာကာ ပြင်းထန်တဲ့နာကျင်မှုဝေဒနာကို နေ့စဉ်နဲ့အမျှ ခံစားနေရတာဖြစ်ပါတယ်။ ဒါ့အပြင် လေဒီဂါဂါက သူ့ရဲ့ ပရိသတ်တွေကို အကောင်းဆုံး ဖျော်ဖြေတင်ဆက်မှုတွေသာ ပေးလိုတာကြောင့် အခုလို အချိန်ယူကုသရခြင်းဖြစ်ပြီး ပြန်လည်ကျန်းမာလာတဲ့အချိန်မှ သေချာပြင်ဆင်ကာ ဖျော်ဖြေသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

သူ့ရဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီး လေဒီဂါဂါက လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ "ကျွန်မဟာ ကျန်းမာရေးနဲ့ပတ်သက်ရင် စိတ်ပိုင်းဆိုင်ရာပဲဖြစ်ဖြစ်၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာပဲဖြစ်ဖြစ် အမြဲပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြားလေ့ရှိပါတယ်။ နက်နက်ရှိုင်းရှိုင်း လေ့လာဆန်းစစ်ကြည့်ပြီးတဲ့နောက်မှာတော့ သိလိုက်ရတာက အဲဒီပြဿနာတွေဟာ တကယ်ကို ရှုပ်ထွေးပြီး ရှင်းပြဖို့လည်း ခက်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ ပရိသတ်ကြီးကို ရှင်းပြနိုင်ဖို့ ကြိုးစားနေပါတယ်"လို့ မကြာသေးမီက ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ကျေးလက်ဒေသများ ရေရရှိရေး မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ် အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

စစ်တွေ စက်တင်ဘာ ၂၁
ရခိုင်ပြည်နယ်အတွင်း ကျေးလက်ဒေသများ စာသင်ကျောင်းများ၊ ဆေးရုံဆေးပေးခန်းများ၊ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာနှင့်ရင်းနှီးမြှုပ်နှံမှု အစီအစဉ် အကောင်အထည်ဖော်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်က ကျေးလက်ဒေသများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးပေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို ဖေဖော်ဝါရီလတွင် မိတ်ဆက်ထုတ်ဝေပြီးဖြစ်ကြောင်း၊ အဆိုပါ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ပါရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ပတ်သက်၍ ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဦးစီးဌာနများအနေဖြင့် ဘတ်ဂျက်ရေးဆွဲခြင်းနှင့်ပတ်သက်၍ ဦးစီးဌာနများ အချင်းချင်းပူးပေါင်းကူညီဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်မြင့်က ဘတ်ဂျက်များ လျာထားတွက်ချက်ရာတွင် အခြေခံသင့်အချက်များကို လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနရုံးချုပ်မှ တာဝန်ရှိသူများမှ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပြည်သူနှင့်ဆေးရုံဆေးပေးခန်းများ၊ ကျန်းမာရေးသန့်ရှင်းရေးလုပ်ငန်းများနှင့် အရေးပေါ်ကာလ ရေနှင့် ပတ်ဝန်းကျင်လုပ်ငန်းဆိုင်ရာများကို မိမိတို့ဌာနအလိုက် ဘတ်ဂျက်များ လျာထားရာတွင် အခြေခံသင့်သည့် အချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနရုံးချုပ်မှ တာဝန်ရှိသူများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများ၊ UNICEF မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

တင်ထွန်း(ပြန်/ဆက်)

လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၁
တောင်သူပညာပေး (၁ / ၂၀၁၇) လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက သန်လျင်မြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ် (၁၈) စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန အမှတ် (၁၈) စက်မှုလယ်ယာစခန်း သန်လျင်မြို့မှ မြို့နယ်ဦးစီးမှူး ဦးကျော်မင်းဦးက လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်လှစ်ရခြင်းနှင့် စီစဉ်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင် စက်မှုလယ်ယာဦးစီးဌာန တောင်ပိုင်းခရိုင်ဦးစီးဌာနမှူး ဦးကျော်ကျော်ဦးက သင်ထောက်ကူပစ္စည်းများအား သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ သန်လျင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်၊ စက်မှုလယ်ယာဦးစီးဌာန စက်ရုံ၊ အလုပ်ရုံမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သင်တန်းနည်းပြများ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်များမှ တောင်သူသင်တန်းသား ၅၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သက်နိုင် (သန်လျင်)

သပြုဆိပ်ကျေးရွာသို့ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများပေးအပ်

မအူပင် စက်တင်ဘာ ၂၁
မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်နှင့် အထက်ကွာဝေးသော မအူပင်မြို့နယ် ထရော်ပေကုန်းကျေးရွာအုပ်စု သပြုဆိပ်ကျေးရွာသို့ တစ်အိမ်ထောင်သုံး ဆိုလာနှင့် ဆက်စပ်ပစ္စည်းပေးအပ်ပွဲကို စက်တင်ဘာ ၂၁ ရက် နံနက်က အဆိုပါကျေးရွာအုပ်စု၌ ကျင်းပသည်။

ကျေးလက်နေပြည်သူတို့၏ လိုအပ်ချက်အပေါ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေး စီမံကိန်း(NEP)မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်ပြီး သပြုဆိပ်ကျေးရွာရှိ အိမ်ခြေ ၁၃၇ လုံးအတွက် ဆိုလာစနစ် ပုံစံ(၁)-၅စုံ၊ ပုံစံ(၂)-၈စုံနှင့် ပုံစံ(၃)-၁၂၄ စုံအား ထုတ်ပေး၍ မူလတန်းကျောင်းတစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် ကျေးလက်ဆေးပေးခန်းတစ်ခန်းတို့ကို အခမဲ့တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

မအူပင်မြို့နယ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးနှင့် ဦးသက်ကိုလေး၊ တာဝန်ရှိသူများက တက်ရောက်ခဲ့ကြသည်။

သပြေထွန်း

မြိတ်မြို့နယ်အတွင်း ကျေးရွာများ၌ ရော်ဘာအစေးလှီးသင်တန်း ဖွင့်လှစ်

မြိတ် စက်တင်ဘာ ၂၁
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်အတွင်းရှိ ရော်ဘာအဓိကစိုက်ပျိုးသော ကျေးရွာများတွင် မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာရေး၊ နေ့စဉ်ဝင်ငွေတိုးတက်၍ လူမှုစီးပွားဘဝများမြင့်တက်လာစေရေးနှင့် ရော်ဘာစိုက်ခြံရှင်များ၏ အစေးလှီးလုပ်သား ရှားပါးမှုအခက်အခဲကို ဖြေရှင်းပေးနိုင်ရေးအတွက် ရော်ဘာအစေးလှီးသင်တန်းများကို ကျေးရွာအရောက် ဖွင့်လှစ်ပေးလျက်ရှိသည်။

မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြိတ်မြို့နယ် ပင်းအိုကျေးရွာအုပ်စု ငါးအင်းကျေးရွာတွင် စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ရော်ဘာအစေးလှီးသင်တန်း ဖွင့်လှစ်ရာသို့ ပင်းအိုကျေးရွာအုပ်စုအတွင်းမှ ရော်ဘာခြံရှင်များ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ၊ အစေးလှီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ် ပင်းအိုကျေးရွာအုပ်စု ငါးအင်းကျေးရွာနေ မစန်းမြင့်က "ရော်ဘာအစေးလှီးတဲ့နေရာမှာ စနစ်တကျ အစေးလှီးပုံ၊ လှီးနည်း၊ ရော်ဘာ အခေါက်မပေါက်အောင် ရော်ဘာအခေါက်ကျန့်နှုန်းနည်းအောင် ဘယ်လိုဆောင်ရွက်ရမယ်။ ရှောင်ကြဉ်ရမယ့် အချက်အလက်တွေကို သင်ပေးတော့ ရော်ဘာအစေးလှီးချက်ချင်းတတ်သွားတယ်။ ရော်ဘာအစေးလှီးတတ်ရင် ကျွန်မတို့ဒေသမှာ အချိန်မရွေး တစ်ရက်ငွေအနည်းဆုံး ကျပ် ၅၀၀၀၊ ၆၀၀၀ လောက်ရတယ်။ အရင်ကလို အလုပ်လုပ်ဖို့လိုက်ရှာစရာလည်း မလိုတော့ဘူး။ မိသားစုစားဝတ်နေရေးလည်း ပိုအဆင်ပြေလာတော့မှာပါ"ဟု ပြောပြချက်အရ သိရသည်။

မြိတ်မြို့နယ် ပင်းအိုကျေးရွာအုပ်စု ငါးအင်းကျေးရွာနေ ရော်ဘာခြံရှင် ဦးရဲမြင့်မှ "ယခုလို စိုက်ပျိုးရေးက ရော်ဘာအစေးလှီးသင်တန်းတွေဖွင့်ပေးတော့ အချိန်တိုအတွင်း စနစ်တကျအစေးလှီးတတ်တဲ့ လုပ်သားတွေ ချက်ချင်း မွေးထုတ်ပေးနိုင်တော့ ခြံရှင်တွေအတွက် ပိုအဆင်ပြေတာပေါ့။ အခုအစေးလှီးသင်တန်းမှာ ကျွန်တော်ကိုယ်တိုင် ခြံရှင်တစ်ယောက်အနေနဲ့ သင်တန်းတက်ခဲ့တော့ ရော်ဘာခြံစီမံကြီးကြပ်ရာမှာလည်း များစွာအထောက်အကူဖြစ်စေတယ်။ နောင်အခြေအနေပေးရင်လည်း ရော်ဘာအစေးလှီးသင်တန်းတွေ လာရောက်ဖွင့်လှစ်ပေးဖို့ စိုက်ပျိုးရေးဦးစီးဌာနကို တောင်းဆိုချင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်စိုးက "မြိတ်မြို့နယ်မှာ ရော်ဘာစိုက်ဧက ၃၀၀၀၀ ကျော်ရှိပြီး အစေးလှီးဧကက ၁၈၀၀၀ ကျော်ရှိပါတယ်။ ရော်ဘာအစေးလှီးသင်တန်းတွေ များများဖွင့်ပေးမှ စနစ်တကျရော်ဘာအစေးလှီးတတ်တဲ့သူတွေ အချိန်တိုအတွင်း တိုးတက်များပြားလာမှာဖြစ်တယ်။ ဒါမှလည်း ကိုင်းကျွန်းမှီကျွန်းကိုင်းမှီဆိုသလို ကျေးလက်နေဒေသခံတွေလည်း အလုပ်အကိုင်အခွင့်လမ်းတွေ ပိုမိုများပြားလာမယ်။ မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ အစေးလှီးရာသီမရောက်ခင် အစေးလှီး သင်တန်းတွေကို ရော်ဘာအဓိကစိုက်ပျိုးတဲ့ကျေးရွာတွေမှာ စဉ်ဆက်မပြတ် သင်တန်းများ ကျေးရွာများအရောက် ဖွင့်လှစ်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

ထားဝယ်ရိုးရာသပိတ်မျှောပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ထားဝယ် စက်တင်ဘာ ၂၁
ဝါလကင်းလွတ် သီတင်းကျွတ်လပြည့်နေ့တွင် ထားဝယ်ရိုးရာ သပိတ်မျှောပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၂ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဒေါင်းငူရပ် ဆိပ်ကမ်းသာလမ်း ထားဝယ်မြစ်ကမ်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရပြီး ထားဝယ်ရိုးရာသပိတ်မျှောမုခ်ဦးမှစ၍ အကွေ့ ၁၂ ကွေ့ပါသောဝက်ပါ ပါရှိမည်ဖြစ်ကြောင်း သိရသည်။

သပိတ်မျှောပွဲကို နှစ်စဉ်နှစ်တိုင်းသီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပလေ့ရှိပြီးစေတနာရှင်၊ အလှူရှင်များက သပိတ်မျှောပွဲလာရောက်ကြည့်ရှုသူများကို စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ ဇာတ်သဘင်များဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ ထားဝယ်ရိုးရာယဉ်ကျေးမှုအကများနှင့် အိုးစည်ဒိုးပတ်အကများဖြင့် သီဆိုဧည့်ခံဖျော်ဖြေခြင်းများရှိကြောင်း သိရသည်။

ထူးခြားချက်အနေဖြင့် ယခုနှစ်ထားဝယ်ရိုးရာသပိတ်မျှောပွဲတော်တွင် ပျောက်ကွယ်နေသော ရှေးထားဝယ်ရိုးရာ ယမ်းအကကို ကပြတင်ဆက်သွားမည်ဖြစ်ကြောင်းသိရပြီး ယမ်းအကမှာ လွန်ခဲ့သောနှစ်ပေါင်း ၃၀၀ ကျော်ကတည်းကရှိခဲ့၍ ထားဝယ်မြို့၌ ယမ်းအကမကဖြစ်သည်မှာ နှစ်ပေါင်း ၇၀ ကျော်ရှိနေပြီး ယခုနှစ် ထားဝယ်ရိုးရာ သပိတ်မျှောပွဲတော်ကျင်းပသည့် သီတင်းကျွတ်လပြည့်နေ့တွင် ထားဝယ်မြို့နယ် တောင်ပိုင်းမှ အမျိုးသမီးများက ယမ်းအကကိုပြန်လည်ကပြမည်ဖြစ်ကြောင်း သိရသည်။

ယမ်းအကတွင် ထိုင်၍မရ ရပ်၍ ကရပြီး ခြေဖနောင့်ကြွ၍မရ ယိမ်းကာနွဲ့ကာ ကရသည့် အကမျိုးဖြစ်ပြီး ယမ်းအကမှာ ရိုးရာနတ်ကိုးကွယ်ရာမှုနှင့် နှီးနွယ်သည်ဟု ထားဝယ်ဒိုးယိမ်းအကနည်းပြဆရာထံမှ သိရသည်။

သပိတ်မျှောပွဲကိုအောက်တိုဘာ ၅ ရက် နံနက် ၁ နာရီမှစ၍ နံနက် ၅ နာရီအထိဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာဖြင့် သပိတ်မျှောကုသိုလ်ယူလျက်ရှိကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

ရင်သွေးများအား ပြုစုစောင့်ရှောက်ကာကွယ်ပေးရမည့် နည်းလမ်းများဟောပြော

မင်္ဂလာတောင်ညွန့် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အမက (၁၂)နှင့် အမက (၁၁)တို့တွင် စက်တင်ဘာ ၁၉ ရက်က ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

မေတ္တာရိပ် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်သောင်းက ကလေးသူငယ်များ၏အခွင့်အရေး လေးရပ်၊ ကျောင်းသား ကျောင်းသူများက မိဘ၊ ဆရာများ၏သွန်သင်ဆုံးမမှုအပေါ် လေးစားလိုက်နာကြရန်၊ မိဘများကလည်း မိမိတို့၏ ရင်သွေးများအား ပြုစုစောင့်ရှောက်ကာကွယ်ပေးရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါဟောပြောပွဲသို့ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

၁၁၈

ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ခုတင်(၂၀၀)ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်း

မြောင်းမြ စက်တင်ဘာ ၂၁

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၃) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြောင်းမြ ခုတင် (၂၀၀) ပြည်သူ့ဆေးရုံသင်တန်းခန်းမဆောင်၌ စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက စုပေါင်းသွေးလှူဒါန်းပွဲကျင်းပခဲ့သည်။

"မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက မြောင်းမြ ပြည်သူ့ဆေးရုံကြီးမှာ လူနာတွေအတွက် လိုအပ်တဲ့သွေးကို လာရောက်လှူဒါန်းကြခြင်းဖြစ်ပါတယ်" ဟု မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ညွန့်ဇော်က ပြောကြားသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းမှုကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးညွန့်ဇော် ဦးဆောင်၍ ဒုခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းရွှေ၊ မြောင်းမြမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်လွင်နှင့် မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ် (၈၁) ယာဉ်ထိန်းတပ်ဖွဲ့စု ဒု-ရဲမှူးလှထွန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့များ၊ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်တို့မှ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အရာရှိ၊ အခြားအဆင့်တပ်ဖွဲ့ဝင်အင်အား ၅၇ ဦးတို့ သွေးအိတ်ပေါင်း ၅၇ အိတ်ကို စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှ အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု၍ ရွှေဗုဒ္ဓေါစေတီတော်တွင် လာရောက်ဥပုသ်သီတင်းဆောက်တည်ကြသည့် ဘုရားဖူးလာပြည်သူများ စိတ်ကြည်နူးချမ်းမြေ့စေရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၀၀ တို့က ဘုရားရင်ပြင်တော်နှင့် ဘုရားကြီးပရိဝုဏ်အတွင်း မြက်ပင်၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဘုရားဂြိုဟ်တိုင်များ၊ ရင်ပြင်တော်ရေညှိများ တိုက်ချွတ်ဆေးကြော သန့်ရှင်းရေးပြုလုပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး မေတ္တာမွန်ဘိုးဘွားရိပ်သာတွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ အဘိုး၊ အဘွားများအတွက် ဆေးဝါးပစ္စည်း၊ အဝတ်အစားနှင့် ယောဂီတဘက်များ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

စိုးမင်းအောင်(ပြန်/ဆက်)

မြိတ်ရိုးရာအစားအစာနှင့် ဒေသလက်လုပ်မုန့်များ စုစည်းရောင်းချနိုင်ရေး မုန့်ဈေးတန်းစီစဉ်

မြိတ် စက်တင်ဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၏ အထင်ကရ နေရာတစ်ခုဖြစ်သည့် မြစ်ငယ်ရပ်ကွက်ရှိ ကန်ကြီးရေကန်ပေါင်အနီးတွင် ပြည်သူများ အပန်းဖြေရင်း မြိတ်ရိုးရာအစားအစာ၊ ဒေသလက်လုပ်မုန့်များကို တစ်နေရာတည်းမှာ ဝယ်ယူစားသောက်နိုင်ရန်အတွက် မုန့်ဈေးတန်း ဖွင့်လှစ်ရောင်းချနိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

မြိတ်မြို့တွင် ရှေးယခင်က မြိတ်ရိုးရာဒေသ လက်လုပ်မုန့်အမျိုးပေါင်း ၁၀၀ ကျော်ရှိရာ လုပ်ကိုင်သူ နည်းပါးခြင်း၊ လေ့လာသင်ယူသူ မရှိခြင်းကြောင့် တဖြည်းဖြည်း ပျောက်ကွယ်သွားပြီဖြစ်ကြောင်း၊ လက်ရှိတွင် လုပ်ကိုင်သူတွေ နည်းပါးလာတာကြောင့် အမျိုးပေါင်း ၂၀ ကျော်သာ ကျန်တော့ကြောင်း ဒေသလက်လုပ်မုန့်များ လုပ်ကိုင်ရောင်းချသူများထံမှ သိရသည်။

မြိတ်ရိုးရာ နာမည်ကြီး အစားအစာတစ်ခုဖြစ်သော မြိတ်ကတ်ကျေးကိုက်သည် ဒေသခံများမှ နေ့စဉ် နှစ်နှစ်ခြိုက်ခြိုက် စားသုံးသူများရှိကြသလို မြိတ်ဒေသသို့ ရောက်ရှိလာသော ဧည့်သည်များအား ဒေသခံများက ဧည့်ခံကျွေးမွေးကြရာ ဧည့်သည်များကလည်း အလွန်ကြိုက်နှစ်သက်သော အစားအစာတစ်ခုဖြစ်သည်။

ဒေသလက်လုပ်မုန့်များ ပြုလုပ်ရောင်းချရာတွင် ရောင်းအားကောင်းရင် ကောင်းသလောက် တစ်ရက်လျှင် ကျပ် ၂၀၀၀၀၊ ကျပ် ၃၀၀၀၀ အထိရကြောင်း မုန့်ခေါင်းဖြီး၊ ထိုးမုန့်၊ မုန့်ကမဲနို့၊ ရှမ်းမုန့်စောင်ခြုံ၊ မုန့်ပတ်စလစ်စသည်များကို ပြုလုပ်ရောင်းချနေသည့် မြစ်ငယ်ဈေးမှ ဒေါ်ကြည်က ပြောသည်။ မိဘလက်ထက်ကတည်းက လက်လုပ်မုန့်များကို လူငယ်များက ဆက်မလုပ်ကြဘဲ တခြားအလုပ်ကို ပြောင်းလုပ်ကြသဖြင့် မိဘ၏ ရိုးရာမုန့်များကို မျိုးဆက်များက ဆက်လက်လုပ်ကိုင်ခြင်းမရှိတာကြောင့် အများကြီးကွယ်ပျောက်ကုန်ကြောင်း ဒေသမုန့်များ ၄၅ နှစ်ကြာ ပြုလုပ်ရောင်းချလျက်ရှိသည့် ဒေါ်စန်းကြူထံမှ သိရသည်။

မြိတ်ရိုးရာ အစားအသောက်ဈေးတန်းနှင့်ပတ်သက်ပြီး အထင်ကရ ရေကန်ပေါင်အနီးတွင် အစားအသောက်များကို စားသောက်ရင်း၊ အပန်းဖြေတဲ့ နေရာလေးတစ်ခုဖြစ်တဲ့အတွက် သန့်သန့်ရှင်းရှင်း၊ သပ်သပ်ရပ်ရပ်နဲ့ အစားအစာများ မြိတ်ဒေသထွက်ကုန်များ ရောင်းမည်ဆိုလျှင် စည်ကားလာမယ်လို့ မျှော်လင့်ပါကြောင်း၊ ရိုးရာအစားအသောက်များ၊ ဒေသထွက်ကုန်များကို တစုတစ်စည်းတည်းဖြင့် သပ်သပ်ရပ်ရပ် ရောင်းချနိုင်အောင် နေရာအတည်တကျ စီစဉ်ပေးသွားမည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီး ဦးဖြိုးဝင်းထွန်းက ပြောသည်။

မြိတ်ရိုးရာအစားအစာများကို မုန့်ဈေးတန်းတွင် စနစ်တကျ လာရောက်ရောင်းချနိုင်ရေး မြို့နယ် စည်ပင်သာယာရေးကော်မတီမှ ကြေညာပေးသွားမည်ဖြစ်ကာ မုန့်ဈေးတန်းတွင် ကနဦး ဆိုင်ခန်း ၃၀ စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပြီး မကြာမီ ဖွင့်လှစ် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး (မြိတ် ပြန်/ဆက်)

မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၈၀၀ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ဖယ်ခုံ စက်တင်ဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၈၀၀ ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်းအေးမောင်က အဖွင့်အမှာစကားပြောကြားပြီး ဖယ်ခုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖိုးမောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်တို့က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများကိုပေးအပ်ရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် မြို့နယ်အတွင်းမှ ဖာလိုင်၊ နန်းပေါ်လုံ၊ ဝရီဆူးပလိုင်၊ စက်တော်၊ ပြင်ဆောင်နှင့် လွယ်ယင်းတောင်ခြေစသည့် ကျေးရွာခြောက်ရွာ ခြောက်ယူနစ်အတွက် တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ စီဖြင့် ရန်ပုံငွေကျပ်သိန်း ၁၈၀၀ ကို တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာကော်မတီများထံ ယူနစ်အလိုက်ပေးအပ်ခဲ့ကြပြီး မြစိမ်းရောင်ကျေးရွာကော်မတီအဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တစ်ယူနစ်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၁၃ယူနစ် ၂၈ ရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရှစ်ယူနစ် ကိုးရွာ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ခြောက်ယူနစ် ဖယ်ခုံမြို့နယ်အတွင်း စုစုပေါင်းမြစိမ်းရောင်ကျေးရွာ ၂၈ ယူနစ် ၄၄ ရွာအတွက် အရင်းမပျောက်မတည်လည်ပတ်ရန်ပုံငွေ တစ်ယူနစ်လျှင် ကျပ်သိန်း ၃၀၀ စီ မတည်ထုတ်ပေးခဲ့ပြီး ယင်းလည်ပတ်ရန်ပုံငွေသုံးစွဲမှုအား အလေအလွင့်မရှိစေရေးနှင့် စနစ်တကျစီစဉ်ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီများ ဖွဲ့စည်း၍ ကျေးရွာကော်မတီဝင်များ ရွေးချယ်ရာတွင် ကျေးရွာပြည်သူများမှ ဆန္ဒမဲပေးရွေးချယ် တင်မြှောက်ခဲ့ကြသည်။

ကော်မတီ၏ အဓိကတာဝန်ဖြစ်သော မြစိမ်းရောင်ရန်ပုံငွေ လျော့ပါးမှုမရှိစေရေးနှင့် လှည့်ပတ်ရန်ပုံငွေ ထုတ်ယူသုံးစွဲခြင်းအပေါ် စာရင်းဇယားများပြုစု၍ ထိန်းသိမ်းခြင်းနှင့် မတည်ရန်ပုံငွေ အရင်းမပျောက်စေရန်အတွက် တာဝန်ခံဆောင်ရွက်ကြရမည်ဖြစ်ပြီး အခြားငွေထုတ်ချေးခြင်းကိစ္စများနှင့် ပတ်သက်၍လည်းကောင်း၊ အိမ်ထောင်စု အလိုက် ဆင်းရဲနွမ်းပါးမှုအပေါ် အခြေခံ၍လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် စီးပွားရေးလုပ်ငန်းများတွင် အမှန်တကယ်လုပ်ကိုင်သူများကို ကော်မတီမှ စိစစ်ရွေးချယ်၍ ထုတ်ချေးပေးရမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် ကယန်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဦးခွန်းအေးမောင်နှင့် ဖယ်ခုံမြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖယ်ခုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်သန်းနှင့် ဝန်ထမ်းများ၊ စီမံကိန်းကျေးရွာများမှ ကော်မတီဝင်များတက်ရောက်ကြောင်း သိရသည်။

ကိုထွေး(ဖယ်ခုံ)

နယ်လှည့်စာကြည့်တိုက် အသိပညာပေးဟောပြော

ကျောက်ဆည် စက်တင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ ပရိဘောဂပစ္စည်းများတိုးပွားရေး၊ ဘဏ္ဍာငွေရှာကြံရေး၊ စာအုပ်စာစောင်များ တိုးပွားရေးနှင့် စာဖတ်သူတိုးပွားရေးတို့ကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက တောင်နောက်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စောလွင်က ကျေးရွာနေပြည်သူများအား နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ် စာစောင်ပြပွဲ ကျင်းရခြင်းအကြောင်း ကျေးရွာရှိကလေးသူငယ်များအား ပြောကြား၍ ပန်းချီဆွဲနည်း၊ ပုံပြင်ပြောနည်း၊ ဆေးရောင်ခြယ်နည်းနှင့်ရောင်စုံစက္ကူဖြင့် အရုပ်ချိုးနည်း၊ ပန်းပွင့်ပုံဖော်နည်းများကို လက်တွေ့သရုပ်ပြခဲ့ကြသည်။ တက်ရောက်လာသူများက နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်ပြပွဲကိုစိတ်ပါဝင်စားစွာ လေ့လာကြကြောင်း သိရသည်။

ခင်မောင်လွင်

SHWE TAUNG
Real Estate

Shwe Taung Real Estate မှ Customer များအား ကျေးဇူးတုံ့ပြန်သောအနေဖြင့် ပြုလုပ်မည့်ဂုဏ်ပြုပွဲနှင့် အိမ်ရာအရောင်းပွဲ

(၂၅)နှစ်ပြည့်အထိမ်းအမှတ်အနေဖြင့် Shwe Taung Real Estate မှ တိုက်ရိုက်ဝယ်ယူခဲ့ကြသော Customer များ နှင့် အသစ်ဝယ်ယူမည့် Customer များ အတွက်

ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာတိုက်ခန်းရှိ အခန်းတစ်ခန်း
ပိုင်ဆိုင်နိုင်မည့် Lucky Draw Coupon ရရှိမည့်အခွင့်အရေး

Completed Project များတွင် အခန်း Handover လွှဲပြောင်းယူရန် ကျန်ရှိနေသော Customer များအတွက် Special Service တစ်ခုအနေဖြင့်

One - Stop Service ပုံစံဖြင့်
အခန်းများ Handover လွှဲပြောင်းယူနိုင်မည့်အခွင့်အရေး

အသင့်နေထိုင်နိုင်မည့်အခန်းများနှင့် ထပ်မံဆောက်လုပ်မည့် Landed House များအား ဘဏ်များနှင့်ချိတ်ဆက်ပြီး

(၅)နှစ် မှ (၁၅)နှစ်အထိ နှစ်ရှည်အရစ်ကျစနစ်ဖြင့်
ဝယ်ယူနိုင်မည့်အခွင့်အရေး

အထူးအခွင့်အရေးတစ်ခုအနေဖြင့် **Newly Completed Luxury Project** များ အား ပွဲရက်အတွင်းလာရောက်လေ့လာသော **Cusotmer များမှအခန်းများသို့ ကိုယ်တိုင်ကိုယ်ကျ** လာရောက်လေ့လာနိုင်မည်ဖြစ်ကြောင်းသတင်းကောင်းပါးလိုက်ပါရစေ...

ပွဲရက်တွင် **Shwe Taung Real Estate** မှ အသစ်ထပ်မံ ဆောက်လုပ်သွားမည့် Housing Project များဖြစ်သော **Shop House, Town House, Home Office** များလည်းရောင်းချသွားမည်ဖြစ်ပါသောကြောင့် လေ့လာနိုင်ရန် ထပ်မံသတင်းကောင်းပါးလိုက်ပါရစေ....

ပွဲရက်အတွင်း ဝယ်ယူသော Customer များအတွက် ....

- ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာတိုက်ခန်းရှိ အခန်းတစ်ခန်းအား အထူးခံစားခွင့်များနှင့်အတူ ကံစမ်းမဲနှိုက်ခွင့်ရမည့်အခွင့်အရေး
- Spin the wheel ကစားပြီး စိတ်ဝင်စားစရာ လက်ဆောင်များရယူနိုင်မည့်အခွင့်အရေး

Terms & Conditions Apply

ပြပွဲနေရာ	- Junction Square Open Plaza Promotion Area၊ ကျွန်းတောလမ်းနှင့်ပြည်လမ်းကြား၊ ကမာရွတ်မြို့နယ်။
ပြပွဲရက်နှင့် အချိန်	- ၂၃ ရက်နေ့ မှ ၂၄ ရက်နေ့ အထိ ၊ နံနက် ၉နာရီ မှ ၈နာရီ အထိ။
ဖုန်းနံပါတ်	- ၀၁ ၂၃၀၀၀၇၇ ~ ၇၈၊ ၀၉ ၉၇၇၈၃၀၂၄၂၊ ၀၉ ၉၇၇၈၃၀၂၇၂။

NEW MOTION Travels & Tours

★ ရွှေတိဂုံ ... Oct; 4

★ မန္တလေး ခရီးစဉ်	Oct; 4	★ တလော - ကျိုက်ထီးရိုးခရီးစဉ်	Oct; 4
★ ပုဂံ ခရီးစဉ်	Oct; 4	★ ထားဝယ် - မော်လမြိုင်ခရီးစဉ်	Oct; 4
★ ချင်း ခရီးစဉ်	Oct; 4	★ မြဝတီ - ...	Oct; 4

အမှတ်-16၊ ... Ph ; 09 73148922, 09 260792879, 09 260792878, 527 922 , 538 811

ဂုဏ်ယူဝမ်းမြောက်ခြင်း

သူငယ်ချင်းဖြူဖြူအိ (ပါမောက္ခဌာနမှူး၊ အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်) သည် ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ ပေးအပ်သော ပါရဂူဘွဲ့ (PhD) ကို ၂၀၁၇ခုနှစ်၊ စက်တင်ဘာလတွင်ထိုက်တန်စွာရရှိသွားသဖြင့် သူငယ်ချင်းများမှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း. . . .

ဒေါက်တာဖြူဖြူအိဘောဂဗေဒပညာရပ်ဖြင့်တိုင်းပြည် အကျိုးစီးပွားကိုပိုမိုထမ်းရွက်နိုင်ပါစေ. . . .

၈၄ ဘောဂဗေဒသူငယ်ချင်းများ

7Stars ရာထူးဝင်သင်တန်းကြီး

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ကြော်ငြာစာအမှတ် (၃/၂၀၁၇) ဖြင့် ခေါ်ယူသော ဝန်ကြီးဌာန (၁၁)ခုအတွက် လစ်လပ်ရာထူး ၃၀၀ နေရာ

ပုံမှန်တန်းခွဲ / အချိန်းကပ်တန်းခွဲများ စပြီ ။

သင်တန်းတက်ရောက်ရန် အချိန်မရသူများအတွက် အပြည့်စုံဆုံးနှင့် အကောင်းဆုံး ပြုစုထားသော မှတ်စုစာအုပ်များကိုလည်း ရောင်းချပေးနေပါပြီ ။

7 Stars ၏ ... သင်တန်းသား / ...

မန္တလေး – ... (02 - 69701)
နေပြည်တော် – ...
မကွေး – ... (09 - 965340474) မော်လမြိုင် – ... 09-425322625
ပုသိမ် – ... (09 - 5200159) ရန်ကုန်မြို့ – 7 Stars ရာထူးဝင်သင်တန်းကြီး
ပဲခူး – ... (071 - 21357)

တိုက် (18/3B) ၊ သခြင်းမြို့ (ခ) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း၊ ရန်ကုန်မြို့ ။
09- 789107733 , 09- 780080052 , 09- 421052736 , 09- 799860155

ပြင်ဆင်ဖတ်ရှုပါရန်

